ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**ချမ်းသာခြင်းအကြောင်းတရား**

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါဠိ(ဓမ္မပဒ-၁၁၈)

၁၃၈၀ ပြည့်နှစ် ဒုတိယဝါဆိုလပြည့်ကျော် ၁၃ ရက်၊ ကြာသပတေးနေ့။ Thursday 9 August 2018 ၄၃၇၃

# နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဝင်းမြင့်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

**နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး**

တွေ့ဆုံစဉ် မြန်မာ-အစ္စရေး နှစ်နိုင်ငံဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှု ပိုမိုမြင့်တင်ရေး၊ စိုက်ပျိုးရေးကဏ္ဍ၊ စက်မှုကဏ္ဍ၊ နည်းပညာကဏ္ဍတို့တွင် ပူးပေါင်းဆောင်ရွက်မှုများမြင့်တင်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍတွင် ပိုမိုပူးပေါင်းဆောင်ရွက်ရေး စသည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

**တက်ရောက်**

တွေ့ဆုံပွဲသို့ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



နိုင်ငံတော်သမ္မတ ဦးဝင်းမြင့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံသံအမတ်ကြီး H.E. Mr. Daniel Zonshine အား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာပေးပို့

စာမျက်နှာ » ၃



## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာပေးပို့

စာမျက်နှာ » ၃



ရခိုင်ပြည်နယ်ဆိုင်ရာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ အစည်းအဝေးကျင်းပ

စာမျက်နှာ » ၆

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ စာပေဆွေးနွေးပွဲ စကားဝိုင်းတွင်ပါဝင်ဆွေးနွေးကြမည့် လူငယ်များ၏ စကားသံများ

စာမျက်နှာ » ၇

စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

စာမျက်နှာ » ၁၀

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# မူးယစ်ဆေးဝါးအန္တရာယ် ထိရောက်စွာတိုက်ဖျက်

နိုင်ငံတော်သမ္မတရုံးတွင်ဖွင့်လှစ်ထားသော မူးယစ်ဆေးဝါးအထူးသတင်းတိုင်ကြားရေးဌာနသို့ ဆက်သွယ်တိုင်ကြားလာသော သတင်းများအရ ၂၀၁၈ ခုနှစ် ဇွန်လ ၂၉ ရက်မှ ဩဂုတ်လ ၄ ရက်နေ့အထိ စုံစမ်းဖော်ထုတ်ခဲ့ရာ အမှုပေါင်း ၁၀၉ မှု ဖွင့်လှစ်အရေးယူခဲ့ပြီး ကျား၊ မ ၁၆၆ ဦး ဖမ်းဆီးရမိခဲ့ကြောင်း ဩဂုတ်လ ၆ ရက်နေ့က နိုင်ငံတော်သမ္မတရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

မူးယစ်ဆေးဝါး အထူးသတင်းတိုင်ကြားရေးဌာနကို နိုင်ငံတော်သမ္မတရုံးတွင် ဖွင့်လှစ်ထားကြောင်း ဇွန်လ ၂၆ ရက်နေ့က အများပြည်သူသို့ အသိပေးထုတ်ပြန်ကြေညာခဲ့ရာ ဌာနဖွင့်လှစ်ပြီးနောက်မှစ၍ ပြည်သူများက အသိပေးတိုင်ကြားလာခဲ့ကြပြီး နှစ်လနီးပါး အချိန်ကာလအတွင်း ယခုကဲ့သို့ မူးယစ်ဆေးဝါးအမှုများကို ဖော်ထုတ်အရေးယူနိုင်ခဲ့ခြင်းဖြစ်ပေသည်။

ဖမ်းဆီးရမိသည့်အမှုပေါင်း ၁၀၉ မှုကို ကြည့်ပါက နိုင်ငံအတွင်း နေရာဒေသစုံမှ ဖြစ်သော်လည်း ဖမ်းဆီးရမိခဲ့သည့် မူးယစ်ဆေးဝါး ပမာဏမှာ နည်းပါးနေသေးကြောင်း၊ သတင်းပေးတိုင်ကြားမှုများအရ ဖြန့်ဖြူးရောင်းချသည့် ဝယ်လက်လေးများနှင့် သုံးစွဲသူများကိုသာ ဖမ်းဆီးနိုင်သေးကြောင်း တွေ့ရှိရမည်ဖြစ်သည်။

အမှန်တကယ်တွင် မူးယစ်ဆေးဝါးအမှုများနှင့်ပတ်သက်၍ ဖြစ်စဉ်များကို လေ့လာကြည့်မည်ဆိုပါက မြန်မာနိုင်ငံအတွင်း မူးယစ်ဆေးဝါး စိတ်ကြွရူးသွပ်ဆေးပြားများကို သိန်းနှင့်သန်းနှင့်ချီ၍ ဖမ်းဆီးရမိခဲ့သော ဖြစ်စဉ်များရှိခဲ့သည်ကို တွေ့ရှိရမည်ဖြစ်သည်။ ထိုကဲ့သို့ဖမ်းမိသော ဖြစ်စဉ်များတွင် မူးယစ်ဆေးဝါး ထုတ်လုပ်သူ၊ ရောင်းဝယ်ဖောက်ကားသူ စသည့် အမှန်တကယ် လက်ကြီးသမားများကို ဖမ်းဆီးရမိခြင်းမရှိဘဲ လက်ဝယ်တွေ့သည့် သုံးစွဲသူ၊ အခကြေးငွေဖြင့် သယ်ဆောင်သူ၊ ပိုင်ရှင်မဲ့ စသည်တို့ကိုသာ ဖမ်းဆီးရမိခဲ့သည့် ဖြစ်စဉ်များသာဖြစ်သည်ကို သတိပြုမိကြလိမ့်မည်ဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေး မူဝါဒသစ်တစ်ရပ်ကို မကြာသေးမီက ရေးဆွဲပြဋ္ဌာန်းထားပြီးဖြစ်သည်။ အမျိုးသားမူးယစ်ဆေးဝါးထိန်းချုပ်ရေးမူဝါဒသစ်အရ ဘိန်းစိုက်ပျိုးထုတ်လုပ်မှု လျှော့ချရေးနှင့် အစားထိုးဖွံ့ဖြိုးရေး၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးအတွက် သုံးစွဲမှုနှင့် နောက်ဆက်တွဲ အန္တရာယ်လျှော့ချရေး၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ သုတေသနလုပ်ငန်းများ တိုးမြှင့်ရေးနှင့် လူ့အခွင့်အရေးပြဋ္ဌာန်းချက်များနှင့်အညီဖြစ်စေရေး စသည့်ကဏ္ဍပေါင်းစုံပါဝင်ပြီး မူးယစ်ဆေးဝါးပြဿနာ လျှော့ချခြင်းအားဖြင့် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အလေးထား ဆောင်ရွက်သွားနိုင်မည်ဖြစ်သည်။

ထို့အတူ နိုင်ငံတော်သမ္မတကလည်း မူးယစ်ဆေးဝါးပြဿနာများ နှိမ်နင်းရာတွင် အဓိကထုတ်လုပ်၊ ဖြန့်ဖြူး၊ သိုလှောင်သည့် လက်ကြီးသမားများကို ဦးစားပေးနှိမ်နင်းရန်နှင့် မူးယစ်ဆေးဝါးရောင်းဝယ်ဖောက်ကားမှုများကို မသိချင်ယောင်ဆောင်ထားမှု၊ သိလျက်နှင့်လွှတ်ထားမှု ဖြစ်စဉ်မျိုးများဖြစ်လာလျှင် အဓိကတာဝန်ရှိသူများကို ဦးစားပေးအရေးယူရန် လမ်းညွှန်မှာကြားထားသည်ကိုလည်း တွေ့ရသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံအတွင်း လူငယ်ထုတစ်ရပ်လုံးကို အန္တရာယ်ပေးနေပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် အဟန့်အတားဖြစ်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ပြည်သူများနှင့် တာဝန်ရှိသူများအပိုင်းက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ထိထိရောက်ရောက် ပူးပေါင်းတိုက်ဖျက်ရမည်ဖြစ်သကဲ့သို့ မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကို လူငယ် လူရွယ်များအကြား ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရန် အသိပညာပေးလုပ်ငန်းများကိုလည်း ပိုမိုတိုးမြှင့် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm




## လူငယ် ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)


၂၀၁၈ ခုနှစ်၊ ဩဂုတ်လ (၁၁၊ ၁၂၊ ၁၃)ရက်၊ ( စနေ၊ တနင်္ဂနွေ၊ တနင်္လာ )

နံနက်(၉)နာရီမှ ညနေ (၅)နာရီအထိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း ကျင်းပမည်ဖြစ်၍မည်သူမဆို ပါဝင်ဆင်နွှဲနိုင်ပါသည်။

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)တွင် လူငယ်ဆိုင်ရာ စကားဝိုင်းများ ကျင်းပမည်


အဆိုတော် အောင်ထက်


အဆိုတော်ယုန်လေး


အဆိုတော် J- Fire


အကယ်ဒမီ ပိုင်ဖြိုးသု

**မန္တလေး ဩဂုတ် ၈**

၂၀၁၈ ခုနှစ် ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ ကျင်းပမည့် လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော် (မန္တလေး)တွင် နိုင်ငံကျော်အနုပညာရှင်များ၊ လူငယ်အဖွဲ့အစည်းအသီးသီးမှ လူငယ်များက စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပမည်ဖြစ်သည်။

မန္တလေးတက္ကသိုလ် အင်းဝ(၉)ခန်းမ၌ လူငယ်များ၏ အနုပညာဖန်တီးလိုမှု၊ အနုပညာရပ်များအပေါ် ခံစားသက်ဝင်မှုများနှင့်ပတ်သက်၍ အနုပညာလိုက်စားလူငယ်များ စကားဝိုင်းဆွေးနွေးပွဲများကို ဩဂုတ် ၁၁ ရက် မွန်းလွဲ ၂ နာရီမှ ၄ နာရီအထိ အကယ်ဒမီ ပိုင်ဖြိုးသု၊ စာရေးဆရာမ ချောအိမာန်(မန္တလေး)နှင့် ပန်းချီဆရာမ နန္ဒာမြင့်(မီးအိမ်ရှင်) တို့ကလည်းကောင်း၊ ဩဂုတ် ၁၂ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အဆိုတော်ယုန်လေး၊ အဆိုတော် J- Fire နှင့် စာရေးဆရာမ မေသကြံန်ဟိန် တို့ကလည်းကောင်း၊ ဩဂုတ် ၁၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အဆိုတော် အောင်ထက်နှင့် စန္ဒရားထက်လူဦး တို့က လည်းကောင်းဆွေးနွေးကြမည်ဖြစ်သည်။

ထို့ပြင် မန္တလေးတက္ကသိုလ် လေးထပ်ဆောင်တွင် ဩဂုတ် ၁၁ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ စွန့်ဦးတီထွင်လူငယ်များ ခေါင်းစဉ်ဖြင့် ဒေါက်တာကေသရီကျော်၊ ကိုနိုင်ဝင်းထက်၊ ကိုစောရန်နိုင်၊ ဒေါက်တာအင်ကြင်းခိုင်တင်၊ ကိုအေးမင်းထွေး တို့ကလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ Digital Literacy ခေါင်းစဉ်ဖြင့် ကိုနေဝင်းအောင်၊ မကြည်စင်ရွှေ၊ ကိုငြိမ်းချမ်းဝေ၊ ကိုစိုင်းအွန်ခေး၊ မဇင်ငြိမ်းအေးတို့ကလည်းကောင်း၊ ဩဂုတ် ၁၂ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လူငယ်နှင့် အနာဂတ်ဘဝလမ်းကြောင်းရွေးချယ်မှု ခေါင်းစဉ်ဖြင့် မမြတ်မွန်ဇော်၊ ဒေါက်တာဝေယံပိုင်၊ ဒေါက်တာမြကေခိုင်ဝင်း၊ မစုဇန်ဝင်းလတ်၊ ကိုအောင်ဌေးမြင့် တို့ကလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ လူငယ်နှင့် ဘက်စုံဖွံ့ဖြိုးမှု ခေါင်းစဉ်ဖြင့် မနန်းသင်းမြတ်စုအောင်၊ ကိုကောင်းထက်သာ၊ မမြဖူးငုံ၊ ကိုမြတ်သိန်းထွန်း၊ ကိုအောင်ကိုကိုတိုး(မင်းသေ့)၊ မငုနွေတို့ကလည်းကောင်း၊ ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီမှ ၁၂ နာရီအထိ လူငယ်ရေးရာမူဝါဒ၏ အကျိုးသက်ရောက်မှုများ ခေါင်းစဉ်ဖြင့် ကိုအောင်ဌေးမြင့်၊ ကိုလင်းသီဟ၊ ကိုမျိုးမြင့်ထွန်း၊ မမေစန္ဒာစိုး တို့ကလည်းကောင်း၊ မွန်းလွဲ ၂ နာရီမှ ညနေ ၄ နာရီအထိ အနာဂတ်မြန်မာနိုင်ငံနှင့် လူငယ်များ၏ အခန်းကဏ္ဍခေါင်းစဉ်ဖြင့် ကိုတေဇာစန်း၊ မဝင်းနန္ဒာထွဋ်ခေါင်၊ ကိုသန်းမြတ်စိုး၊ ကိုဒေးဗစ်၊ ကိုထန်းအော် တို့ကလည်းကောင်း ပါဝင်ဆွေးနွေးကြမည်ဖြစ်ပြီး မည်သူမဆို တက်ရောက်နိုင်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၈**

ရန်ကုန်(ရွှေဈေး) ၉၄၈၅၀၀ - ၉၄၈၅၀၀ မန္တလေး(ရွှေဈေး) ၉၄၈၅၀၀ - ၉၄၈၅၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၀ ကျပ်၊ | ၉၆၀/၉၇၀ ကျပ် |
| ( ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၅/၉၆၀ ကျပ်၊ | ၁၀၂၀ ကျပ် |
| ( ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၉၀/၉၁၀ ကျပ်၊ | ၉၅၅/၉၇၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၅/၉၅၀ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၉၀၀/၉၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၁၅ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၆၅/၈၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က ) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၃၈. ၀ |
| ( ခ ) | ဥရောပ | တစ်ယူရို | = | ၁၆၆၈. ၃ |
| ( ဂ ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၄၉ |
| (ဃ ) | ထိုင်း | တစ်ဘတ် | = | ၄၃. ၂၈၇ |
| ( င ) | မလေးရှား | တစ်ရင်းဂစ် | = | ၃၅၂. ၆၇ |
| ( စ ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၉၅၃ |
| (ဆ ) | ဂျပန် | တစ်ရာယန်း | = | ၁၂၉၀. ၈ |
| ( ဇ ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈. ၄၀ |
| ( ဈ ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၈. ၂ |
| (ည ) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၅၄. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
ခေတ္တစာတည်းမှူးချုပ် - ဦးဝင်းရွှေ
စာတည်းမှူးများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
စာတည်းများ - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း

# ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

## ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် အခမ်းအနားသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၈**

ပြည်ထောင်စုလွှတ်တော်နာယကထံမှ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်က ရှစ်လေးလုံး အရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနားသို့ ပေးပို့သော သဝဏ်လွှာ**

ယနေ့ကျင်းပပြုလုပ်တဲ့ ရှစ်လေးလုံးအရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနားသို့ တက်ရောက်လာကြတဲ့ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပြီး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ ချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့ရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။

လွှတ်တော်များဟာ ဒီမိုကရေစီစနစ်ရဲ့ အခြေခံအုတ်မြစ်ဖြစ်သလို နိုင်ငံ တစ်နိုင်ငံ၏ အသက်ဝိညာဉ်၊ အသက်သွေးကြောများဖြစ်တယ်လို့ ပြောစမှတ်ပြုကြပါတယ်။ ဥပဒေပြုအာဏာကို ကျင့်သုံးကြရတဲ့ လွှတ်တော်များဟာ ပြည်သူများကို ကိုယ်စားပြုပြီး ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့သဘောထားနဲ့ ပြည်သူများရဲ့ လိုအပ်ချက်များကို သိရှိခံစားပြီး ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်အောင် ကြိုးစားဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံတော်က ချမှတ်ထားတဲ့ မူဝါဒ၊ လုပ်ငန်းစဉ်များကို အခြေခံပြီး ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီး ဖြစ်ထွန်းပေါ်ပေါက်လာရေးအတွက် ပြည်ထောင်စုလွှတ်တော်ကိုယ်စားလှယ်များနဲ့အတူ မိမိ၏ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသရွေ့ အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်နေတာကို အားလုံးအသိပဲဖြစ်ပါတယ်။

ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးမှာ ပြည်သူလူထုက ချက်ချင်းအကောင်အထည်ပေါ်လာမှုကို မြင်တွေ့လိုကြသော်လည်း ဒီမိုကရေစီ၏ ပင်ကိုအခြေခံသဘောတရားအရ တစ်ခါတစ်ရံမှာ လက်ငင်းအဖြေထွက်ဖို့ထက် အချိန်ကာလတစ်ခုယူရန် လိုအပ်တာကိုလည်း သတိပြုကြရမှာဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေကာမူ (၂၁) ရာစု၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်းနိုင်ရန် စစ်မှန်သော ဒီမိုကရေစီစနစ်မှတစ်ပါး အခြားစနစ်မရှိတော့ပါကြောင်း ပြောကြားလိုပါတယ်။

ဒီမိုကရေစီစနစ် ပိုမိုခိုင်မာလာအောင် အရှိန်အဟုန်မြှင့်တင်ပြီး ဆက်လက်လုပ်ဆောင်သွားကြရမှာဖြစ်သလို နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး ပူးပေါင်းဆောင်ရွက်မှုများကိုလည်း မဖြစ်မနေ ဆက်လက်ဆောင်ရွက်သွားကြရဦးမှာဖြစ်ပါတယ်။

နိုင်ငံသားအားလုံးကလည်း တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ပြည်သူများရဲ့ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို ရည်ရွယ်၍ ပါတီစွဲ၊ လူမျိုးစွဲ၊ ဒေသစွဲ၊ ဘာသာစွဲ၊ အယူဝါဒစွဲများ မထားရှိကြဘဲ နိုင်ငံတော်နှင့် ပြည်သူလူထု အကျိုးစီးပွားဖြစ်ထွန်းမှုအတွက် မိမိတို့အားလုံးအတူဝိုင်းဝန်းကူညီ ပူးပေါင်းလုပ်ဆောင်သွားကြဖို့ လိုအပ်မှာဖြစ်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့ရဲ့ ဒီမိုကရေစီပြုပြင်ပြောင်းလဲရေး ခရီးစဉ်ကို ကြိုးပမ်းဖော်ဆောင်ကြရာမှာ မိမိတို့ကျရာ အခန်းကဏ္ဍကနေပြီး နိုင်ငံတော်နဲ့ ပြည်သူများအပေါ် စိတ်ရင်းစေတနာမှန်ကန်စွာနဲ့ အမြော်အမြင်ရှိရှိ နည်းလမ်းမှန်မှန်ဖြင့် ကိုယ်စီတာဝန်များ ကျေပွန်အောင် ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြခြင်းဖြင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုတစ်ရပ် ပေါ်ထွန်းလာရေး လုပ်ငန်းစဉ်များ ပိုမိုတိုးတက်လာမည်ဟု ယုံကြည်မျှော်လင့်ပါကြောင်း နှုတ်ခွန်းဆက်စကား ပြောကြားလိုက်ပါတယ်။

**ဦးတီခွန်မြတ်**
**နာယက**
**ပြည်ထောင်စုလွှတ်တော်**



# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

## အစ္စရေးသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၈**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ အစ္စရေးနိုင်ငံ သံအမတ်ကြီး H.E. Mr. Daniel Zonshine အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(ဓါတ်ပုံ)**

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

တွေ့ဆုံစဉ် အစ္စရေး-မြန်မာ နှစ်နိုင်ငံလွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ စိုက်ပျိုးရေးကဏ္ဍဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် နည်းပညာ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

## ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနားသို့ သဝဏ်လွှာပေးပို့

**နေပြည်တော် ဩဂုတ် ၈**

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းထံမှ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ ပေးပို့သည့် သဝဏ်လွှာအပြည့်အစုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်-

**ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားဖြစ်မြောက်ရေး ကော်မတီသို့ ပေးပို့သော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ သဝဏ်လွှာ**

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၈ ရက်နေ့တွင် ကျရောက်သော ရှစ်လေးလုံး အရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနားသို့ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် သဝဏ်လွှာပေးပို့အပ်ပါသည်။

မြန်မာနိုင်ငံ၏ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံမှသည် တစ်ပါတီစနစ်မှ ပါတီစုံဒီမိုကရေစီစနစ်သို့ ကျင့်သုံးရန် ဦးတည်နိုင်ခဲ့ပြီး ဒီမိုကရေစီနိုင်ငံတော်သစ်တည်ဆောက်ရေးလမ်းကြောင်းပေါ်သို့ ရောက်ရှိခဲ့ကြပြီ ဖြစ်ပေသည်။

မြန်မာနိုင်ငံ၌ နှစ်အတော်ကြာ ပျောက်ကွယ်ခဲ့သည့် နိုင်ငံရေးမျိုးဆက်တို့ ပြန်လည်ရှင်သန်ခွင့်ရရှိခဲ့ပြီး ဒီမိုကရေစီတောင်းဆိုမှု၏ အကြီးမားဆုံး လူထုလှုပ်ရှားမှုကြီးအဖြစ် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံတွင် တည်ရှိခဲ့ပြီး ဖြစ်ပေသည်။

ပြည်သူလူထုကြီး တစ်ရပ်လုံး နှစ်ပေါင်းများစွာ မျှော်လင့်တောင့်တလျက်ရှိသည့် ပြည်ထောင်စုငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီး ပေါ်ပေါက်လာစေရန် ယခုအချိန်တွင် ရင်ဆိုင်ကြုံတွေ့နေရသည့် အခက်အခဲများ၊ စိန်ခေါ်မှုများ၊ ပဋိပက္ခများ မည်မျှပင် ကြုံတွေ့စေကာမူ ယုံကြည်ခြင်းကို သစ္စာပြု၍ အန္တိမရည်မှန်းချက်ကို အတူတကွ စုပေါင်းအင်အားဖြင့် တွဲလက်မဖြုတ်စတမ်း ကြိုးပမ်းတည်ဆောက်သွားကြရမည် ဖြစ်ပေသည်။

ရှစ်လေးလုံးအရေးတော်ပုံ နှစ် (၃၀)ပြည့် အခမ်းအနားမှသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ အမျိုးသားပြန်လည်သင့်မြတ်ရေးကို အလေးထားဆောင်ရွက်ပြီး အနာဂတ်ဒီမိုကရေစီဖက်ဒရယ် ပြည်ထောင်စုကြီးဆီသို့ နိုင်ငံသားတိုင်း မိမိတို့ တတ်စွမ်းသည့်ဘက်မှ နိုင်ငံတော်အတွက် အုတ်တစ်ချပ်၊ သဲတစ်ပွင့်ပမာ ပါဝင်အထောက်အပံ့ ပြုနိုင်ကြပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက် သဝဏ်လွှာပေးပို့အပ်ပါသည်။

**မန်းဝင်းခိုင်သန်း**
**ဥက္ကဋ္ဌ**
**အမျိုးသားလွှတ်တော်**

# ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပို့ကုန်၊ သွင်းကုန်အခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

၂၀၁၈ ခုနှစ် မေလအတွက် မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၉၃၃ ဒသမ ၀၉ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၅၈ ဒသမ ၃၅ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၃၉၁ ဒသမ ၄၄ သန်း ဖြစ်သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၉၉ ဒသမ ၆၁ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၇၀ ဒသမ ၅၃ သန်းနှင့် စုစုပေါင်း သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၉၇၀ ဒသမ ၁၄ သန်းဖြစ်သည်။ သို့ဖြစ်၍ ၂၀၁၈ ခုနှစ် မေလအတွက် စုစုပေါင်း ကုန်သွယ်မှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၃၃၆၁ ဒသမ ၅၈ သန်းဖြစ်ပြီး စုစုပေါင်းကုန်သွယ်မှုလိုငွေမှာ အမေရိကန်ဒေါ်လာ ၅၇၈ ဒသမ ၇၀ သန်း ဖြစ်ပေါ်ခဲ့သည်။

၂၀၁၈ ခုနှစ် ဧပြီလမှ မေလအတွင်း မြန်မာနိုင်ငံ၏ ပုံမှန်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁၆၇၄ ဒသမ ၅၅ သန်း၊ နယ်စပ်ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၇၈၀ ဒသမ ၀၃ သန်းနှင့် စုစုပေါင်း ပို့ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၄၅၄ ဒသမ ၅၈ သန်း တင်ပို့နိုင်ခဲ့သည်။ ပုံမှန်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၉၀၄ ဒသမ ၈၉ သန်း၊ နယ်စပ်သွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၄၇၈ ဒသမ ၁၇ သန်းနှင့် စုစုပေါင်းသွင်းကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၃၃၈၃ ဒသမ ၀၆ သန်းဖြစ်သဖြင့် ၂၀၁၈ ခုနှစ် ဧပြီလမှ မေလအတွင်း စုစုပေါင်းကုန်သွယ်မှု ပမာဏမှာ ၅၈၃၇ ဒသမ ၆၄ သန်းဖြစ်ပြီး ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၉၂၈ ဒသမ ၄၈ သန်း ဖြစ်ပေါ်ခဲ့ကြောင်း ဗဟိုစာရင်းအင်းအဖွဲ့မှ လစဉ်တင်ပြသော ပို့ကုန်၊ သွင်းကုန်အခြေအနေ အစီရင်ခံစာအရ သိရသည်။

**သတင်းစဉ်**

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

ယနေ့ကျင်းပသည့် ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့တွင် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် တင်သွင်းသည့် **အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနှင့် ပြည်သူကြား အပြန်အလှန်ယုံကြည်မှု မြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာ အကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

## မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူး ရာထူးတာဝန်များ အမျိုးသမီးများကို ခန့်အပ် တာဝန်ပေးရန် အစီအစဉ်ရှိ၊ မရှိ


အစည်းအဝေးတွင် လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း၏ **ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်၊ ခရိုင်နှင့် တိုင်းဒေသကြီး အုပ်ချုပ်ရေးမှူးရာထူးတာဝန်များကို အမျိုးသမီးများ ခန့်အပ်ထားရှိ တာဝန်ပေးအပ်ရန် အစီအစဉ်ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြည်ထဲရေးဝန်ကြီးဌာန အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ရည်မှန်းချက်ဖြစ်သည့် တရားဥပဒေစိုးမိုးရေး၊ ရပ်ရွာအေးချမ်းသာယာရေး၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် လုပ်ငန်းသဘာဝအရ အခြေအနေ အချိန်အခါမရွေး တာဝန်ထမ်းဆောင်နိုင်ရန် လိုအပ်ပြီး ဥပဒေအရအပ်နှင်းထားသော လုပ်ငန်းတာဝန်ကို ကျေပွန်စွာထမ်းဆောင်နိုင်ရန် ဝင်ပေါက်ရာထူးဖြစ်သော ဦးစီးအရာရှိ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ရာထူးနေရာများအတွက် ပြင်ပပုဂ္ဂိုလ်များကို အလုပ်လျှောက်လွှာခေါ်ယူခဲ့ရာတွင် လုပ်ငန်းသဘောသဘာဝအရ အမျိုးသားများကိုသာ ယခင်က သီးခြားခေါ်ယူခဲ့သည်များရှိခဲ့ပါကြောင်း၊ ထို့ပြင် ဌာနတွင်း အရာထမ်းငယ်ရာထူးများဖြည့်စွက်ရာတွင် လုပ်ငန်းသဘောသဘာဝအရ အမျိုးသားများကို ဦးစားပေးခဲ့ပြီး ရာထူးများတိုးမြှင့်ခန့်ရာတွင် အမျိုးသမီးဝန်ထမ်းများကို အမြင့်ဆုံးရာထူးအဖြစ် ဒုတိယညွှန်ကြားရေးမှူးအဆင့်အထိ ရာထူးတိုးမြှင့်ပေးခဲ့ပါကြောင်း။

အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနတွင် အုပ်ချုပ်ရေးမှူးရာထူးအဆင့်ဆင့်အတွက် လုပ်ငန်းသဘောသဘာဝအခြေခံ၍ အမျိုးသားဝန်ထမ်းများကို ဦးစားပေးရာထူးတိုးမြှင့်ခန့်ထားသော်လည်း ယခုအခါတွင် ပြောင်းလဲကျင့်သုံးလာသော လူမှုပတ်ဝန်းကျင်အမြင်၊ အုပ်ချုပ်ရေးသဘောတရားတို့ကို ချိန်ဆ၍ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများနှင့်အညီ တန်းစီဇယားအလိုက် ရာထူးတိုးမြှင့်ပေးလျက်ရှိသဖြင့် အမျိုးသမီးဝန်ထမ်းများသည်လည်း ထိုက်သင့်သော အရာထမ်းနေရာများ ရရှိလာမည်ဖြစ်ပါကြောင်း၊ လက်ရှိတာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်းငယ်အမျိုးသမီးများအနေဖြင့် ရာထူးများ အဆင့်ဆင့်တိုးမြှင့်ရရှိသည့်အချိန်တွင် အုပ်ချုပ်ရေးမှူးတာဝန်များကို ထမ်းဆောင်ခွင့် ရရှိလာကြမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော ကားများအား အမျိုးသားယာဉ်အန္တရာယ်/လမ်းအန္တရာယ်ကင်းရှင်းရေး ကောင်စီမှ စီမံချက်ရေးဆွဲ၍ ကြီးကြပ်ဆောင်ရွက်လျက်ရှိ

အင်းစိန်မဲဆန္ဒနယ်မှ ဦးမောင်မောင်ဦးက **ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးပေါ်တွင် သတ်မှတ်မိုင်နှုန်းအရှိန်ထက် ပိုမိုမောင်းနှင်နေသော ကားများအား မည်သို့မည်ပုံ ဖမ်းဆီးအရေးယူနေသည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက အမြန်လမ်းမကြီးတစ်လျှောက် သွားလာနေသော မော်တော်ယာဉ်များ ယာဉ်အန္တရာယ် ကင်းရှင်းနိုင်ရေးအတွက် စည်းကမ်းလိုက်နာရေးနှင့် သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်ပါက ယာဉ်အန္တရာယ်ဖြစ်စေနိုင်ခြင်းတို့နှင့်စပ်လျဉ်း၍ နိုင်ငံပိုင်သတင်းစာများတွင် ထည့်သွင်းကြော်ငြာခြင်း၊ SkyNet Up To Date အစီအစဉ်မှတစ်ဆင့် အသိပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ၂၀၁၆ ခုနှစ် စက်တင်ဘာ ၁ ရက်မှစ၍ အမြန်လမ်းမကြီးရဲတပ်ဖွဲ့သည် အမြန်လမ်းမကြီးပေါ် ဖြတ်သန်းသွားလာလျက်ရှိသော မော်တော်ယာဉ်များအနက် သတ်မှတ်မိုင်နှုန်းဖြစ်သည့် ကီလိုမီတာ ၁၀၀ အထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား ခေတ်မီ Red Flex (Radar System) စနစ်သုံး ရွေ့လျားတိုင်းတာဖမ်းဆီးသည့်စက်များ အသုံးပြု၍ ယာဉ်များ၏ ပုံရိပ်တည်နေရာ၊ အချိန်၊ ယာဉ်၏အရှိန်နှုန်းတို့ကို မှတ်တမ်းဓာတ်ပုံရယူပါကြောင်း။

အဆိုပါ မှတ်တမ်းဓာတ်ပုံများကို Viber စနစ်ဖြင့် တိုးဂိတ်များနှင့် မီနီတိုးဂိတ်များရှိ အမြန်လမ်းမကြီး ထိန်းသိမ်းပြုပြင်ရေးနှင့် ကြီးကြပ်ရေးအဖွဲ့၊ အမြန်လမ်းမကြီးရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ (အမြန်လမ်း)၊ သက်ဆိုင်ရာ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးအဖွဲ့များပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့များထံသို့ ပေးပို့ပြီး စည်းကမ်းဖောက်ဖျက်ခဲ့သည့် ယာဉ်မောင်းသူများအား ယင်းမှတ်တမ်းကိုပြသ၍ မော်တော်ယာဉ်ဥပဒေဖြင့် အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။



လေးမျက်နှာမဲဆန္ဒနယ်မှ ဦးဇော်မင်းသိန်း



ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူ

မော်တော်ယာဉ် ဥပဒေပုဒ်မ ၄၉ တွင် မည်သူမျှ အများပြည်သူဆိုင်ရာ နေရာတွင် မော်တော်ယာဉ်ကို သတ်မှတ်ထားသည့် အမြန်နှုန်းထက်ပို၍ မောင်းနှင်ခြင်း သို့မဟုတ် သတ်မှတ်ထားသည့် အမြန်နှုန်းအောက်လျှော့၍ မောင်းနှင်ခြင်း၊ ဘေးအန္တရာယ်ဖြစ်စေနိုင်သည့် မော်တော်ယာဉ်ကို မောင်းနှင်ခြင်း၊ မူးယစ်ဆေးဝါး သို့မဟုတ် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများသုံးစွဲ၍လည်းကောင်း၊ အရက်သေစာ မူးယစ်သောက်စား၍လည်းကောင်း မော်တော်ယာဉ်ကို မောင်းနှင်ခြင်းမပြုလုပ်ရဟု ပြဋ္ဌာန်းထားပါကြောင်း၊ အဆိုပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ပါက မော်တော်ယာဉ်ဥပဒေပုဒ်မ ၅၈ (က)တွင် ထိုသူကို တစ်လထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ငွေကျပ်ငါးသောင်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်ဟုပြဋ္ဌာန်းထားပါကြောင်း။

သို့ဖြစ်ပါ၍ ဒုတိယသမ္မတဦးဆောင်သော အမျိုးသားယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းရေးကောင်စီမှ စီမံချက်ရေးဆွဲ၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများ၊ ကော်မတီများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သတ်မှတ်မိုင်နှုန်းထက် ပိုမိုမောင်းနှင်သော မော်တော်ယာဉ်များအား ခေတ်မီရွေ့လျားတိုင်းတာစက်များဖြင့် အခိုင်အမာ မှတ်တမ်းရယူပြီး တည်ဆဲဥပဒေနှင့်အညီ သက်ဆိုင်ရာ တရားရုံးသို့ တရားစွဲတင်ခြင်း၊ သက်ဆိုင်ရာတရားရုံးများက တည်ဆဲဥပဒေပြဋ္ဌာန်းချက်နှင့်အညီ အမိန့်ချမှတ်ခြင်း ဖြစ်ပါကြောင်း၊ တရားရုံးမှငွေဒဏ်အမိန့်ချမှတ်၍ ရရှိသောဒဏ်ကြေးငွေကို ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေသို့ ပေးသွင်းလျက်ရှိပါကြောင်းနှင့် ယင်းလုပ်ငန်းစဉ်သည် တည်ဆဲဥပဒေနှင့်အညီ စနစ်တကျဆောင်ရွက်နေခြင်းဖြစ်ပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ(ခ)ဒေါ်ရှားမီး၊ သပိတ်ကျင်းမဲဆန္ဒနယ်မှ ဒေါက်တာဦးအောင်နိုင်နှင့် ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ရှင်းလင်းဖြေကြားသည်။

## One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း အဆိုကို လွှတ်တော်က မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်

ထို့နောက် ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ် တင်သွင်းသည့် **အစိုးရဌာနအဖွဲ့အစည်းများ၏ ဝန်ဆောင်ပေးမှုများကို ပြည်သူများ အမှန်တကယ်ရရှိခြင်းဖြင့် အစိုးရနှင့် ပြည်သူကြား အပြန်အလှန်ယုံကြည်မှု မြင့်တက်စေပြီး ဒီမိုကရေစီစနစ်ကို ပီပြင်စွာအကောင်အထည်ဖော်ရာတွင် အထောက်အကူပြုနိုင်သောကြောင့် One Stop Shop ကို One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော် ဆောင်ရွက်ပေးပါရန် ပြည်ထောင်စုအစိုးရကို တိုက်တွန်းကြောင်း** အဆိုကို လွှတ်တော်ကိုယ်စားလှယ်ခြောက်ဦးက ဆွေးနွေးကြသည်။

လှိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူက မြန်မာနိုင်ငံတစ်ဝန်းလုံးတွင် အစိုးရမှ ပြည်သူများအတွက် ပြည်သူ့ဝန်ဆောင်မှုရုံး (One Stop Shop) များကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးများ ဖွင့်လှစ်ခဲ့ပါကြောင်း၊ One Stop Service ဝန်ဆောင်မှုတစ်ခုကို တစ်နေရာတည်းတွင် ရမည်ဆိုပါက အခြားနေရာများသို့ မသွားစေဘဲ ထိုက်သင့်သည့်အချိန် သတ်မှတ်မည်ဆိုပါက ပိုပြီးသင့်လျော်ကောင်းမွန်မည်ဖြစ်၍ One Stop Service သို့ အဆင့်မြှင့်အကောင်အထည်ဖော်ရန် အဆိုရှင်မှလည်း ပြောကြားပါကြောင်း၊ အဆင့်မြှင့်အကောင်အထည်ဖော်ရန်အတွက် ရည်ရွယ်ချက်လေးချက်ကို သတ်မှတ်နိုင်သော်လည်း တိကျခိုင်မာသည့် မူဝါဒ၊ လမ်းညွှန်ချက်များ မရှိသေးသည်ကိုလည်း တွေ့ရပါကြောင်း။

မူဝါဒနှင့် လမ်းညွှန်ချက်များရေးဆွဲရာတွင် ဒီမိုကရေစီစနစ်နှင့် ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ထည့်သွင်းစဉ်းစားရန် မလွဲမသွေ လုပ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ မိမိဒေသနှင့် လိုက်လျောညီသည့် ဝန်ဆောင်မှုစနစ်ဖြစ်ရန် ဒီဇိုင်းများလည်းရေးဆွဲရန် လိုအပ်ပါကြောင်း၊ ပြည်သူနှင့် ဝန်ထမ်း၊ ဝန်ထမ်းအချင်းချင်း ပူးပေါင်းဆောင်ရွက်ခြင်း၊ အပြန်အလှန်ချိတ်ဆက်ခြင်းကလည်း အရေးကြီးသကဲ့သို့ ထိထိမိမိ အောင်အောင်မြင်မြင် ဆောင်ရွက်ရန်လည်းလိုအပ်ပါကြောင်း၊ ဝန်ကြီးဌာနအသီးသီး၏ ကောင်းမွန်သည့် စီမံခန့်ခွဲမှုရရန်အတွက် ကြီးကြပ်သူနှင့်အတူ ဝန်ဆောင်မှုပေးရမည့် ဝန်ထမ်းများကို ရိုးရှင်းနားလည်လွယ်သော လုပ်ထုံးလုပ်နည်းများကို သင်တန်းများပေးရမည် ဖြစ်ပါကြောင်း၊ အဂတိတိုက်ဖျက်ရေးကော်မရှင်ရုံးကိုလည်း OSS ရုံးတွင်သာ ထားရှိစေခြင်းဖြင့် လွယ်ကူစွာတိုင်ကြားနိုင်မည်ဖြစ်ပါကြောင်း၊ နေရာသည်လည်း အလွယ်တကူသွားလာနိုင်သောနေရာဖြစ်သင့်ပါကြောင်း ဆွေးနွေးသည်။

အလားတူ မောက်မယ်မဲဆန္ဒနယ်မှ ဦးစိုင်းဝေါ်င်းဆိုင်ဟိန်း၊ ရွှေပြည်သာမဲဆန္ဒနယ်မှ ဦးညာဏ်လင်း၊ ချောက်မဲဆန္ဒနယ်မှ ဦးဘိုကြီးနှင့် မိုင်းရယ်မဲဆန္ဒနယ်မှ ဦးစိုင်းသီဟကျော်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်အောင်သူက ပြည်သူတို့၏ အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် အဆင်ပြေချောမွေ့စေသည့် ဝန်ဆောင်မှုများ ဆောင်ရွက်ပေးနိုင်ရန်၊ လာဘ်ပေးလာဘ်ယူမှု၊ အဂတိလိုက်စားမှုများကို တားမြစ်၍ ထိရောက်သော ဝန်ဆောင်မှုအလေ့အကျင့်များကို ပြုစုပျိုးထောင်ပေးနိုင်ရန်၊ ပြည်သူများက အစိုးရနှင့် ဌာနဆိုင်ရာများအပေါ် အားကိုးယုံကြည်မှု တိုးပွားလာစေရန်နှင့် တာဝန်ထမ်းနေသောဝန်ထမ်းများ၊ ဦးစီးဌာနများအလိုက် အပြန်အလှန် ထိန်းကျောင်းမှုများပြုနိုင်ရေး အထောက်အကူပြုနိုင်ရန်ဟူသည့် ရည်ရွယ်ချက်လေးရပ်ဖြင့် ပြည်သူ့ဝန်ဆောင်မှုရုံးများ (One Stop Shop) ထူထောင်ဖွင့်လှစ်အကောင်အထည်ဖော်ရေးလုပ်ငန်းကော်မတီကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂၀၁၅ ခုနှစ် မေ ၂၀ ရက် ရက်စွဲဖြင့် ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး ၂၀၁၆ ခုနှစ် ဩဂုတ် ၂၃ ရက်တွင် ယင်းကော်မတီကို ပြန်လည်ပြင်ဆင်ဖွဲ့စည်းတာဝန်ပေးခဲ့ပါကြောင်း။

One Stop Service ဆိုသည်မှာ တစ်နေရာတည်းတွင် လုပ်ငန်းအကြောင်းအရာတစ်ခုတည်းကို လုပ်ငန်းပြီးမြောက်စေရန် လိုအပ်သည့် စာရွက်စာတမ်း၊ ထောက်ခံချက်များကို သက်ဆိုင်ရာဌာနများသို့ သွားရောက်ဆောင်ရွက်ရန်မလိုဘဲ ဆောင်ရွက်ပေးခြင်းဖြစ်ပါကြောင်း၊ ယခုအခါ One Stop Service အဖြစ် သီလဝါအထူးစီးပွားရေးဇုန်စီမံခန့်ခွဲမှုကော်မတီမှ ကုမ္ပဏီမှတ်ပုံတင်ခြင်းလုပ်ငန်းကို ဌာနကိုးခုဖြင့် တစ်နေရာတည်း၌ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူ မူဆယ်မြို့ ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင်လည်း သွင်းကုန်၊ ထုတ်ကုန်လိုင်စင်ထုတ်ပေးခြင်းလုပ်ငန်းကို ဌာန ၁၂ ခုဖြင့် တစ်နေရာတည်း၌ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

ပြည်ပနိုင်ငံများ၏ ဆောင်ရွက်နေမှုများအပေါ် လေ့လာတွေ့ရှိချက်များအရ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ အောင်မြင်နိုင်ရန်အတွက် ဘဏ္ဍာရန်ပုံငွေနှင့် IT နည်းပညာများ ပံ့ပိုးရန်လိုအပ်ကြောင်း၊ One Stop Shop ကို One Stop Service အဖြစ်သို့ ပြောင်းလဲပါက လုပ်ငန်းသဘောသဘာဝအရ မတူသည့်အတွက် လုပ်ငန်းခေါင်းစဉ်တစ်ခုတည်းကိုသာ ပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်မည့် အခြေအနေသို့ ရောက်ရှိသွားမည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် One Stop Service ကဲ့သို့ လုပ်ငန်းပေါင်း ၉၄ ခုကို ပြီးပြတ်အောင်ဆောင်ရွက်နေပြီး ကျန်ရှိသည့် လုပ်ငန်း ၆၆ ခုကို e-Government ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ ဆောင်ရွက်ပေးနိုင်မည်ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် လုပ်ငန်းအားလုံးပြီးပြတ်အောင် ဆောင်ရွက်ပေးနိုင်ခြင်းမရှိသေးဘဲ အချိန်ယူပေါင်းစပ်ရမည့် ကိစ္စဖြစ်ခြင်း၊ ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများနှင့်ပတ်သက်၍ ဥပဒေရေးဆွဲရန် ဆောင်ရွက်ခြင်းတို့ကြောင့် အဆိုအား မှတ်တမ်းတင်သင့်ကြောင်း ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူသဖြင့် အဆိုအား မှတ်တမ်းတင်စောင့်ကြည့်မည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**အေးအေးသန့်(သတင်းစဉ်)**

## မြစ်ရေကြီးမှု အခြေအနေ

**နေပြည်တော် ဩဂုတ် ၈**

**စစ်တောင်းမြစ်**

ယနေ့ မွန်းလွဲ ၂ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် နှစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း တစ်ပေခန့်ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေး ခန်းမ၌ကျင်းပရာ ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသည့် ဥပဒေကြမ်းကို တင်ပြခြင်းနှင့် ဥပဒေကြမ်း နှစ်ခု ဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ကြသည်။

## ဟိုပန်-မော်ဟွေ့-နောင်ဟော့-ဟတ်လုံးလမ်းကြောင်းမှ ကွမ်းလုံမြို့သို့ ဆက်သွယ်သွားလာနိုင်မည့် တံတားအသစ် တစ်စင်းအား ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေး

အစည်းအဝေးတွင် ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၏ **ရှမ်းပြည်နယ်၊ 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဟိုပန်ခရိုင်၊ ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်မည့် သံလွင်မြစ်ကူးတံတား တစ်စင်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လင်းက ဟိုပန်ခရိုင်အတွင်း ဟိုပန်မြို့နယ်မှ လားရှိုးမြို့နယ်သို့ တိုက်ရိုက်ဆက်သွယ်သွားလာနိုင်သည့် လမ်းမကြီးများပေါ်တွင် တံတားခံနိုင်ဝန် ၂၅ တန်အထိ ဖြတ်သန်းခွင့်ပြုထားသော သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတားနှင့် တံတားခံနိုင်ဝန် ၃၆ တန်အထိ ဖြတ်သန်းခွင့်ပြုထားသော နမ့်တိန်တံတားတို့မှာ လက်ရှိအသုံးပြုလျက်ရှိသော တံတားများဖြစ်ပါကြောင်း။

အဆိုပါ တံတားနှစ်စင်းအပြင် သံလွင်မြစ်ကူး ကွမ်းလုံကြိုးတံတား၏ အထက်ဘက်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ အစီအစဉ်ဖြင့် တံတားအသစ်တစ်စင်း စတင်တည်ဆောက်ရန် စီစဉ်ဆောင်ရွက်လျက် ရှိနေပါကြောင်း၊ ထို့ကြောင့် ဟိုပန်-မော်ဟွေ့-နောင်ဟော့-ဟတ်လုံး လမ်းကြောင်းမှ ကွမ်းလုံမြို့သို့ ဆက်သွယ်သွားလာနိုင်မည့် တံတားအသစ်တစ်စင်းအား လတ်တလော ဆောင်ရွက်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ဖြေကြားသည်။

အလားတူ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးကျော်ကျော်၏ **ရခိုင်ပြည်နယ် မြောက်ဦးမြို့ရှိ ကုန်သည်တန်း-ဗန္ဓုလ ချောင်းကူးသစ်သား တံတားကို သံကူကွန်ကရစ်တံတားအဖြစ် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက အဆိုပါတံတားကို သံကူကွန်ကရစ်တံတားအဖြစ် အသစ်ပြန်လည်တည်ဆောက်နိုင်ရန်အတွက် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့၏ မူလရန်ပုံငွေတွင် လျာထားတင်ပြတောင်းခံ၍ ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ထို့အတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)မှ ဒေါ်မမလေး၏ မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီးက ပြန်လည်ရှင်းလင်းဖြေကြားသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံခရီးသွားလာရေး လုပ်ငန်း ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည် ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

## မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ဆက်လက်၍ **မြန်မာ့ပုလဲလုပ်ငန်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)မှ ဦးဟန်ဝင်းသိန်းက သက်ဆိုင်ရာ တိုင်းဒေသကြီးအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကူညီ



ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၂) မှ ဦးကြည်ဝင်း



စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၂) မှ ဦးအောင်မျိုး

ဆောင်ရွက်ပေးရမည်ဆိုသည့် အပိုဒ်ကို ထပ်မံဖြည့်စွက်လိုပါကြောင်း၊ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်နှင့် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက်ကို အမိန့်ကြေညာစာ ထုတ်ပြန်သတ်မှတ်နိုင်သည်ဟု ပြင်ဆင်လိုပါကြောင်း၊ မုတ်ကောင်ငုပ်ကွက်သတ်မှတ်ခြင်းနှင့်စပ်လျဉ်း၍ နယ်နိမိတ်တိုင်းတာသတ်မှတ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ဦးဆောင်ညွှန်ကြားရေးမှူး ဦးဆောင်သော ကျွမ်းကျင်သူများနှင့် သက်ဆိုင်ရာတိုင်းဒေသကြီးမှ ကိုယ်စားလှယ်များပါဝင်သည့် ကော်မတီကို ဖွဲ့စည်းတာဝန်ပေးရမည်ဟူ၍ ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း၊ ထို့ပြင် ဝန်ကြီးဌာနသည် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ သဘောထားမှတ်ချက်၊ ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် မုတ်ကောင်ငုပ်ကွက် တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ ပြင်ဆင်သတ်မှတ်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည် ဆိုသည်ကို ပြင်ဆင်လိုပါကြောင်း ဆွေးနွေးပြောကြားသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ် (၁၀)မှ ဦးစိုးသိန်း(ခ) ဦးမောင်စိုးကလည်း ဆွေးနွေးသည်။

## ၂၀၁၇ ခုနှစ် မြေသိမ်း ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၅)မှ တောင်သူလယ်သမားရေးရာကော်မတီဥက္ကဋ္ဌ ဦးဘမျိုးသိန်း တင်သွင်းသည့် **၂၀၁၇ ခုနှစ်၊ မြေသိမ်းဥပဒေကြမ်း**နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ် (၁၂)မှ ဦးကြည်ဝင်းက ဥပဒေကြမ်း၏ အခန်း(၁၃) ပြစ်မှု၊ ပြစ်ဒဏ် ပြဋ္ဌာန်းချက် ပုဒ်မ-၆၃ တွင် ဥပဒေ၏ ပေးအပ်ထားသည့် လုပ်ငန်းတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် အဖွဲ့ သို့မဟုတ် ပုဂ္ဂိုလ်များကို ဟန့်တားနှောင့်ယှက် ပိတ်ပင်တားဆီးမည်ဆိုပါက ထောင်ဒဏ် ၃ နှစ် အထက်မပိုသည့် ဒဏ်နှင့် ငွေကျပ် ၅ သိန်း ထက်မပိုသည့် ငွေဒဏ်များချရန် ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် လက်ရောက်မှု ရာဇဝတ်မကင်းသည့် အနိုင်အထက်အမှုများကိုပါ ပြစ်မှုတွင် မကျန်စေရန် ထည့်ပေးသင့်ပါကြောင်း၊ ရာဇသတ်ကြီး ပုဒ်မ - ၃၅၃ နှင့် တူညီပါကြောင်း၊ ရာဇသတ်ကြီး ပုဒ်မ - ၃၅၃ ပြစ်ဒဏ်တွင် ၂ နှစ်အထိပင် သတ်မှတ်ထားခြင်းကြောင့် အဆိုပါ ရာဇသတ်ကြီးပုဒ်မတွင်ပြဋ္ဌာန်းထားသည့် ၂ နှစ်ကို ယခုဥပဒေကြမ်း၏ ပုဒ်မ - ၆၃ (က)တွင် ထောင်ဒဏ် ၃ နှစ်အစား ၂ နှစ်ဟု ပြင်ဆင်သင့်ပါကြောင်း ဆွေးနွေးသည်။

စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်မျိုးက တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရဌာနအဖွဲ့အစည်းမှ သင့်လျော်သော ပုဂ္ဂိုလ်များ၊ ကျွမ်းကျင်သူများပါဝင်သည့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်းတာဝန်ပေးရမည်ဟူ၍ ပြဋ္ဌာန်းထားပါကြောင်း၊ ထို့ပြင် အဆိုပါ မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ လုပ်ငန်းတာဝန်များကိုလည်း ပြဋ္ဌာန်းထားပါကြောင်း၊ သို့သော် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်များကို အစီရင်ခံစာ တင်ပြရမည်ဆိုသည့်အပိုင်း မပါဝင်ပါကြောင်း၊ ထို့ကြောင့် မြေပြင်ကွင်းဆင်းစစ်ဆေးရေးအဖွဲ့သည် ကွင်းဆင်းစစ်ဆေး တွေ့ရှိချက်များကို သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့ သို့မဟုတ် နေပြည်တော်ကောင်စီသို့ ပြန်လည်အစီရင်ခံတင်ပြရမည်ဟု ဖြည့်စွက်လိုပါကြောင်း။

ထို့ပြင် သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့နှင့် နေပြည်တော်ကောင်စီဟူ၍ ခြေဆင်းရေးသားထားပါကြောင်း၊ မိမိဖြည့်စွက်လိုသည်မှာ သက်ဆိုင်ရာဌာနအဖွဲ့အစည်းမှ တာဝန်ရှိသူများ၊ မြေပိုင်ဆိုင်သူများ၊ ဒေသခံကိုယ်စားလှယ်များ၊ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များနှင့် ကျွမ်းကျင်သူများပါဝင်သည့် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ် မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့နှင့် ပြန်လည်နေရာချထားခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်း အကောင်အထည်ဖော်ရေးအဖွဲ့ ဖွဲ့စည်းမည့် အဆိုပြုချက်လျာထားမှုကို တစ်ပါတည်း တင်ပြရမည်ဟု ဖြည့်စွက်လိုပါကြောင်း။

ပြဋ္ဌာန်းချက်တွင် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် ယင်း၏ လုပ်ငန်းတာဝန်များ စတင်ဆောင်ရွက်ခြင်းမပြုမီ သိမ်းဆည်းရန် လိုအပ်သည့် မြေနှင့်စပ်လျဉ်း၍ မြေပိုင်ဆိုင်သူနှင့် ညှိနှိုင်းပြီး ထိုမြေကို ဝယ်ယူလွှဲပြောင်းနိုင်ရေးအတွက် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းသို့ အကြောင်းကြားရမည်ဟူ၍ ပါဝင်ပါကြောင်း၊ ထို့ပြင် မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာန၊ အဖွဲ့အစည်းအနေဖြင့် အဆိုပြုသည့် မြေကို ဝယ်ယူရေးအတွက် မြေပိုင်ဆိုင်သူနှင့် ညှိနှိုင်းသော်လည်း သဘောတူညီချက်မရသည့်အခါ မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့က ယင်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေရမည်ဟု ပြဋ္ဌာန်းထားပါကြောင်း။

ထို့ကြောင့် ဖြည့်စွက်ရန် လိုအပ်သည်မှာ သဘောတူညီချက်ရပါက မည်သို့ ဆက်လက်ဆောင်ရွက်ရမည်၊ မည်သည့်အချက်များ တင်ပြရမည်ဆိုသည့်အပိုင်းများ လိုအပ်နေပါကြောင်း၊ မြေသိမ်းဆည်းရန် အဆိုပြုသည့် ဌာနသည် ထိုမြေကို ဝယ်ယူလွှဲပြောင်းနိုင်ရေးအတွက် မြေပိုင်ဆိုင်သူများနှင့် ညှိနှိုင်းရရှိမှုကို မြေသိမ်းဆည်းမှုအကောင်အထည်ဖော် ဆောင်ရွက်ရေးအဖွဲ့သို့ ညှိနှိုင်းသဘောတူစာချုပ်နှင့်တကွ တင်ပြရမည်ဟု ဖြည့်စွက်လိုပါကြောင်း၊ ထို့ပြင် မြေသိမ်းဆည်းမှု အကောင်အထည်ဖော်ဆောင်ရွက်ရေးအဖွဲ့သည် တင်ပြလာသည့် ညှိနှိုင်းသဘောတူစာချုပ်ကို မြေပိုင်ရှင်တို့၏ သဘောဆန္ဒနှင့်အညီ ချုပ်ဆိုခြင်း ဟုတ်၊ မဟုတ် စစ်ဆေးရမည်ဟု ပြဋ္ဌာန်းလိုပါကြောင်း။

မြေပိုင်ရှင်တို့၏ လွတ်လပ်သော သဘောဆန္ဒနှင့်အညီ ချုပ်ဆိုသော သဘောတူစာချုပ်ဖြစ်ပါက ယင်းတို့၏ သဘောထားမှတ်ချက်နှင့်အတူ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီဟူ၍ ဆက်လက်တင်ပြရန် ဖြည့်စွက်လိုပါကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရ သို့မဟုတ် နေပြည်တော်ကောင်စီသည် မြေသိမ်းဆည်းပေးရန် အဆိုပြုသည့်ဌာနအနေဖြင့် မြေအမည်ပေါက်ရရှိရေး ဆောင်ရွက်ပေးနိုင်ရန် ဗဟိုကော်မတီသို့ ဆက်လက်တင်ပြရမည်ဟုလည်း ဖြည့်စွက်ပြဋ္ဌာန်းလိုပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးစိုင်းဝမ်းလိုင်းခမ်းနှင့် ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးငွေးဦးတို့ကလည်း ဆွေးနွေးကြသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး အဋ္ဌမနေ့ကို ဩဂုတ် ၁၀ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင်(သတင်းစဉ်)**

# မကွေးတက္ကသိုလ်၌ သုတေသနလုပ်ငန်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

**မကွေး ဩဂုတ် ၈**

မကွေးတက္ကသိုလ်နှင့် အမေရိကန်နိုင်ငံ မြောက်အီလီနွိုက် တက္ကသိုလ်တို့ ပူးပေါင်း၍ Global Environmental Health (GEH) Lab အစီအစဉ်အရ သုတေသနလုပ်ငန်းနှင့် အလုပ်ရုံဆွေးနွေးပွဲကို မကွေးတက္ကသိုလ်သိပ္ပံ သုတေသန အဆောက်အအုံ၌ ဩဂုတ် ၈ ရက်က စတင်ကျင်းပခဲ့ကြောင်း သိရသည်။

ရေရှည်တည်တံ့စေမည့် လူမှုပတ်ဝန်းကျင်နှင့် ကျန်းမာရေးအသိပညာဗဟုသုတများကို အနာဂတ်လူငယ်များ ကျယ်ကျယ်ပြန့်ပြန့် သိမြင်လာနိုင်ရန် အဆိုပါ တက္ကသိုလ်နှစ်ခု ပူးပေါင်းဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ ယခုအကြိမ် ဆွေးနွေးပွဲသည် မြန်မာနိုင်ငံတွင် စတုတ္ထအကြိမ်မြောက် ပူးပေါင်းပြုလုပ်ခြင်းဖြစ်ပြီး သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းများကို ပူးပေါင်းသုတေသနပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲသို့ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာအောင်မိုးညို တက်ရောက် အမှာစကားပြောကြားပြီး မကွေးတက္ကသိုလ်၊ ပခုက္ကူ တက္ကသိုလ်နှင့် ရေနံချောင်းဒီဂရီကောလိပ်တို့မှ ဆရာဆရာမနှင့် ကျောင်းသား ကျောင်းသူ ၁၀၀ ခန့် တက်ရောက်ခဲ့သည်။

ဆွေးနွေးပွဲသို့ အမေရိကန်နိုင်ငံ မြောက်အီလီနွိုက် တက္ကသိုလ်မှ တွဲဖက်ပါမောက္ခ Mr. Tomoyuki Shibata ဦးဆောင်၍ GEH အဖွဲ့ဝင် လေးဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၈ ရက်မှ ၁၆ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**ကြေးမုံ**




ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း


ပြည်ထောင်စုဝန်ကြီး
ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာအောင်သူ


ပြည်ထောင်စုဝန်ကြီး
ဦးသန့်စင်မောင်


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမျိုးသိမ်းကြီး


ပြည်ထောင်စုဝန်ကြီး
ဒေါက်တာမြင့်ထွေး

❒ ဒုတိယသမ္မတမှ

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့တွင် ထိခိုက်ခံစားရမှု များပြားခဲ့ပါကြောင်း။

အဆိုပါ ရေဘေးသင့်ပြည်သူများအတွက် ဘေးအန္တရာယ်ကျရောက်ပါက တုံ့ပြန်ဆောင်ရွက်နိုင်ရန် မူလကတည်းကချမှတ်ထားပြီး အစီအမံများအတိုင်း အရေးပေါ် ကယ်ဆယ်ရေးလုပ်ငန်းများ၊ ထောက်ပံ့မှုလုပ်ငန်းများကို အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရအဖွဲ့များက ပံ့ပိုးကူညီထောက်ပံ့မှုများ ပြုလုပ်ပေးခဲ့ပြီးဖြစ်ပါကြောင်း၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီကို ၂၀၁၆ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယင်းကော်မတီအောက်တွင် လုပ်ငန်းကော်မတီ ၁၂ ခုကိုဖွဲ့စည်းကာ သဘာဝဘေးကာကွယ်ရေး၊ ကယ်ဆယ်ကူညီရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါကြောင်း။

## ဖွဲ့စည်းတာဝန်ပေးအပ်သွားမည်

ယခုအခါ ပျက်စီးဆုံးရှုံးနစ်နာမှုများကို ပြန်လည်ကုစားပေးရမည့်အချိန်ဖြစ်သည့်အတွက် "ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့" ကို ဖွဲ့စည်းနိုင်ရေး၊ သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း သတ်မှတ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့် စပ်လျဉ်းပြီး ဆွေးနွေးနိုင်ရေးနှင့် လက်ရှိသဘာဝဘေးဒဏ်ခံစားခဲ့ရမှု၊ ထောက်ပံ့ကူညီဆောင်ရွက်ပေးထားမှု၊ ဆက်လက်ဆောင်ရွက်ပေးမည့် အစီအစဉ်များနှင့် ကျန်ရှိနေသေးသည့် မိုးရာသီကာလအတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်သွားကြမည့် အစီအမံများကို ဝိုင်းဝန်းဆွေးနွေးအကောင်အထည်ဖော်နိုင်ရေးအတွက် ယခုအစည်းအဝေးကို ခေါ်ယူကျင်းပရခြင်း ဖြစ်ပါကြောင်း။

သဘာဝဘေးတစ်ခုဖြစ်ပေါ်ပြီး အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများ ဆောင်ရွက်မှုအပြီးတွင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အဆိုပါလုပ်ငန်းများအတွက် လုပ်ငန်းကော်မတီ ၁၂ ခုတွင် ပါရှိသော "ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီ" နှင့် "အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပြန်လည်ထူထောင်ရေး လုပ်ငန်းကော်မတီ"နှစ်ခုကို အဓိကဆောင်ရွက်သွားမည်ဖြစ်သော်လည်း ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို မြန်မြန်ဆန်ဆန် ထိထိရောက်ရောက် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နိုင်ရေး၊ ကူညီပံ့ပိုးပေးနိုင်ရေးနှင့် လိုအပ်ချက်များ ပြန်လည်သုံးသပ် ဖြည့်ဆည်းပေးနိုင်ရေးတို့အတွက် "ဘေးသင့်ဒေသများ အမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့"ကို ဖွဲ့စည်းတာဝန်ပေးအပ်သွားမည် ဖြစ်ပါကြောင်း။

## သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်

နိုင်ငံတော်အတွင်း သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာနိုင်သည့် အခြေအနေနှင့်ပတ်သက်ပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေများတွင် သတ်မှတ်ပြဋ္ဌာန်းပြီးဖြစ်ပါကြောင်း။

၂၀၁၅ ခုနှစ် ဇွန်နှင့် ဇူလိုင်လများတွင် ရေကြီး၊ ရေလျှံ၊ မြေပြိုမှုများ ဖြစ်ပွားခဲ့စဉ်က ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများအဖြစ် သတ်မှတ်ခဲ့ပါကြောင်း၊ ယခုရေကြီးမှုဖြစ်စဉ်တွင်လည်း ပျက်စီးဆုံးရှုံးမှုပမာဏ၊ ဘေးသင့်လူဦးရေ၊ အိမ်ထောင်စု၊ သေဆုံးမှုတို့အပေါ် မူတည်ပြီး ယခင်ဆောင်ရွက်ခဲ့မှု အခြေအနေနှင့် နှိုင်းယှဉ်သုံးသပ်၍ ဆွေးနွေးအကြံပြုပေးကြရန် ပြောကြားသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက ဘေးသင့်ဒေသများရှိ ရေဘေးသင့်လူဦးရေ၊ ပြောင်းရွှေ့အိမ်ထောင်စု၊ လယ်ယာမြေများရေနစ်မြုပ်မှု၊ ပညာရေးနှင့် ကျန်းမာရေးအဆောက်အအုံများ၊ လမ်း၊ တံတားများ၊ ရေတွင်းရေကန်များ ပျက်စီးဆုံးရှုံးမှုအခြေအနေ၊ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုရန်ပုံငွေမှ ထောက်ပံ့မှု၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ထောက်ပံ့မှုအခြေအနေ၊ ဘေးသင့်ဒေသများအမြန်ပြန်လည်ထူထောင်ရေး ပေါင်းစပ်ညှိနှိုင်းမှုအဖွဲ့ဖွဲ့စည်းနိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

## ရှင်းလင်းတင်ပြ

ဆက်လက်၍ စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဒုတိယဝန်ကြီး ဦးစိုးအောင်က သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဥပဒေနှင့် နည်းဥပဒေတို့တွင် ပြဋ္ဌာန်းချက်များအရ သဘာဝဘေးအန္တရာယ်တစ်ရပ်ရပ်ကြောင့် လူနှင့်တိရစ္ဆာန်အများအပြား သေကျေပျက်စီးဆုံးရှုံးခြင်း၊ အခြေခံအဆောက်အအုံ၊ ပစ္စည်းဥစ္စာနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ဆိုးရွားစွာထိခိုက်ပျက်စီးဆုံးရှုံးခြင်း၊ လုံခြုံရေး၊ ပညာရေးနှင့် ကျန်းမာရေးအပါအဝင် လူမှုရေးကိစ္စများ ဆိုးရွားစွာထိခိုက်ဆုံးရှုံးခြင်း၊ သဘာဝပတ်ဝန်းကျင်ကို ဆိုးရွားစွာထိခိုက်ပျက်စီးစေခြင်း၊ ဘေးသင့်ဒေသ၏ အခြေအနေသည် မူလအခြေအနေသို့ အမြန်ပြန်လည်ရောက်ရှိစေရန် ဆောင်ရွက်ရာတွင် အခက်အခဲရှိခြင်း စသည့် ထူးခြားသောအခြေအနေများ ဖြစ်ပေါ်မှသာ အဆိုပါဒေသကို သဘာဝဘေးအန္တရာယ်ကျရောက်သည့်ဒေသအဖြစ် ကြေညာနိုင်မည့် အခြေအနေ၊ ၂၀၁၅ ခုနှစ်တွင် သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသဖြစ်ကြောင်း ကြေညာခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှုနှင့် ယခု ၂၀၁၈ ခုနှစ် ရေဘေးဖြစ်ပွားခဲ့သည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ပျက်စီးဆုံးရှုံးမှု အခြေအနေတို့ကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဝင် ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများက မြစ်ကြောင်းများ ထိန်းသိမ်းရမည့် အခြေအနေ၊ လမ်း၊ တံတားပျက်စီးမှုအား ပြန်လည်ပြင်ဆင်ပေးနေမှုနှင့် ဘဏ္ဍာငွေလိုအပ်မှု အခြေအနေ၊ မျိုးစပါးစုဆောင်းထားမှု၊ မျိုးစပါးနှင့် ဓာတ်မြေသြဇာများ ဖြန့်ဝေပေးနိုင်မည့် အခြေအနေ၊ လယ်ယာသုံးစက်ယန္တရားများဖြင့် လယ်ယာမြေများကို ထွန်ယက်ပြုပြင်ပေးသွားမည့် အခြေအနေ၊ ကနဦးလိုအပ်ချက် စစ်တမ်းကောက်ယူမှု၊ ပျက်စီးဆုံးရှုံးမှု အတည်ပြုမှုအခြေအနေ၊ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်မှု၊ ပျက်စီးသွားသည့် စာသင်ကျောင်းများ ပြုပြင်ဆောင်ရွက်နေမှု၊ ဖတ်စာအုပ်နှင့် စာရေးကိရိယာများထောက်ပံ့မှု၊ လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိမှု၊ နိုင်ငံတကာမှအကူအညီများ ပေးအပ်ရန်ကမ်းလှမ်းလာမှု၊ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများအတွက် စုဖွဲ့ထားမှု၊ သဘာဝဘေးဖြစ်ပေါ်လာပါက ဝန်ကြီးဌာနအလိုက် ဆောင်ရွက်ပေးနေမှုများနှင့် ကြိုတင်ပြင်ဆင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

## တက်ရောက်

ယင်းနောက် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတက ရှင်းလင်းတင်ပြချက်များအပေါ် ပြန်လည်သုံးသပ်ဆွေးနွေးပြီး ဆောင်ရွက်ရန်လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်း၊ ဒုတိယဗိုလ်ချုပ်ကြီး ရဲအောင်၊ ဒေါက်တာအောင်သူ၊ ဦးသန့်စင်မောင်၊ ဒေါက်တာမျိုးသိမ်းကြီး၊ ဒေါက်တာမြင့်ထွေး၊ ဦးစိုးဝင်း၊ ဦးဟန်ဇော်၊ ဒေါက်တာဝင်းမြတ်အေး၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်၊ ဦးကျော်လင်း၊ ဦးစိုးအောင်၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ရခိုင်ပြည်နယ်ဆိုင်ရာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ အစည်းအဝေးကျင်းပ

**နေပြည်တော် ဩဂုတ် ၈**

နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ စတုတ္ထအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဝန်ကြီးရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။**(ယာပုံ)**



ပြည်ထောင်စုဝန်ကြီးက နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ၏ အဓိကလုပ်ငန်း(၂)ရပ်ဖြစ်သော ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများသည် ကြီးမားသောလုပ်ငန်းများဖြစ်ကြောင်း၊ ယခုအချိန်တွင် ပြန်လည်လက်ခံရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်း၊ ပါဝင်ဆောင်ရွက်မည့်သူများအနေဖြင့် ရှိလာနိုင်သည့် လိုအပ်ချက်များကို ဆန်းစစ်ကြည့်ရမည်ဖြစ်ကြောင်း၊ လက်တွေ့အကောင်အထည်ဖော်ရာတွင် ပြည်နယ်အစိုးရနှင့် ပြည်ထောင်စုအစိုးရတို့ ပူးပေါင်းဆောင်ရွက်ရန် အရေးကြီးသဖြင့် သမ္မတရုံးဝန်ကြီးဌာန၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာနတို့၏ ကြီးကြပ်မှုများပါဝင်ရန်လိုအပ်သဖြင့် ကော်မတီတွင် ပါဝင်ဖွဲ့စည်းထားခြင်းဖြစ်ကြောင်း၊ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးလုပ်ငန်းများသာမက လူသားချင်းစာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်း၊ ရခိုင်ပြည်နယ်ရှိပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးရေးလုပ်ငန်းနှင့် ရေရှည်ပဋိပက္ခကင်းဝေးရေးကိုပါ ဆောင်ရွက်ရမည်ဖြစ်သဖြင့် UEHRD ၏ လုပ်ငန်းများ၊ ကိုဖီအာနန်ကော်မရှင်နှင့် ဒုတိယသမ္မတ ဦးမြင့်ဆွေတို့၏ စုံစမ်းစစ်ဆေးရေးကော်မရှင်များက အကြံပြုချက်များကို အကောင်အထည်ဖော်သည့်လုပ်ငန်းများ ဆက်စပ်နေသဖြင့် အားလုံးပူးပေါင်းဆောင်ရွက်မှသာ အောင်မြင်မည်ဖြစ်ကြောင်း၊ ယခုအစည်းအဝေးတွင် ဆောင်ရွက်ပြီးလုပ်ငန်းများ၊ ဆောင်ရွက်ဆဲလုပ်ငန်းများနှင့် ရှေ့ဆက်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဆက်စပ်ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ နေရပ်စွန့်ခွာသူများ ပြန်လည်နေရာချထားရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးအောင်နှင့်ပူးတွဲဥက္ကဋ္ဌ ရခိုင်ပြည်နယ် လျှပ်စစ်၊ စက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဦးအောင်ကျော်ဇံ၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးလုပ်ငန်းကော်မတီ ပူးတွဲဥက္ကဋ္ဌ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ နေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေးကော်မတီ အတွင်းရေးမှူး ပြည်ထောင်စုအစိုးရအဖွဲ့ရုံး အမြဲတမ်းအတွင်းဝန် ဦးဇော်သန်းသင်းနှင့် တွဲဖက်အတွင်းရေးမှူး၊ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးညီညီမင်းတို့က ပြန်လည်လက်ခံရေးနှင့် ပြန်လည်နေရာချထားရေး လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများ၊ ဆက်လက်ဆောင်ရွက်သင့်သည့် လုပ်ငန်းများ၊ လိုအပ်ချက်များနှင့် အခက်အခဲများကို ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာသူများက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေနှင့်အဖွဲ့ (၇)ကြိမ်မြောက် ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့်ညီလာခံ တက်ရောက်



**ရန်ကုန် ဩဂုတ် ၈**

ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ကျော်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် အင်ဒိုနီးရှားနိုင်ငံ ဘာလီမြို့ ဘာလီအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာနတွင် ဩဂုတ် ၇ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိကျင်းပသည့် လူမှောင်ခို၊ လူကုန်ကူးမှုနှင့် ဆက်စပ်သော နိုင်ငံဖြတ်ကျော်မှုခင်းများဆိုင်ရာ (၇)ကြိမ်မြောက် ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့်ညီလာခံနှင့် အစိုးရများနှင့် စီးပွားရေးလုပ်ငန်းရှင်များအကြား ဝန်ကြီးအဆင့်ဖိုရမ်သို့ တက်ရောက်သည်။

အဆိုပါ ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့်ညီလာခံနှင့် ဖိုရမ်တို့တွင် အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mrs. Retno Marsudi၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mrs. Julie Bishop တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်၍ ဘာလီလုပ်ငန်းစဉ်အဖွဲ့ဝင် ၄၅ နိုင်ငံတို့မှ ဝန်ကြီးအဆင့်များ၊ UNHCR၊ UNDP နှင့် IOM တို့မှ အကြီးအကဲများ တက်ရောက်သည်။

နိုင်ငံများအလိုက် ဆွေးနွေးမှုတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံအနေဖြင့် လူမှောင်ခို၊ လူကုန်ကူးမှုများ တိုက်ဖျက်ရေးတွင် ကြိုးပမ်းဆောင်ရွက်နေမှုများ၊ ဒေသတွင်း၊ နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများ၊ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးတို့နှင့်စပ်လျဉ်း၍ နှစ်နိုင်ငံသဘောတူညီချက်များ လေးစားလိုက်နာရေးတို့ကို ဆွေးနွေးပြောကြားသည်။

ဘာလီလုပ်ငန်းစဉ် ဝန်ကြီးအဆင့်ညီလာခံ၊ ဖိုရမ်တို့နှင့်စပ်လျဉ်းသည့် အဆင့်မြင့်အရာရှိကြီးများအဆင့် အစည်းအဝေးကို ဩဂုတ် ၆ ရက် နံနက် ၉ နာရီမှ ညနေ ၃ နာရီခွဲအထိ အဆိုပါစင်တာတွင် ကျင်းပရာ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ရဲချုပ် ဒုတိယရဲဗိုလ်ချုပ်ကြီး အောင်ဝင်းဦး ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့ပြီး ဝန်ကြီးအဆင့်ညီလာခံ၏ ထုတ်ပြန်ကြေညာချက်(မူကြမ်း) လူမှောင်ခို၊ လူကုန်ကူးမှုများနှင့် ပုံမှန်မဟုတ်သော ရွှေ့ပြောင်းသွားလာသူများနှင့်ပတ်သက်၍ မြန်မာနိုင်ငံမှ ပူးပေါင်းဆောင်ရွက်ချက်များကို ဖြည့်စွက်ဆွေးနွေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ဘာလီလုပ်ငန်းစဉ်ဝန်ကြီးအဆင့် ညီလာခံနှင့် ဖိုရမ်သို့တက်ရောက်စဉ်အတွင်း အင်ဒိုနီးရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး၊ ဩစတြေးလျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးနှင့် UNHCR မဟာမင်းကြီး Mr. Filippo Grandi တို့အား သီးခြားစီတွေ့ဆုံခဲ့ပြီး မြန်မာနိုင်ငံ ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများနှင့်စပ်လျဉ်း၍ ဖြစ်ရပ်မှန်များနှင့် ပကတိအခြေအနေများ၊ နိုင်ငံတကာ၏ ပြစ်တင်ဝေဖန်မှုများနှင့် ဖိအားများကြောင့် ပိုမိုရှုပ်ထွေးစေပြီး ပြဿနာများ တိုးပွားလာစေပါကြောင်း၊ အပြုသဘောဆောင်သည့် ပူးပေါင်းဆောင်ရွက်မှုဖြင့်သာ ပြေလည်အောင်ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပါကြောင်း ဆွေးနွေးပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ညနေ ၄ နာရီခွဲတွင် ပြန်လည်ရောက်ရှိလာရာ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူးနှင့် ပြည်ထဲရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး) အောင်မြင်စွာကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို မန္တလေးမြို့တော်ဝန် လှည့်လည်ကြည့်ရှု

**မန္တလေး ဩဂုတ် ၈**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို မန္တလေးမြို့ မဟာအောင်မြေမြို့နယ်ရှိ မန္တလေးတက္ကသိုလ်ဝင်းအတွင်း၌ ဩဂုတ် ၁၁၊ ၁၂၊ ၁၃ ရက်တို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ရာ အခမ်းအနားပြင်ဆင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မန္တလေးမြို့တော်ဝန် ဒေါက်တာရဲလွင်နှင့် တာဝန်ရှိသူများသည် ပွဲတော်အောင်မြင်စွာ ကျင်းပနိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများကို ယနေ့နံနက်ပိုင်းက လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို စာပေဆိုင်ရာလှုပ်ရှားမှုများ၊ အားကစားဆိုင်ရာလှုပ်ရှားမှုများ၊ အနုပညာဆိုင်ရာလှုပ်ရှားမှုများ၊ လူငယ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အပန်းဖြေအားကစားပြိုင်ပွဲများ၊ သရုပ်ပြ အားကစားနည်းများ၊ အသိပညာပေးပြဇာတ်များ၊ အသိပညာပေးပြခန်းများ၊ အသိပညာပေးဆွေးနွေးပွဲများ၊ Science Fair ပြခန်းများ၊ အလုပ်အကိုင်အခွင့်အလမ်းပြသခြင်းများ၊ ရင်ခွင်မဲ့ကလေးငယ်များ လျှော့ချရေးနှင့် ကာကွယ်စောင့်ရှောက်ရေးလှုပ်ရှားမှုများ၊ နိုင်ငံကျော်အနုပညာရှင်များ၏ ဖျော်ဖြေရေးအစီအစဉ်များ၊ စုပေါင်းလမ်းလျှောက်ပွဲများ၊ မြန်မာ့ယဉ်ကျေးမှုဆိုင်ရာ ပြခန်းများ၊ စာအုပ်ဈေးရောင်းပွဲတော်များ အစရှိသော အစီအစဉ်များဖြင့် လူငယ်များ၏ အသိပညာ၊ အတတ်ပညာတိုးပွားပြီး အနာဂတ်လူ့ဘောင်အဖွဲ့အစည်းအား ၎င်းတို့၏ အတွေးအမြင်ကောင်းများဖြင့် တည်ဆောက်အကောင်အထည်ဖော်နိုင်ရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**သန်းဇော်မင်း(ပြန်/ဆက်)**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ စာပေဆွေးနွေးပွဲစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် လူငယ်များ၏ စကားသံများ

**လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်(မန္တလေး)ကို ဩဂုတ် ၁၁ ရက်မှ ၁၃ ရက်အထိ မန္တလေးတက္ကသိုလ်၌ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ အဆိုပါပွဲတော်စတင်ကျင်းပမည့် ဩဂုတ် ၁၁ ရက်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နှင့်အတူ စာပေဆွေးနွေးပွဲစကားဝိုင်းတွင် ပါဝင်ဆွေးနွေးကြမည့် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များမှ ကိုယ်စားပြုလူငယ်များ၏ စကားသံများကို ဖော်ပြအပ်ပါသည်။**

**တင်မောင်၊ မင်းထက်အောင်(မန်းကိုယ်ပွား)**



မနန္ဒာလှမင်းအေး



မချိုချိုငြိမ်းသာ



မပပလင်း



မောင်လင်းထက်လွင်



မောင်သန့်ဇင်



မပန်ဆုပြည့်အိမ်

**မနန္ဒာလှမင်းအေး(ဒုတိယနှစ်ကျောင်းသူ)**
**မြန်မာသတင်းအချက်အလက်နည်းပညာတက္ကသိုလ်**

ဒီစကားဝိုင်းဆွေးနွေးပွဲမှာ ကိုယ်ဖတ်ထားတဲ့စာပေတွေကို ဆွေးနွေးသလို သူတို့ဖတ်ထားတဲ့စာပေတွေ ဆွေးနွေးတာကိုလည်း ပြန်ပြီးနားထောင်မယ်။ တကယ်ကောင်းမွန်တဲ့ ဆွေးနွေးပွဲပါ။ လူငယ်တွေအတွက် အခြေခံပြီးလုပ်တဲ့ အတွက်ကြောင့် ကောင်းမွန်ပါတယ်။ နိုင်ငံတော်အနေနဲ့ လူငယ်ဖွံ့ဖြိုးရေးပွဲတွေ၊ စာပေဟောပြောပွဲတွေ၊ စာပေစကားဝိုင်းတွေကို ဒီထက်မက ဆက်လက်ပြီး တော့ကျင်းပပေးစေလိုပါတယ်။ ဖြစ်နိုင်မယ်ဆိုရင်တော့ မြို့နယ်တစ်ခုချင်းစီမှာ ကျင်းပပေးစေလိုပါတယ်။ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ ဆွေးနွေးမှုကနေ တွေးခေါ်ပုံတွေးခေါ်နည်းတွေ သိရှိရမယ်။ ဒါတွေကို လေ့လာပြီးတော့ ကောင်းမွန်တဲ့ အတွေးအခေါ်တွေ ရှင်သန်လာစေမယ်လို့ ထင်ပါတယ်။

**မချိုချိုငြိမ်းသာ(တတိယနှစ်ကျောင်းသူ)**
**ဆေးဘက်ဆိုင်ရာနည်းပညာတက္ကသိုလ်**

လူငယ်ဘက်စုံဖွံ့ဖြိုးရေးပွဲတော်ရဲ့ လူငယ်စကားဝိုင်းမှာ ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် အတွေ့အကြုံသစ်တွေ ရရှိမယ်လို့ယုံကြည်ပါတယ်။ ဒီဆွေးနွေးပွဲမှာ ရသစာပေ၊ သုတစာပေအကြောင်းတွေ ဆွေးနွေးအကြံပြုရမယ်လို့ သိရတယ်။ လူငယ်တွေ တစ်ယောက်နဲ့တစ်ယောက် မတူညီတဲ့စိတ်ကူးတွေကို လေ့လာခွင့်ရမှာဖြစ်တဲ့အပြင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်ရဲ့ လူငယ်တွေအပေါ်မှာ စာပေနဲ့ပတ်သက်ပြီး ဖြစ်စေချင်တဲ့ဆန္ဒတွေကိုလည်း သိခွင့်ရမယ်။ မန္တလေးမှာ ပထမဆုံးအကြိမ်ကျင်းပတာမို့ အခုပွဲတော်ကရလာတဲ့ အသိပညာဗဟုသုတတွေကို အသုံးချနိုင်မယ်ဆိုရင် အများကြီးအကျိုးရှိမှာဖြစ်လို့ အားလုံးပါဝင်ကြဖို့ ဖိတ်ခေါ်ပါတယ်။

**မပပလင်း(တတိယနှစ်ကျောင်းသူ)**
**ဆေးဝါးတက္ကသိုလ်**

အခုပွဲတော်ရဲ့ စာပေစကားဝိုင်းမှာ ဆွေးနွေးခွင့်ရတာ ကြီးမားတဲ့အခွင့်အရေးပါ။ ကျွန်မက ရသစာပေကို မြတ်နိုးတယ်၊ လက်ရှိမှာက အရင်ခေတ်ထက်စာရင် ရသစာပေက ဖွံ့ဖြိုးမှုအားနည်းသွားတယ်။ ရသစာပေက ဖတ်သူရဲ့ နှလုံးသားကို နူးညံ့စေတယ်။ အခုမှုခင်းတွေအဖြစ်များနေတာ ရသစာပေအားနည်းနေတာနဲ့ ဆိုင်တယ်လို့မြင်ပါတယ်။ ဒါကြောင့် ရသစာပေဖွံ့ဖြိုးပြီး မှုခင်းတွေကျဆင်းစေဖို့ ဒီစကားဝိုင်းမှာ လူငယ်တစ်ယောက်အနေနဲ့ ဖြစ်စေချင်တာကို ပြောပြသွားမှာပါ။

**မောင်လင်းထက်လွင်[နောက်ဆုံးနှစ်အပိုင်း(ခ)ကျောင်းသား]**
**ဆေးဝါးတက္ကသိုလ်**

ပထမဆုံးမန္တလေးမှာကျင်းပတဲ့ စာပေဆွေးနွေးပွဲမှာ ပါဝင်ဆွေးနွေးခွင့်ရတယ်။ ပြီးတော့ ဆွေးနွေးရမှာကလည်း အမေစုနဲ့ဆိုတော့ ဝမ်းသာကြည်နူးမိတယ်။ ဒီစာပေဆွေးနွေးပွဲဟာ ပါဝင်ဆွေးနွေးတဲ့သူတွေသာမက နားထောင်သူတွေအတွက်ပါ စာပေရဲ့တန်ဖိုးကို ဂရုပြုမိလာပြီး အကျိုးကျေးဇူးတွေ ခံစားရမယ်လို့ ယုံကြည်ပါတယ်။ လူငယ်တွေအတွက် အဓိကဦးတည်ပြီး ကျင်းပတာဖြစ်တဲ့အတွက် အကျိုးကျေးဇူးရမှာမို့ ညီအစ်ကိုမောင်နှမတွေ အားလုံး ပါဝင်ဆင်နွှဲကြဖို့ ဖိတ်ခေါ်ပါတယ်။

**မောင်သန့်ဇင်(အင်္ဂလိပ်စာဒုတိယနှစ်ကျောင်းသား)**
**မန္တလေးတက္ကသိုလ်**

စာပေစကားဝိုင်းမှာ အမေစုနဲ့ ဆွေးနွေးခွင့်ရတဲ့အတွက် အတွေ့အကြုံကောင်းတွေ ရရှိမှာပါ။ ဆွေးနွေးခွင့်ရတဲ့အတွက် လူငယ်တွေအနေနဲ့ အတွေ့အကြုံကောင်းတွေ ရရှိနိုင်သလို လူကြီးတွေအနေနဲ့ကလည်း ယနေ့လူငယ်တွေရဲ့ စာပေလေ့လာမှတ်သားမှုအပေါ်မှာ သုံးသပ်လို့ရမှာ ဖြစ်ပါတယ်။ ဒီစာပေစကားဝိုင်းမှာ ကျွန်တော့်အနေနဲ့ ရသစာပေအပိုင်းကို အဓိကဆွေးနွေးသွားမယ်။

**မပန်ဆုပြည့်အိမ်(မဟာအရည်အချင်းစစ် နိုင်ငံရေးသိပ္ပံ)**
**မန္တလေးတက္ကသိုလ်**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်နဲ့ ဆွေးနွေးမယ့် စာပေစကားဝိုင်းမှာ ပါဝင်ဆွေးနွေးခွင့်ရတဲ့အတွက် ရင်ခုန်စိတ်လှုပ်ရှားမိပါတယ်။ အခုဆွေးနွေးပွဲက စာပေစကားဝိုင်းဖြစ်တဲ့အတွက် လူငယ်တွေအနေနဲ့ စာပေကိုအသုံးချပြီး နိုင်ငံတော်ကို ဘယ်လိုတည်ဆောက်သွားမလဲ၊ စာအုပ်စာပေလှူမိတ်ဆွေဆိုတဲ့ စကားအတိုင်း စာပေနဲ့ပတ်သက်တဲ့ အခန်းကဏ္ဍအကြောင်းအရာတွေကို ဆွေးနွေးသွားကြမယ်။ ဒီပွဲတော်ကျင်းပပေးတာဟာ လူငယ်တွေအနေနဲ့ စိတ်ပိုင်းဆိုင်ရာခွန်အားတွေ၊ အသိပညာဗဟုသုတတွေ ပိုမိုရရှိသွားကြမယ်လို့ ထင်ပါတယ်။

**❖ ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံမှ**

**(ပြည်ထောင်စုလွှတ်တော်နာယက၏ သဝဏ်လွှာကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်)**

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း ပေးပို့သည့် သဝဏ်လွှာကို သန်လျင်နည်းပညာတက္ကသိုလ်ကျောင်းသားသမဂ္ဂမှ ကိုလင်းထက်က ဖတ်ကြားသည်။

**(အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ သဝဏ်လွှာကို စာမျက်နှာ ၃ တွင် ဖော်ပြထားပါသည်)**

အလားတူ ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားသို့ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ နိုင်ငံတကာသံရုံးများနှင့် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးတို့က သဝဏ်လွှာများ ပေးပို့ခဲ့ကြပြီး သဝဏ်လွှာများအား မှတ်တမ်းတင်ထားရှိမည်ဖြစ်ကြောင်းသိရသည်။

ထို့နောက် ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ကာလ ပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲမှ ရရှိလာသော သုံးသပ်အကြံပြုချက်များကို ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ် (၃၀) ပြည့် အခမ်းအနားဖြစ်မြောက်ရေး ကော်မတီကိုယ်စား ဦးသက်ထွန်းက ဖတ်ကြားပြီး ဦးကိုကိုကြီးက ကော်မတီကိုယ်စား ကျေးဇူးတင်စကား ပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရှစ်လေးလုံးဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနားကို ပထမဆုံးအကြိမ်အဖြစ် ဩဂုတ် ၆ ရက်မှ ၈ ရက်အထိ သုံးရက်တိုင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာတွင် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ခြင်းဖြစ်ပြီး ရှစ်လေးလုံးအရေးတော်ပုံမတိုင်မီ နိုင်ငံရေးအခြေအနေများ၊ အရေးတော်ပုံကာလအတွင်း လှုပ်ရှားမှုပုံရိပ် မှတ်တမ်းဓာတ်ပုံများ၊ အရေးတော်ပုံကာလအတွင်း အသုံးပြုခဲ့သည့် အသုံးအဆောင်ပစ္စည်းများနှင့် အလံများ၊ အရေးတော်ပုံနှင့်ပတ်သက်သည့် ကာတွန်းပိုစတာများကို အများပြည်သူ လာရောက်ကြည့်ရှုနိုင်ရန် ခင်းကျင်းပြသထားသည်။

**သတင်းစဉ်**



ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့် အခမ်းအနားတွင် ပြသထားသော ပြခန်းများရှိ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှုစဉ်။


**“ရှစ်လေးလုံး အရေးတော်ပုံ မတိုင်မီ နိုင်ငံရေးအခြေအနေများ၊ အရေးတော်ပုံ ကာလအတွင်း လှုပ်ရှားမှုပုံရိပ် မှတ်တမ်းဓာတ်ပုံများ၊ အရေးတော်ပုံကာလအတွင်း အသုံးပြုခဲ့သည့် အသုံးအဆောင် ပစ္စည်းများနှင့် အလံများ၊ အရေးတော်ပုံနှင့် ပတ်သက်သည့် ကာတွန်းပိုစတာများကို အများပြည်သူ လာရောက်ကြည့်ရှုနိုင်ရန် ခင်းကျင်း ပြသထား”**



ပြည်ထောင်စုလွှတ်တော်နာယက က ပေးပို့လာသော သဝဏ်လွှာကို ရန်ကုန်တက္ကသိုလ် ကျောင်းသားသမဂ္ဂမှ မောင်စည်သူထွန်း ဖတ်ကြားစဉ်။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပေးပို့လာသော သဝဏ်လွှာကို သန်လျင်နည်းပညာတက္ကသိုလ်မှ မောင်လင်းထက် ဖတ်ကြားစဉ်။



ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ် (၃၀) ကာလပြန်လည်သုံးသပ်ခြင်း ဆွေးနွေးပွဲမှ ရရှိလာသော သုံးသပ်အကြံပြုချက်များကို အခမ်းအနားဖြစ်မြောက်ရေးကော်မတီ ကိုယ်စား ဦးသက်ထွန်း ဖတ်ကြားစဉ်။



ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ် (၃၀) ပြည့် အခမ်းအနားတွင် အခမ်းအနားဖြစ်မြောက်ရေးကော်မတီ ကိုယ်စား ဦးကိုကိုကြီး ကျေးဇူးတင်စကားပြောကြားစဉ်။

# နှစ်(၃၀)ပြည့် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ် အခမ်းအနား မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

နှစ်(၃၀)ပြည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ်အဖြစ် ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးတို့အတွက် တိုက်ပွဲဝင်ရင်း အသက်ပေးလှူသွားခဲ့ကြသော အာဇာနည်သူရဲကောင်းများနှင့် ရှစ်လေးလုံး ပြည်သူ့ဒီမိုကရေစီ အရေးတော်ပုံကြီးတွင် အသက်ပေးလှူသွားခဲ့ကြသော အာဇာနည်သူရဲကောင်းတို့အား ရည်စူး၍ ဂုဏ်ပြုခြင်းနှင့် လွမ်းသူ့ပန်းခွေချ အမျှပေးဝေခြင်း အခမ်းအနားကို ယနေ့နံနက် ၈ နာရီ ၈ မိနစ်က ရန်ကုန်မြို့ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရှစ်စက္ကန့် ငြိမ်သက်အလေးပြုခြင်း၊ ခေတ်အဆက်ဆက် ဒီမိုကရေစီတိုက်ပွဲ အသီးသီးတွင် ကျဆုံးခဲ့ရသော ရဟန်းရှင်လူ၊ ကျောင်းသားပြည်သူများအား ရှစ်စက္ကန့်ငြိမ်သက် အလေးပြုခြင်း၊ ဘာသာပေါင်းစုံမှ ဂုဏ်ပြု ဆုတောင်းမေတ္တာပို့ အမျှပေးဝေခြင်း၊ ပြည်သူ့ရင်ပြင်နီဖော်ဆောင်ခြင်း၊ အာဇာနည်သူရဲကောင်းများ အားလုံးအတွက် လွမ်းသူ့ပန်းခွေချခြင်း၊ အဖွဲ့အစည်း အသီးသီးမှ ပေးပို့သော ဂုဏ်ပြုသဝဏ်လွှာများအား ဖတ်ကြားခြင်း၊ တော်လှန်ရေးကဗျာများ ရွတ်ဆိုဂုဏ်ပြုခြင်းနှင့် တိုက်ပွဲဝင်တေးသီချင်းများ သီဆိုခြင်း စသည်တို့ကို ပြုလုပ်ကြသည်။

“ဒီလိုမျိုး ပန်းခြံရှေ့မှာ ပြုလုပ်ရတာက ရှစ်လေးလုံး အရေးတော်ပုံမှာ ပါဝင်ခဲ့တဲ့ ရဲဘော်တွေ၊ ရဟန်းရှင်လူပြည်သူတွေရဲ့ ဘဝတွေ၊ အသက်တွေ၊ သွေးတွေကို ဒီနေရာမှာ ပေးဆပ်ပြီးမှ ရခဲ့တဲ့အတွက် သူတို့ကို ဂုဏ်ပြုကျေးဇူးဆပ်သောအားဖြင့် လွမ်းသူ့ပန်းခွေချ အမျှပေးဝေတဲ့ အခမ်းအနား ဖြစ်ပါတယ်။ ဒီလိုလုပ်ရုံနဲ့ သူတို့အတွက် တာဝန်ကျေပြီလားဆိုတော့ မကျေသေးပါဘူး။ ကျွန်တော်တို့ သက်ရှိထင်ရှားရှိနေတဲ့အချိန်မှာ အတိတ်က သမိုင်းတွေကို သင်ခန်းစာယူရမယ်။ မျိုးဆက်သစ်တွေကို ဒီသမိုင်းတွေနဲ့ ပတ်သက်ပြီး လက်ဆင့်ကမ်းပေးရမယ်။ ကျွန်တော်တို့ တာဝန်ကျေဖို့အတွက်က သူတို့အားလုံး မျှော်မှန်းခဲ့တဲ့ စစ်မှန်တဲ့ ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စု ဖြစ်ထွန်းပေါ်ပေါက်ရေးအတွက် တစ်ဦးချင်းစီမှာ တာဝန်ရှိတယ်လို့ခံယူပြီး ဆက်လက်သယ်ဆောင်သွားဖို့ လိုပါတယ်”ဟု နိုင်ငံရေးအကျဉ်းသားဟောင်းများအဖွဲ့မှ ဦးဆောင်ကော်မတီဝင် ဦးထွန်းကြည်က ပြောသည်။



အဆိုပါ အခမ်းအနားကျင်းပရခြင်းသည် ရင်ပြင်နီ၊ ဒီမိုကရေစီ ပြည်သူ့ဟစ်တိုင်အဖြစ် ခေါင်းစဉ်ပေးထားပြီး မေတ္တာကို အခြေပြုသော ငြိမ်းချမ်းရေးဖော်ဆောင်ခြင်းမှ တစ်ပါး အခြားမရှိ။ ရှစ်လေးလုံးပိုင်ရှင်ဖြစ်သော ပြည်သူလူထုတစ်ရပ်လုံးနှင့် ယနေ့မျိုးဆက်သစ်တို့အား ဦးညွှတ်ဂုဏ်ပြုလျက် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

“ဒီနေ့ ကျွန်တော်တို့ ပြောနေတာတွေကလည်း အာဃာတထားပြီး ပြောနေတာ မဟုတ်ပါဘူး။ အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် အမှန်တကယ်သင့်မြတ်လိုစိတ်၊ ငြိမ်းချမ်းလိုစိတ်နဲ့ ပြောခြင်းဖြစ်ပါတယ်။ လူငယ်တွေအနေနဲ့လည်း သမိုင်းရေးရာတွေကို သိရှိနားလည်ဖို့ လိုပါတယ်။ သမိုင်းကို ဘယ်လို သင်ခန်းစာယူမလဲ၊ သမိုင်းကို ရှုမြင်တဲ့အခါမှာ မျက်တောင်မွေးတစ်ဆုံးပဲ ကြည့်လို့မရပါဘူး။ မျက်စိတစ်ဆုံး ကြည့်ပြီး လုပ်မှသာလျှင် အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေ စာများများဖတ်ဖို့ လိုပါတယ်”ဟု ဦးထွန်းကြည်က ဆိုသည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အထိမ်းအမှတ် အခမ်းအနားကို ၂၀၁၄ ခုနှစ်မှစတင်ကာ မဟာဗန္ဓုလပန်းခြံရှေ့၌ ကျင်းပလာခဲ့ပြီး အနယ်နယ်အရပ်ရပ်တွင်လည်း သက်ဆိုင်ရာအဖွဲ့အစည်းများက အထိမ်းအမှတ် အခမ်းအနားများကို ကျင်းပလျက်ရှိကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ-အေးမင်းသူ**
**ဇာနည်မောင်**

# ဗန်းမော်မြို့တွင် ရှစ်လေးလုံး နှစ်(၃၀)ပြည့် အထိမ်းအမှတ် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဗန်းမော် ဩဂုတ် ၈**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ်အဖြစ် ယနေ့နံနက် ၇ နာရီမှ စတင်၍ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဝန်ထမ်းများ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများက ဗန်းမော်မြို့ မြို့မရပ်ရှိ ရုပ်ပြေးဂိတ်မှ ခွန်သာရပ်ကွက်အထိ ကမ်းနားလမ်း ရေထိန်းနံရံတစ်လျှောက် ဘေးဝဲ၊ ယာနှင့် လမ်းများတွင် စုပေါင်းအမှိုက်ကောက်သန့်ရှင်းရေး ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနားများ ရန်ကုန်မြို့တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပ

**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ(RC)၌ သုံးရက်ကြာ ကျင်းပသည့် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ်အခမ်းအနား၌ ရဟန်းရှင်လူ၊ ပြည်သူများနှင့် ကျောင်းသား ကျောင်းသူများဖြင့် အထူးစည်ကားသက်ဝင်လျက်ရှိသည်။

အခမ်းအနား မကျင်းပမီ ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ နှစ်(၃၀)ပြည့်ကို ဂုဏ်ပြုသည့်အနေဖြင့် ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့မှ အခမ်းအနားကျင်းပရာ ရန်ကုန်တက္ကသိုလ်နယ်မြေအတွင်းသို့ စက်ဘီးစီးနင်းလာသည့် အဖွဲ့ဝင်များ ပန်းဝင်ရောက်ရှိလာမှုကလည်း ယနေ့ အခမ်းအနားကို ပိုမိုသက်ဝင်စေခဲ့သည်။

"ဒီမိုကရေစီတိုက်ပွဲက အရှိန်အဟုန် မပျက်သေးပါဘူး။ ကောင်းနေသေးတဲ့အတွက် ကျွန်တော်တို့အားလုံးဟာ မျှော်လင့်ချက်တွေရှိနေပါသေးတယ်။ နှစ်(၃၀)ပြည့် နိုင်ငံရေးဆွေးနွေးပွဲတွေက ရရှိခဲ့တဲ့ ဆုံးဖြတ်ချက်တွေ အားလုံးကို ခြုံကြည့်ရင် ဒီမိုကရေစီတိုက်ပွဲ ဆက်လက်လုပ်ဖို့ပါပဲ။ ဆက်လက်ချီတက်ဖို့ပါ။ အများကြီး အကျိုးရှိတဲ့ အခမ်းအနားပါ"ဟု အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဗဟိုအလုပ်အမှုဆောင်အဖွဲ့ အတွင်းရေးမှူးအဖွဲ့ဝင် ဦးညဏ်ဝင်းက ပြောသည်။

ဇီးကုန်း-ရန်ကုန် ခရီးစဉ်ကို စက်ဘီးဖြင့် လာရောက်ခဲ့ကြသည့်အဖွဲ့မှ နိုင်ငံရေးအကျဉ်းသားဟောင်း ကိုထိုက်က "ရှစ်လေးလုံး အရေးတော်ပုံ နှစ်(၃၀) ပြည့် အထိမ်းအမှတ်အခမ်းအနားကို ဘယ်တုန်းကမှ လုပ်ခွင့်မရခဲ့တဲ့ ရန်ကုန်တက္ကသိုလ်ထဲမှာ အခုလုပ်ခွင့်ရတဲ့အတွက်ရယ်၊ အရေးတော်ပုံမှာ ကျဆုံးသွားခဲ့ရတဲ့ ရဲဘော်တွေကိုလည်း အလေးပြုချင်တဲ့အတွက် ဇီးကုန်း-ရန်ကုန် မိုင် ၁၃၀ ခရီးကို စက်ဘီးစီးပြီးလာခဲ့ကြတာပါ။ အဓိကကတော့ နှစ်(၃၀) ပြည့် အခမ်းအနားကို ဂုဏ်ပြုတာပါ။ ကျွန်တော်တို့နိုင်ငံမှာ ညီညွတ်မှုနဲ့စည်းလုံးမှု လိုအပ်နေပါတယ်။ အကုန်လုံး စည်းလုံးညီညွတ်စေချင်ပါတယ်"ဟု ဆိုသည်။



ရှစ်လေးလုံး လူထုအရေးတော်ပုံနှင့်ပတ်သက်၍ တစ်ချိန်က ကြားသိခဲ့ရသည်များကို ယခုပြခန်းများတွင် မျက်ဝါးထင်ထင်တွေ့မြင်ရ၍ လူထုအရေးတော်ပုံသမိုင်းကို ပိုမိုသိရှိလာခဲ့ရကြောင်း ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်မှ မထက်ထက်ဝင်းနိုင်က ဆိုသည်။

ယနေ့ ကျင်းပသည့် အခမ်းအနားကို မျိုးဆက်သစ်လူငယ်များ စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာ ပါဝင်ဆင်နွှဲခဲ့ကြသည်ကိုလည်း တွေ့ရသည်။

နှစ်ပေါင်း(၃၀)ကြာမှ ရန်ကုန်တက္ကသိုလ်အတွင်းရှိ ကျောင်းနံရံများတွင် ဒေါင်းအလံများ တလူလူစိုက်ထူထားသည့် မြင်ကွင်းကလည်း ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားကို အမှတ်တရ ဖြစ်စေသည်။

အလားတူ ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ မြို့တော်ခန်းမအနီး မဟာဗန္ဓုလပန်းခြံရှေ့တွင် ခေတ်အဆက်ဆက် ငြိမ်းချမ်းရေး၊ လူ့အခွင့်အရေး၊ ဒီမိုကရေစီရေးနှင့် ဒီမိုကရေစီအရေးတော်ပုံကြီးတို့တွင် အသက်ပေးလှူသွားကြသူများကို ရည်စူး၍ ရေစက်ချအမျှဝေခြင်းနှင့် ဂုဏ်ပြုလွမ်းသူ့ပန်းခွေချသည့် အခမ်းအနားကိုလည်း ကျင်းပခဲ့သည်။

မွန်းလွဲပိုင်းတွင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံကာလအတွင်း သမိုင်းဝင်သီချင်းတစ်ပုဒ် ဖြစ်ခဲ့သည့် "ကမ္ဘာမကျေဘူး"သီချင်းကို သီဆိုခဲ့ကြပြီး နှစ်(၃၀)မြောက် ပုလဲရတု အထိမ်းအမှတ် အမှတ်တရပွဲကိုလည်း ရန်ကုန်မြို့ ဗဟန်း မြို့နယ် GOETHE INSTITUTE (ယခင် ပန်းချီပန်းပု ကျောင်းနေရာ)၌ ကျင်းပခဲ့သည်။

ထို့အတူ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားများကို ရန်ကုန်မြို့ရှိ သက်ဆိုင်ရာနေရာအသီးသီးတွင် ယနေ့စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြောင်း သိရသည်။

**သတင်း-ဇော်ကြီး၊ ဓာတ်ပုံ-ဖေဇော်**

# မြစ်ကြီးနားမြို့တွင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနား ကျင်းပ

**မြစ် ဩဂုတ် ၈**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့တွင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားနှင့် အောက်မေ့ဖွယ် အခမ်းအနားကို ယနေ့တွင် မြိတ်ခရိုင် ၈၈ မျိုးဆက် ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့ အစည်းက ဦးဆောင်ကျင်းပခဲ့ကြောင်း သိရသည်။

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားကို ကလွင်ကျေးရွာ တောရအောက်ကျောင်းဓမ္မာရုံ၌ နံနက် ၉ နာရီခွဲခန့်က ကျင်းပရာ နှစ်(၃၀)ပြည့် အခမ်းအနားဖြစ်မြောက်ရေး ကော်မတီ၊ ရန်ကုန် ၈၈ မျိုးဆက်ငြိမ်းချမ်းရေးနှင့် ပွင့်လင်းလူ့အဖွဲ့အစည်း၊ မြိတ်ခရိုင်နှင့် မြိတ်မြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီ၊ မြိတ်မြို့နယ် တောင်သူလယ်သမားနှင့် မြေယာလုပ်သားများသမဂ္ဂ၊ တက္ကသိုလ်ကျောင်းသားသမဂ္ဂများ၊ ဒီမိုကရက်တစ်ကျောင်းသားများ တပ်ဦးတို့မှ ပေးပို့ကြသော သဝဏ်လွှာများကို တာဝန်ရှိသူများက ဖတ်ကြားခဲ့ကြသည်။



ဆက်လက်၍ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်းမှ ကျောင်းသား ကျောင်းသူများနှင့် မြိတ်ခရိုင် တက္ကသိုလ်များကျောင်းသားသမဂ္ဂမှ ကျောင်းသား ကျောင်းသူများက အောက်မေ့ဖွယ် တေးသီချင်းများ သီဆိုခဲ့ကြသည်။ မွန်းလွဲ ၁ နာရီတွင် မြစ်ငယ်ရပ်ကွက် ရွှေကျောင်းလမ်း၌ ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ အတွင်း ရွှေကျောင်း ကျောင်းရှေ့လမ်းမပေါ်တွင် ကျဆုံးသူများအား အောက်မေ့လွမ်းဆွတ်ခြင်း၊ အထိမ်းအမှတ် ပန်းစည်းချခြင်း၊ တစ်မိနစ်ငြိမ်သက်အလေးပြုခြင်း၊ အမှတ်တရကဗျာရွတ်ဆိုခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခိုင်ထူး(ပြန်/ဆက်)**

# မိုးညှင်းမြို့တွင် ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနား ကျင်းပ



**မိုးညှင်းမြို့နယ်**

ကချင်ပြည်နယ် မိုးညှင်းမြို့နယ် နန်းမားကျေးရွာ ရှမ်းစုရပ်ကွက် သစ်ပျံကျောင်းတိုက် လောကမှန်အောင်ဘုရားကြီး ကဇာတ်ရုံတွင် ယနေ့နံနက် ၉ နာရီက ရှစ်လေးလုံးအရေးတော်ပုံ နှစ်(၃၀)ပြည့် အခမ်းအနားကို ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မိုးညှင်းခရိုင်အတွင်းမှ ၈၈ မျိုးဆက် ကျောင်းသားဟောင်းများနှင့်အတူ ရန်ကုန်၊ မန္တလေး၊ မြစ်ကြီးနား၊ မိုးညှင်း၊ ဖားကန့်၊ မိုးကောင်းမြို့နယ်များမှ ၈၈ မျိုးဆက်ကျောင်းသားဟောင်းများနှင့် စောင့်ကြည့်လေ့လာကြသူများ စုစုပေါင်းအင်အား ၅၀၀ ခန့် တက်ရောက်ကြကြောင်း သိရသည်။

**နီတိုး(မိုးညှင်း)**

# နိုင်ငံတစ်ဝန်း ရှစ်လေးလုံး ဒီမိုကရေစီ အရေးတော်ပုံ အခမ်းအနားများ ကျင်းပ

**မော်လမြိုင်မြို့**

ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်မြို့ တောင်ပေါက်ကျောင်းတိုက်(နှီးဘုရားကြီး)၌ ကျင်းပသည်။

အခမ်းအနားဖြစ်မြောက်ရေးအဖွဲ့ ဒုတိယတာဝန်ခံ ၈၈ မျိုးဆက်ကျောင်းသားဟောင်း ဦးထွန်းနောင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးမင်းထင်အောင်ဟန်နှင့် ဦးဝင်းဗိုလ်တို့က အမှတ်တရစကားများ ပြောကြားသည်။

ဆက်လက်၍ နည်းပညာတက္ကသိုလ် ကျောင်းသားသမဂ္ဂဥက္ကဋ္ဌ ဟောင်း မောင်ဘုန်းမြတ်မိုးက ကျောင်းဖွင့်ချိန် ခေါင်းစဉ်ဖြင့်လည်းကောင်း၊ ၈၈ ကျောင်းသားများသမဂ္ဂဟောင်း ဦးဇင်အောင်ကျော်ထင်က အရောင်ရင့်ရင့် အနီရဲရဲ ခေါင်းစဉ်ဖြင့်လည်းကောင်း အမှတ်တရကဗျာများ ရွတ်ဆိုကြပြီး ရှစ်လေးလုံး ဒီမိုကရေစီအရေးတော်ပုံတွင် ကျဆုံးခဲ့သော ရဲဘော်ခြောက်ဦးအတွက် ကျန်ရစ်သူမိသားစုများအား အလှူငွေများထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝေလင်း(ပြန်/ဆက်)**

---

**ရေဦးမြို့**

စစ်ကိုင်းတိုင်းဒေသကြီး ရေဦးမြို့ ရွှေသိမ်တော်ကျောင်းတိုက်တွင် ယနေ့နံနက် ၁၀ နာရီက ရှစ်လေးလုံးအရေးတော်ပုံ အထိမ်းအမှတ်ဆွေးနွေးပွဲနှင့် ကဗျာရွတ်ဆိုပွဲပြုလုပ်ခဲ့ကြောင်း သိရသည်။

ဆွေးနွေးပွဲတွင် စာရေးဆရာ အောင်ဟိန်း(ရေဦး)က ရှစ်လေးလုံး အရေးတော်ပုံကာလတွင် ဖြတ်သန်းခဲ့ရသည့် အတွေ့အကြုံများကို ရှင်းပြခဲ့သည်။ ထို့နောက် စာရေးဆရာများဖြစ်ကြသော ကျော်ရင်မောင်၊ ကိုဘခိုင်တို့က ရှစ်လေးလုံးအရေးတော်ပုံနှင့် သက်ဆိုင်သော ကဗျာများရွတ်ဆိုခဲ့ကြသည်။ ဆက်လက်၍ တက်ရောက်လာသူများက အုပ်စုသုံးစုခွဲကာ နိုင်ငံ့အကျိုးပြုအကြံပြုချက်များ ဆွေးနွေးခဲ့ကြသည်။ **သန်းထိုက်(ရေဦး)**

---

**မော်လမြိုင်ကျွန်းမြို့**

မော်လမြိုင်ကျွန်းမြို့တွင် ရှစ်လေးလုံး နှစ်(၃၀)ပြည့် ပုလဲရတုအထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မော်လမြိုင်ကျွန်းမြို့ အမှတ် ၃ ရပ်ကွက် မဟာဗန္ဓုလလမ်း (၇)လမ်းထိပ် ယာယီမဏ္ဍပ်၌ ကျင်းပသည်။

ယင်းအခမ်းအနားတွင် မြို့နယ်အတွင်းရှိ ပြည်သူများအား ကြက်သား၊ ပဲကုလားဟင်းနှင့် စတုဒိသာမုန့်မျိုးစုံတို့ဖြင့် ကျွေးမွေးဧည့်ခံဒါနပြုကြသည်။

ယင်းနောက် ယနေ့ နံနက် ၅ နာရီက မြို့ပေါ်ရှိ သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းခြင်း၊ အမျှအတန်းပေးဝေခြင်းနှင့် ရေစက်ချပွဲကျင်းပခဲ့ကြသည်။

ထို့နောက် မွန်းလွဲ ၁ နာရီမှ ညနေ ၅ နာရီအထိ ရှစ်လေးလုံး အောက်မေ့ဖွယ်အခမ်းအနား ဖွင့်လှစ်ခြင်းနှင့် ကိုယ်တွေ့ကြုံသူများ၏ အမှတ်တရ စကားဝိုင်း ဟောပြောခြင်းများ ကျင်းပကြသည်။

**မော်ကျွန်း-မြင့်အောင်**

## ပြည်သူတွေရဲ့ဘဏ္ဍာငွေတွေကို ဘယ်လို စနစ်တကျသုံးစွဲမယ်ဆိုတာ အမြဲတမ်းကြိုးစားနေပါတယ်

ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း

# စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း၊ စီမံကိန်းရေးဆွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်တင့်နှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (အငြိမ်းစား) ဦးကြည်ရှိန်တို့ပါဝင်သော စီးပွားရေးစကားဝိုင်းအစီအစဉ်ကို ဇူလိုင် ၅ ရက် နံနက်ပိုင်းက နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ပြုလုပ်ခဲ့ပါသည်။ အဆိုပါစကားဝိုင်းတွင် ဆွေးနွေးခဲ့သည်များကို ပြန်လည်ဖော်ပြအပ်ပါသည်-**

သတင်း- ရှင်မင်း၊ မွေးကြူ၊ ဓာတ်ပုံ- အေးသန်း


ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း


ဦးမောင်မောင်တင့်


ဒေါ်နွဲ့နွဲ့ဝင်း


ဦးကြည်ရှိန်

(ယမန်နေ့မှအဆက်)

**အစီအစဉ်မှူး။ ။ သက်ကြီးဘိုးဘွားတွေကို အရင်က သိထားတာက အသက် ၉၀ ကျော်မှ ထောက်ပံ့တယ်လို့ သိရပါတယ်။ အခုက ဘယ်လိုထောက်ပံ့တာပါလဲ။**

**ညွှန်ကြားရေးမှူးချုပ် ဒေါ်နွဲ့နွဲ့ဝင်း။** ။ မနှစ်က အသက် ၉၀ အထိ ဖြစ်ပါတယ်။ ဒီနှစ် အစီအစဉ်ကတော့ ၈၅ နှစ်အထက်ဆိုပြီးတော့မှ အစီအစဉ်နဲ့ ထောက်ပံ့ဖို့ စီစဉ်ထားပါတယ်။ ပိုပြီးတော့မှ ထောက်ပံ့နိုင်ဖို့ဖြစ်ပါတယ်။

**အစီအစဉ်မှူး။ ။ ဆရာကြီးအနေနဲ့ရော နိုင်ငံတော်အစိုးရရဲ့ ဘဏ္ဍာရေးစည်းမျဉ်းနဲ့ အစိုးရရဲ့ ငွေစာရင်းထိန်းသိမ်းခြင်းအကြောင်းကိုလည်း ရှင်းပြပေးပါ။**

**ဦးကြည်ရှိန်။** ။ အမှန်တော့ ကျွန်တော်တို့ အခုဆွေးနွေးခဲ့တာတွေအားလုံးက ပြည်သူ့ဘဏ္ဍာငွေတွေကို ကျွန်တော်တို့က ဘယ်လိုစီမံခန့်ခွဲတယ်။ ဘယ်လိုကြပ်ကြပ်မတ်မတ် ထိန်းထိန်းသိမ်းသိမ်းလုပ်နေတယ်ဆိုတဲ့ အပိုင်းပါပဲ။ ပြည်သူ့ဘဏ္ဍာငွေနဲ့ပတ်သက်လို့ လုပ်ငန်းစဉ်တွေက ပထမ Planning ဆိုတဲ့ Plan လုပ်ပါတယ်။ စီမံကိန်းပေါ့။ တစ်နည်းအားဖြင့် ဘာအလုပ်တွေလုပ်မယ်ဆိုတာကို ပြောတဲ့သဘောပါပဲ။ ဒုတိယက ဘတ်ဂျက်ပါ။ အဲဒီအလုပ်တွေလုပ်ရင် ငွေကြေးတွေ ဘယ်လောက်ကုန်ကျမလဲ၊ ငွေတွေ ဘယ်လောက်ရမလဲ၊ ဘယ်လောက်သုံးမလဲဆိုတဲ့ အပိုင်းတွေ အဲဒါတွေက ဘတ်ဂျက်ရဲ့အပိုင်း ရောက်လာတာပါ။ ဘတ်ဂျက်လည်း အတည်ပြုလိုက်လို့ ဥပဒေလည်း အတည်ပြုလိုက်တဲ့အချိန်ကျတော့ အကောင်အထည်ဖော်ပြီ။ အကောင်အထည်ဖော်ပြီဆိုရင် ရတာတွေကို ကောက်ချင်သလို ကောက်၊ သုံးတာတွေကို သုံးချင်သလိုသုံးဆိုတာ မဖြစ်ရအောင် ထိန်းသိမ်းကွပ်ကဲပေးတာ ဘဏ္ဍာရေးစည်းမျဉ်းပါ။ ဘဏ္ဍာရေးစည်းမျဉ်းဆိုတာ နာမည်အနေနဲ့သာလျှင် စည်းမျဉ်းလို့ပြောတာပါ။ တကယ်တော့ ဘာသာရပ်တစ်ခုအနေနဲ့ ပြောတာပါ။ ဥပမာ- ဝန်ထမ်းစည်းမျဉ်းရှိမယ်၊ ဘဏ္ဍာရေးစည်းမျဉ်းရှိမယ်၊ ငွေစာရင်းထားနည်းရှိမယ် စသဖြင့်ပေါ့။ ဘာသာရပ်တစ်ခုအနေနဲ့သာလျှင် ဘဏ္ဍာရေးစည်းမျဉ်းလို့ပြောတာ။ အမှန်တော့ ဘဏ္ဍာရေးစည်းမျဉ်းထဲမှာ ဥပဒေတွေပါ အကုန်ပါပြီးသားပါ။ ဒုတိယဝန်ကြီးတင်ပြသွားတဲ့ အခွန်အကောက်ရငွေတွေနဲ့ပတ်သက်တဲ့ အခွန်အကောက်ဥပဒေ၊ စီမံကိန်းဥပဒေ၊ ကျွန်တော်တို့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေ စသဖြင့် ငွေရေးကြေးရေးနဲ့ ပတ်သက်လာတဲ့ကိစ္စတွေ၊ ဥပဒေတွေအပြင် ညွှန်ကြားချက်တွေအထိ ဘဏ္ဍာရေးစည်းမျဉ်းထဲမှာ အကျုံးဝင်သွားပါတယ်။

### စနစ်တကျ စာရင်းနဲ့ ပြန်ပြီး မှတ်တမ်းတင်

ပြည်သူ့ဘဏ္ဍာငွေစီမံခန့်ခွဲတဲ့အထဲမှာ စီမံကိန်း ဘတ်ဂျက်၊ ဘဏ္ဍာရေးစည်းမျဉ်း ရှိတယ်။ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းပြီးရင် ငွေစာရင်းထားနည်းလာတယ်။ ပြည်သူ့ဘဏ္ဍာတွေရတာ၊ သုံးတာတွေကို တကယ့်စနစ်တကျ စာရင်းနဲ့ပြန်ပြီး မှတ်တမ်းတင် ထိန်းသိမ်းထားရပါတယ်။ အဲဒီစာရင်းတွေကိုကြည့်ပြီး ဘယ်သူစစ်လဲဆိုတော့ ဌာနတွင်းစာရင်းစစ်က စစ်တယ်။ ပြီးရင် မြန်မာနိုင်ငံစာရင်းစစ်ချုပ်ရုံးက စစ်တယ်။ စာရင်းစစ်ချုပ်ရုံး စစ်ပြီးတဲ့အချိန်ကျတော့မှ တာဝန်ခံရတဲ့ပုဂ္ဂိုလ်များ စစ်တယ်။ ဘဏ္ဍာရေးကို ဘယ်သူတွေတာဝန်ခံလဲဆိုတော့ ဘဏ္ဍာရေးကျတော့ ရာထူးအလိုက် မခေါ်တော့ပါဘူး။ Controling Officer နဲ့ Drawing Officer က သေချာကြီးကြပ်ပြီးဆောင်ရွက်ရတာ ဖြစ်ပါတယ်။ ဘဏ္ဍာရေးမှာ ကြီးကြပ်သူအရာရှိနှင့် ငွေထုတ်သူအရာရှိက ငွေရေးကြေးရေးကို ဘဏ်နဲ့ဆက်သွယ်ပြီး တကယ်သွင်းတယ်။ ဘဏ်ထဲကထုတ်တယ်။ ထုတ်ပြီးတော့ အသုံးစရိတ်တွေ သုံးစွဲတယ်။ ဒီပုဂ္ဂိုလ်တွေက စာရင်းစစ်ပြီးသွားပြီဆိုတော့မှ စိတ်အေးသွားပြီ။ သူတို့လုပ်ထားတာတွေက စည်းမျဉ်းနဲ့ ကိုက်တယ်။ လုပ်ထားတဲ့မှတ်တမ်းတွေကလည်း တကယ်ရှိတယ်။ စနစ်တကျနဲ့ အကုန်လုံး လာကြည့်ကြပါဆိုပြီး ပွင့်ပွင့်လင်းလင်း ဖြစ်သွားပါတယ်။

### သတ်မှတ်စည်းကမ်းတွေရှိ

ဘဏ္ဍာရေးစည်းမျဉ်းမှာ ဘာအရေးကြီးလဲဆိုတော့ Implementation အပိုင်းမှာ ဒီငွေတွေကို သွင်းတယ်၊ ထုတ်တယ်ဆိုရင် ရတဲ့ငွေတွေကို ပြည်သူ့ဘဏ္ဍာရန်ပုံငွေထဲ ထည့်ရတယ်။ သုံးစရာရှိလည်း ပြည်သူ့ဘဏ္ဍာငွေထဲက ထုတ်သုံးရတယ်။ ရတဲ့ပိုက်ဆံတွေ ထည့်လိုက်တာနဲ့ ရငွေကိစ္စ အမျိုးအစားတစ်ခုချင်း တစ်ခုချင်းမှာ သတ်မှတ်ထားတဲ့ စည်းကမ်းတွေရှိတယ်။ ဘာလို့လဲဆိုတော့ အလေအလွင့်မဖြစ်သွားအောင်၊ အလွဲသုံးစားမှု မဖြစ်သွားအောင်၊ လိမ်လည်မှုတွေ မဖြစ်အောင်၊ ယာယီအလွဲသုံးစားမှုကအစ မဖြစ်အောင် အဲဒါတွေကို ဘယ်လိုလုပ်ရမလဲဆိုတဲ့ ရငွေ item တစ်ခုချင်းအတွက် သတ်မှတ်ချက်တွေ ရှိပါတယ်။

ထို့နည်းတူပဲ အသုံးစရိတ်တွေနဲ့ပတ်သက်ပြီး ဥပမာ- လစာနဲ့ စရိတ်ဆို ဘယ်လိုလုပ်ရမယ်၊ ခရီးစရိတ်တွေဆို ဘယ်လိုလုပ်ရမယ်၊ ငွေလုံးငွေရင်းဆို ဘယ်လိုလုပ်ရမယ်၊ သတ်မှတ်ထားတာတွေအားလုံးက ဘဏ္ဍာရေးစည်းမျဉ်းပါပဲ။

### အစိုးရစာရင်းထားနည်း

နောက်တစ်ခုက အစိုးရစာရင်းထားနည်းဆိုတာ တချို့က အစိုးရစာရင်းကို နားလည်တာက တစ်ဖက်သွင်းစနစ်ပေါ့၊ တစ်ဖက်သွင်းစနစ်ကတော့ လွတ်လပ်ရေးမရခင်ကတည်းက နည်းစနစ်နဲ့ စခဲ့တာပေါ့။ အဲဒါ ဘယ်သူစလုပ်လဲဆိုရင် မြန်မာနိုင်ငံငွေစာရင်းမင်းကြီးဆိုပြီးတော့ ငွေစာရင်းမင်းကြီးက သူ့ဆီကို နယ်မှာရှိတဲ့ ငွေတိုက်တွေက ဘောက်ချာစာရင်း၊ ချလန်စာရင်း အကုန်ပို့ရတယ်။ အဲဒီအပေါ်မှာရှိတဲ့ ငွေစာရင်းခေါင်းစဉ်တွေ စနစ်တကျလုပ်ပြီး သာမန်ငွေလုံးငွေရင်း၊ ကြွေးမြီတွေကို အကုန်လုံး သူက စာရင်းလုပ်တယ်။ ၁၉၇၂ ခုနှစ်လည်းကျတော့ တကယ်လက်တွေ့လုပ်တဲ့ သူက ငွေစာရင်းမင်းကြီးရုံးနဲ့လုပ်ရတာ နှောင့်နှေးတယ်၊ ကြန့်ကြာတယ်၊ အဲဒါကြောင့် စနစ်ပြောင်းလိုက်တယ်။ ဘယ်လိုပြောင်းလိုက်လဲဆိုတော့ ငွေထုတ်စာရင်းစနစ် Drawing Account စနစ်၊ ဘတ်ဂျက်အရ ခွဲဝေပေးလိုက်တဲ့ ခွင့်ပြုငွေတွေ ကောက်ခံမယ်၊ သုံးစရာရှိတာကို အဲဒီထဲက သုံးမယ်။ သူ့ Account က ဘဏ်မှာရှိသွားပြီလေ၊ Drawing Account ထဲမှာ ဝင်တယ်၊ Drawing Account ထဲကထုတ်တယ်။ ဒါတွေလုပ်ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့က စာရင်းမှတ်တယ်။ နယ်တွေမှာက စာရင်းပညာကျွမ်းကျင်တဲ့ပုဂ္ဂိုလ် ရှားနေတုန်းပဲ။ ၁၉၇၂ ခုနှစ်တုန်းကဆို ဘယ်လောက်ရှားပါးမလဲ စဉ်းစားကြည့်ပါ။ အဲဒီတော့ Single Entry ဆိုပေမယ့် သူတို့တွေရဲ့စာရင်းတွေက တကယ်တိတိကျကျ မှန်မှန်ကန်ကန်ဖြစ်ကြောင်းကို proof လုပ်ထားတဲ့နည်း၊ ပုံစံ ၁၃ ခုနဲ့ ကျွန်တော်တို့ လုပ်ပေးထားတယ်။ သူ့ဆီက စာရင်းက မှန်ကန်ပါတယ်ဆိုပြီး သက်သေပြပြီး စာရင်းချုပ်ပေးရတယ်။ ဘဏ်နဲ့လည်း ဆွေးနွေးရတယ်။ အောက်ခြေမှာ Single Entry ဆိုတာ အဲဒီမှာပဲသုံးတာပဲ။ အစိုးရအလုပ်က Services လေ။ အုပ်ချုပ်ရေး စီမံရေး လုပ်တယ်။ အောက်ခြေက Single Entry နဲ့ သေချာသက်သေပြပြီးတော့ ဘဏ်နဲ့လည်း ကိုက်ညီပြီးတော့မှ ဦးစီးဌာနကို ပို့ပါတယ်။ ဦးစီးဌာနကို ပေးပို့တော့ ဦးစီးဌာနကျမှ Contra Entry ပေါ့၊ တစ်နည်းအားဖြင့် Double Entry လို့ ပြောလည်းရပါတယ်။ ဒါပေမယ့် Accrual တော့မဟုတ်ဘူး၊ ဘာတွေပေးစရာ ရှိနေတယ်၊ ယေဘုယျအားဖြင့်ပဲ မှတ်တယ်။ အကြွေးစာရင်းလည်း မှတ်တယ်။ အကြွေးစာရင်းတွေ ဘယ်လောက် Opening Balance ရှိတယ်။ ဒီနှစ်ဘယ်လောက်ရှိတယ်၊ ဘယ်လောက်ပေးတယ်။ Closing Balance ဘယ်လောက်ရှိတယ်။ အဲဒီအထိတော့ မှတ်တယ်။

### စာရင်းနှစ်ခုကိုက်ညီအောင်လုပ်

သို့သော်လည်း Accrual အနေနဲ့ မမှတ်ဘူး။ စာရင်းအနေနဲ့ ငွေအနေနဲ့ အဝင်၊ အထွက်တွေပဲ မှတ်တယ်။ စာရင်းလုပ်တဲ့သူ့ ဘတ်ဂျက်ကို မှီရတယ်။ စာရင်းမှာ ဘတ်ဂျက်ခေါင်းစဉ်အတိုင်းဖော်ရတယ်။ ငွေစာရင်းက ဘတ်ဂျက်အလိုက် လိုက်ပြီး လုပ်ရတယ်။ ခုနကဟာလေး ပြန်ဆက်ရရင် အခြေခံဌာနတွေဖြစ်တဲ့ မြို့နယ်ရုံးတွေက ဦးစီးဌာနကို ပို့ပြီး ဦးစီးဌာနက Contra နဲ့ သွားတယ်။ တစ်ဖက်က သုံးတဲ့စာရင်းပေါ့။ တစ်ဖက်က ဘဏ်က ပေးတဲ့စာရင်းပါ။ နှစ်ခုပေါင်းပြီး တစ်ခါတည်း ပြန်ကိုက်ညီတယ်။ အောက်ခြေမှာတုန်းကလည်း စာရင်းနှစ်ခုကို ကိုက်ညီအောင် လုပ်ပေးရတယ်။ ဦးစီးဌာနက ပြီးသွားပြီဆိုရင် ဦးစီးတစ်ခုချင်းကနေပြီးတော့ ငွေတိုက်ဦးစီးဌာနကို ပို့ပေးရတယ်။ ငွေတိုက်ဦးစီးဌာနကလည်း ဘတ်ဂျက်ပုံစံအတိုင်း ပြုစုပြီးတော့ စာရင်းချုပ်လိုက်တော့ နိုင်ငံတော်ရဲ့ စာရင်းတစ်ခုအဖြစ် ဖြစ်ပေါ်လာတာပါ။

**အစီအစဉ်မှူး။ ။ ကျေးဇူးတင်ပါတယ်ဆရာ။ ဆက်လက်ပြီးတော့ ပြည်သူတွေ သဘာဝဘေးအန္တရာယ် ကြုံတွေ့ခဲ့မယ်ဆိုရင် ရသုံးမှန်းခြေငွေစာရင်းမှာ ဘယ်လိုထည့်သွင်း ဆောင်ရွက်ထားတယ်ဆိုတာ သိပါရစေ။**

**ဒုတိယဝန်ကြီး။** ။ အခုကတော့ အားလုံးလည်း ကြားသိနေရတဲ့အတိုင်းပဲ။ သဘာဝဘေးအန္တရာယ်က နှစ်စဉ်ကြုံတွေ့ရတယ်။ တချို့နှစ်လည်း များတယ်။ တချို့နှစ်လည်း နည်းတယ်။ ဒါပေမယ့် ကျွန်တော်တို့ ဘတ်ဂျက်မှာကတော့ အရင်ကတည်းက စဉ်းစားပြီး ထည့်ခဲ့တာရှိတယ်။ နောက်ပိုင်းမှာ သင့်လျော်တဲ့ပမာဏတစ်ခုကို ဘတ်ဂျက်ထဲမှာ ထည့်ထားတယ်။ ကျပ်ငွေ ဘီလီယံတစ်ရာကို နှစ်စဉ်ထည့်သွင်းထားပါတယ်။ အရေးပေါ်ရန်ပုံငွေလို့ ခေါ်ပါတယ်။ အဲဒီအရေးပေါ်ရန်ပုံငွေက အဓိကအားဖြင့် မမျှော်လင့်တဲ့ သဘာဝဘေးအတွက် ရည်ရွယ်ပြီး ထည့်ထားတာဖြစ်ပါတယ်။ မမျှော်လင့်တဲ့ သဘာဝဘေးအန္တရာယ်တွေဖြစ်ခဲ့ရင် အစိုးရဌာနတွေကတစ်ဆင့် ပြည်သူတွေအတွက် သုံးစွဲနိုင်အောင်ပါ။ အခုကတော့

စာမျက်နှာ ၁၁ သို့

> "၂၀၁၈ - ၂၀၁၉ ခုနှစ် ဘတ်ဂျက်အနေအထားအရ ခန့်မှန်းအားဖြင့် ရငွေက GDP ရဲ့ ၁၉ ရာခိုင်နှုန်းလောက်ရှိပါတယ်။ သုံးတဲ့ငွေက GDP ရဲ့ ၂၃ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါဟာ နိုင်ငံတကာ စံနှုန်းတွေနဲ့ယှဉ်ရင် မနည်းပါဘူး။ အစိုးရအနေနဲ့ ပြည်သူ့အတွက် သုံးပေးနေတယ်ဆိုတာ အသိပေးချင်ပါတယ်"

# သဘာဝဘေးမှရသော အတွေး

**အညတြ**

မြန်မာနိုင်ငံ၌ ကြုံတွေ့ရလေ့ရှိသော သဘာဝဘေးတစ်မျိုးဖြစ်သည့် ရေကြီးရေလျှံမှုဘေးနှင့် ရင်ဆိုင်ခဲ့ရသည်မှာ ရက်သတ္တပတ် နှစ်ပတ်ကျော်ပြီဖြစ်သည်။ ဖြစ်စဉ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအားဖြင့် နေရာဒေသတစ်ခုနှင့်တစ်ခု တူညီမှုမရှိဘဲ မြန်မာနိုင်ငံအထက်ပိုင်းတွင် တောင်ကျရေစီးဆင်းမှု၊ ကမ်းပြိုမှုနှင့် မြေပြိုမှုဘေးဒဏ်များ ကြုံတွေ့ခဲ့ရပြီး မြန်မာနိုင်ငံအောက်ပိုင်းတွင်မူ မြေပြိုမှု၊ ရေကြီးရေလျှံမှု၊ လေပြင်းတိုက်ခိုက်မှုနှင့် ကမ်းပြိုမှုများပါ ကြုံတွေ့ခဲ့ရသည်။

ရေကြီးရေလျှံမှုအန္တရာယ်များကို မြန်မာပြည်အောက်ပိုင်းတွင် ကျယ်ကျယ်ပြန့်ပြန့် ကြုံတွေ့ကြရသည်။ အထူးသဖြင့် မွန်ပြည်နယ် မော်လမြိုင်ခရိုင်၊ သထုံခရိုင် ဘီးလင်းနှင့် ပဲခူးတိုင်းဒေသကြီး ပဲခူး၊ ညောင်လေးပင်၊ ရွှေကျင်၊ မဒေါက်တို့တွင် ကြီးကြီးမားမားဖြစ်ခဲ့သည်။ ဇူလိုင်လဒုတိယပတ်မှ စတင်၍ သဲသဲမဲမဲရွာသွန်းခဲ့သော မိုးဒဏ်ကြောင့် အဆိုပါဒေသများ အနီးတစ်ဝိုက်ရှိ မြစ်ချောင်းများတွင် မြစ်ရေချောင်းရေများ တရိပ်ရိပ်တက်လာခဲ့သည်။ နေ့ချင်းညချင်းဆိုသလို ကျေးရွာများအားလုံး ဒေသတစ်ခွင်လုံး မြစ်ရေချောင်းရေ၊ မိုးရေတက်ရေများဖြင့် ဖွေးဖွေးလှုပ်သွားသည်။ ရေကြီးနစ်မြုပ်ရာဒေသများအား ကောင်းကင်တစ်ခွင်မှ ရှုမျှော်ကြည့်လျှင် အပြောကျယ်သည့် ပင်လယ်ကြီးသဖွယ် မြင်တွေ့နိုင်သည်။

အဆက်မပြတ် ရွာသွန်းသောမိုးရေ၊ တရိပ်ရိပ်မြင့်တက်လာသော မြစ်ရေချောင်းရေများ ကျေးရွာတစ်ခွင် ဖုံးလွှမ်းစက ကျေးရွာနေပြည်သူများမှာ မည်သည့်နေရာဆီကိုမျှ ထွက်ခွာကြခြင်းမပြုချေ။ နဂိုကတည်းက ရပ်စွဲ ရွာစွဲကြီးလှသည့် ကျေးလက်ပြည်သူများမှာ မရမကကိုယ့်အိမ်၊ သူ့အိမ် ဖက်တွယ်နေကြသည်။ သို့သော် မကြာရှည်ပါ။ အချိန်ပိုင်းအတွင်းမှာပင် အိမ်နိမ့်လေးများ စုံးစုံးမြုပ်တော့မည်ဖြစ်သည်။ ထိုအချိန်တွင် ကယ်ဆယ်ရေးအဖွဲ့များလည်း ရောက်ရှိလာသဖြင့် အိမ်နိမ့်လေးများမှ ရွာသားများ ၎င်းတို့ တွယ်တာသည့် နေအိမ်လေးများကို စွန့်ခွာလိုက်ကြသည်။ ကျေးရွာရှိ အချို့ခြေတန်ရှည်အိမ်များ၊ နှစ်ထပ်အိမ်များမှ ရွာသားများမှာ နေအိမ်များကို စွန့်ခွာခြင်းမရှိသေးချေ။ ရေလွတ်ရာအိမ်အပေါ်ထပ်ကို ရွှေ့ပြောင်းနေကြသည်။ သို့သော် တစ်ရက်၊ နှစ်ရက်မကရက်ရှည်လာသောအခါ စားဝတ်နေရေး အစစအရေးများခက်ခဲလာသောအခါမှ နေအိမ်များကို စွန့်ခွာခဲ့ကြသည်။

မိုးရေနှင့် တက်ရေမှာ ရပ်နားခြင်းမရှိချေ။ တစ်ပတ်ကျော်အတွင်း ရေတက်၍ နေအိမ်များကို စွန့်ခွာကြသော ပြည်သူများမှာ တစ်စတစ်စများပြားလာသည်။ ၎င်းတို့ကို ကယ်ဆယ်ရေးအဖွဲ့များ ကယ်တင်စောင့်ရှောက်မှုကြောင့် အန္တရာယ်ကင်းကင်းနေကြရသည်။ နေ့စဉ်နှင့် အမျှ ကူညီထောက်ပံ့ပေးမှုများ ကြောင့် စားရေးသောက်ရေး ပူပင်မှုမရှိတော့ပြီ။ သို့သော် ရွာမှနေအိမ်များ ကိုသာ အားလုံးကိုယ်စီ သတိရနေကြသည်။ နိုင်ငံတစ်ဝန်းတွင် ရေကြီးရေလျှံ ဖြစ်ပွားခဲ့ရာ ဒေသခံပြည်သူတစ်သိန်းခွဲခန့် ရေဘေးဒုက္ခကျရောက်ခဲ့ရသည်ကို မြင်တွေ့ကြားသိနေရသည်။ နေအိမ်အချို့ ရေထဲမျောပါ ဆုံးရှုံးခဲ့ရပြီး အိမ်ထောင်စုလေးသောင်းကျော်ခန့်၏ နေအိမ်နှင့် အိမ်တွင်းပစ္စည်းများ ဆုံးရှုံးခဲ့ရသည်။

ရေကြီးရေလျှံဖြစ်ပွားစဉ်ကာလအတွင်း အဆိုပါဒေသများတွင် ရေပြင်ကျယ်ကြီး ဖုံးလွှမ်းခဲ့ပြီး ကမ်းမမြင်လမ်းမမြင် ဖြစ်ခဲ့ရသည်။ နေအိမ်များမှ စွန့်ခွာသွားကြသည့် ပြည်သူတစ်သိန်းခွဲကျော်မှာ အမျိုးသားသဘာဝ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက စီစဉ်ဆောင်ရွက်ပေးထားသည့် ရေဘေးကယ်ဆယ်ရေး စခန်းသုံးရာကျော်တွင် ယာယီခိုလှုံနေထိုင်ကြရသည်။ စားရေး၊ သောက်ရေး၊ နေရေးထိုင်ရေးနှင့် ကျန်းမာရေးမှအစ လိုအပ်သည့် ကိစ္စအဝဝတို့ကို သက်ဆိုင်ရာအဖွဲ့အစည်းများက ကူညီထောက်ပံ့ စောင့်ရှောက်ပေးကြသည်။

> ယခုတက်ရေများ ပြန်လည်ကျဆင်းသွားသောအခါ ကယ်ဆယ်ရေးစခန်းများမှ ကိုယ့်အိမ် ကိုယ့်ရာများဆီသို့ အလျင်အမြန်ပြန်ကြသည်။ အားလုံးမှာ ၎င်းတို့၏ နေအိမ်လေးများ မည်သို့ရှိမည်ကို ဦးစွာသိလိုကြသည်။ ရွာသို့ရောက်သည်နှင့် စိတ်လက်မရွှင်ပျသောမျက်နှာများဖြင့် ရင်မောနေကြသည်။ စိတ်မချမ်းမြေ့ဖြစ်ကြသည်။ ရေကျသွားသောနေအိမ်တွင် သဲနုန်း၊ အမှိုက်သရိုက်များသာ တင်ကျန်ခဲ့သည်။ ရှိစုမဲ့စု တိုလီမိုလီပစ္စည်းများကို တက်ရေကျရေတို့က တိုက်စားသွားသည်။ နဂိုကတည်းကလည်း မရှိ၊ ရှိသည့် မသယ်နိုင်သောပစ္စည်းများမှာလည်း ပျက်စီးပျောက်ဆုံးကုန်ပြီ

ရေဘေးကယ်ဆယ်ရေးစခန်း(ဒုက္ခသည်စခန်း)ဖြစ်၍ မိမိနေအိမ်ကဲ့သို့ သက်သောင့်သက်သာနှင့် စိတ်ကျေနပ်မှု ပြည့်ပြည့်ဝဝ ရှိနိုင်မည်တော့မဟုတ်ချေ။ အများသူငှာတို့အား ဆောင်ရွက်ပေးရသည်ဖြစ်၍ ပြည့်စုံသည်လည်းရှိမည်။ လိုအပ်သည်လည်းရှိမည်။ ရေဘေးကယ်ဆယ်ရေးစခန်းများသို့ ရောက်ရှိလာကြသော ပြည်သူများမှာ ၎င်းတို့၏ နေအိမ်များ ရေလုံးဝနီးပါးနစ်မြုပ်နေ၍ ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့သဖြင့် မတတ်သာ၍ တိမ်းရှောင်လာခဲ့ကြရသူများ ဖြစ်သည်။ အများစုမှာ ၎င်းတို့၏နေအိမ်များမှ စွန့်ခွာလိုခြင်း အလျဉ်းမရှိချေ။ ဆက်လက်နေထိုင်ရန် မဖြစ်နိုင်တော့၍ တိမ်းရှောင်လာခဲ့ကြသူများ ဖြစ်သည်။

ယခုတက်ရေများ ပြန်လည်ကျဆင်းသွားသောအခါ ကယ်ဆယ်ရေးစခန်းများမှ ကိုယ့်အိမ်ကိုယ့်ရာများဆီသို့ အလျင်အမြန်ပြန်ကြသည်။ အားလုံးမှာ ၎င်းတို့၏နေအိမ်လေးများမည်သို့ရှိမည်ကို ဦးစွာသိလိုကြသည်။ ရွာသို့ရောက်သည်နှင့် စိတ်လက်မရွှင်ပျသော မျက်နှာများဖြင့် ရင်မောနေကြသည်။ စိတ်မချမ်းမြေ့ဖြစ်ကြသည်။ ရေကျသွားသောနေအိမ်တွင် သဲနုန်း၊ အမှိုက်သရိုက်များသာ တင်ကျန်ခဲ့သည်။ ရှိစုမဲ့စု တိုလီမိုလီပစ္စည်းများကို တက်ရေကျရေတို့က တိုက်စားသွားသည်။ နဂိုကတည်းကလည်း မရှိ၊ ရှိသည့် မသယ်နိုင်သော ပစ္စည်းများမှာလည်း ပျက်စီးပျောက်ဆုံးကုန်ပြီ။

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် သာယာကုန်းကျေးရွာမှ ဒေါ်အေးတင်မှာ နေအိမ်အတွင်းမှ ဆုံးရှုံးသွားသော ပစ္စည်းအဟောင်းများကို ပြန်လည်ရလိုရငြား မျှော်ငေးရှာဖွေကြည့်နေသည်။ အမှန်တကယ်တွင် ဒေါ်အေးတင် ရွာကို ပြန်လည်ရောက်သည်နှင့် ပထမဆုံးသတိရသည်မှာ နေအိမ်မှ လက်ကျန်ပစ္စည်းများမဟုတ်ချေ။ ဒေါ်အေးတင်အား နေ့စဉ်ပွတ်သီး ပွတ်သပ်လုပ်ခဲ့သည့် ကြောင်မလေးမိညိုနှင့် ခွေးကလေးအောင်နက်တို့ညီအစ်ကို ဖြစ်သည်။ ထိုမျှသာမက တစ်ခါတစ်ရံ မိသားစုဝမ်းရေးကို ဖြည့်တင်းပေးသည့် ကြက်တစ်အုပ်ကိုလည်း မတွေ့တော့ချေ။ စိတ်မကောင်းဖြစ်ခြင်း၊ ဝမ်းနည်းခြင်းဖြစ်ရသည်။ ဒေါ်အေးတင်ကဲ့သို့ပင် အခြားနေအိမ်မှ ရွာခံများလည်း ဤသို့ပင်ဖြစ်သည်။

ဒေါ်အေးတင်တို့ရွာမှာ ချောင်းနှင့်လည်းနီး၊ အနိမ့်ပိုင်းလည်းကျ၍ အချိန်တိုအတွင်း ရွာလုံးကျွတ်ရေနစ်မြုပ်ခဲ့ရသည်။ ရေကြီးလေထန် နေအိမ်မြုပ်လုနီးပါး ရေတက်စဉ်က ညတွင်းချင်းဖြစ်ခဲ့ပြီး နံနက်လင်းသည်နှင့် နေအိမ်မှ မိသားစုအလိုက် စွန့်ခွာနိုင်ရေးပြင်ရဆင်ရနှင့် မိသားစုအရေးကိုသာ ဦးစားပေးခဲ့ကြသည်။ ဒေါ်အေးတင်ကဲ့သို့ပင် ရွာခံအများစုမှာ ကျွဲ၊ နွား၊ ကြက်၊ ဝက်၊ ဘဲ၊ ဆိတ်၊ ကြောင်၊ ခွေးစသည့် သတ္တဝါများ တစ်မျိုး မဟုတ်တစ်မျိုး မွေးမြူကြသည်။ နှစ်ရှည်လများ အတူနေကြသော အိမ်မွေးသတ္တဝါလေးများကို သံယောဇဉ်ဖြစ်ကြသော်လည်း ကမ္ဘာမီးလောင် သားကောင်ချနင်းဆိုသကဲ့သို့ ကယ်တင်ရန် မေ့လျော့ခဲ့သည်။ ရေကျ၍ အိမ်ပြန်ရောက်မှ ထိုသတ္တဝါလေးများကို သတိရမိ၊ စိတ်မကောင်းဖြစ်မိသည်။ ရေဘေးသင့် ကျေးလက်ပြည်သူတို့၏ ဆုံးရှုံးမှုမှာမရှိသည့်ကြားမှ ကြီးမားလှသည်။

အကောင်ကြီးတန်ဖိုးကြီးသည့် ကျွဲ၊ နွားများမှာ ရေမကြီးခင်ကတည်းက လွှတ်ကြောင်းထားသဖြင့် ဘေးလွတ်သည်ကများသည်။ အကောင်ငယ်သည့် သတ္တဝါများမှာ ဘယ်ဆီသို့ရောက်သည်မသိ၊ ရေပြင်ကျယ်ကြီးတွင် ပျောက်ဆုံး ပျောက်ကွယ်သွားပြီဖြစ်သည်။ အချို့လည်း ရသမျှ၊ နိုင်သမျှ လူနှင့်အတူ ကယ်ဆယ်နိုင်ခဲ့သည်။ ဇူလိုင်လနှင့် ဩဂုတ်လအတွင်း ဒေါ်အေးတင်တို့ ပဲခူးတိုင်းဒေသကြီးအတွင်း တိရစ္ဆာန်ပေါင်း တစ်သန်းကျော် သေဆုံးခဲ့သည်ဟု သိရသည်။ မွန်ပြည်နယ်အတွင်းမှ အိမ်မွေးတိရစ္ဆာန်များမှာ အများဆုံးသေဆုံးခဲ့ရပြီး တစ်သန်းခွဲခန့်ရှိသည်။ ရေကြီးရေလျှံမှု အများဆုံးဖြစ်ပွားသည့် ဒေသကြီး ခြောက်ခုမှ စုစုပေါင်းဆုံးရှုံးခဲ့ရသည့် တိရစ္ဆာန်ကောင်ရေမှာ လေးသန်းကျော်သည်ဟု သိရသည်။

မောင်ငြိမ်းအေးတွေးမိသည်။ ဇူလိုင်လ ဩဂုတ်လ ရေကြီးရေလျှံမှုဖြစ်စဉ်အတွင်း ပြည်သူတစ်သိန်းခွဲကျော် ရေဘေးသင့်ခဲ့သည်။ ပြည်သူ ၁၇ ဦး အသက်ဆုံးရှုံးခဲ့သည်။ ရေဘေးသင့်အိမ်ထောင်စု လေးသောင်းခန့်ရှိသဖြင့် ရေဘေးသင့်နေအိမ်လည်း ဤမျှမကရှိမည်။ ရေဘေးသင့်နေအိမ်များမှာ လုံးဝ၊ တစ်ဝက်တစ်ပျက် နစ်မြုပ်ခဲ့ကြသဖြင့် အိမ်ထောင်စုတိုင်း၊ မိသားစုတိုင်း ဆုံးရှုံးမှုအနည်းအများရှိသည်။ ယင်းဆုံးရှုံးမှုများအား ပြန်လည်ကုစားရန်မှာ လွယ်ကူလှသည်မဟုတ်ချေ။ အထူးသဖြင့် ရေဘေးဒဏ်ရာများကြောင့် ထိခိုက်ခဲ့ရသော စိတ်ဒဏ်ရာများလည်းရှိမည်ဖြစ်၍ ယင်းတို့ကို ကုစားနိုင်ရန် ကြိုးပမ်းရမည်ဖြစ်သည်။

ပြန်လည်ကုစားမရသည်မှာ ရေဘေးသင့်တိရစ္ဆာန်များဖြစ်သည်။ လူသားများအား ရေဘေးမှ ကယ်တင်စောင့်ရှောက်နိုင်သော်လည်း တိရစ္ဆာန်များကိုမူ ကယ်တင်စောင့်ရှောက်နိုင်စွမ်းမရှိချေ။ တိရစ္ဆာန်များကို ကယ်တင်စောင့်ရှောက်မည့်သူလည်း မရှိချေ။ စာရင်းကောက်ယူနိုင်သော တိရစ္ဆာန်ကောင်ရေမှာ တစ်နိုင်ငံလုံး အတိုင်းအတာအားဖြင့် လေးသန်းကျော်ရှိပြီး ထိုတိရစ္ဆာန်များ၏ အသက်ခန္ဓာများ ရေဘေးတွင် ဆုံးရှုံးခဲ့ရချေပြီ။ စာရင်းကောက်ယူနိုင်သော တိရစ္ဆာန်များမှာ အိမ်မွေးတိရစ္ဆာန်များသာ ဖြစ်နိုင်ပြီး သဘာဝအလျောက် ကျင်လည်ကျက်စားကြသည့် တိရစ္ဆာန်များမှာ ကောင်ရေ မည်မျှရှိမည်ကို ခန့်မှန်းကြည့်နိုင်သည်။ လူသားများမှာ အသက်နှင့် တိရစ္ဆာန်များမှာလည်း အသက်နှင့်။

သတ္တဝါအားလုံး ဘေးရန်ခပ်သိမ်း ကင်းဝေးကြပါစေ။ ။

○ စာမျက်နှာ ၁၀ မှ

အမျိုးသားသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုကော်မတီကိုလည်း ဖွဲ့စည်းထားပါတယ်။ ဒီကော်မတီကို ဖွဲ့စည်းပြီးတဲ့အခါမှာ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှု ရန်ပုံငွေကို ထူထောင်ထားပါတယ်။ စနစ်တကျ ဒီလို ထူထောင်ပြီးတော့မှ နိုင်ငံတော်ဘတ်ဂျက်ထဲကနေ စတင် initiate လုပ်ပြီး ဘီလီယံ ၂၀ စီ ထည့်ဝင်ပေးခဲ့တာ ယခုဆိုရင် သုံးနှစ်ရှိပြီဖြစ်ပါတယ်။ အခုလည်းပဲ ရေဘေးသင့်ပြည်သူတွေအတွက် နိုင်ငံတော်ကနေ ဒီရန်ပုံငွေထဲကနေ ခွဲဝေထောက်ပံ့ပေးနေတာကို တွေ့ရပါတယ်။

**အစီအစဉ်မှူး။ ။ဆွေးနွေးတဲ့ အကြောင်းအရာတွေ စုံနေပါပြီ။ ဒါကြောင့် ဒုတိယဝန်ကြီးအနေနဲ့ ပါဝင်ဆွေးနွေးပေးတဲ့သူတွေရဲ့ ကိုယ်စား ပြည်သူတွေသိရှိအောင် ပြောပြချင်တာရှိရင် ပြောပြပေးပါ။**

**ဒုတိယဝန်ကြီး။** ။ ၂၀၁၈-၂၀၁၉ ခုနှစ်အတွက် တင်ထားတဲ့ ဥပဒေကြမ်းတွေနဲ့ပတ်သက်ပြီး ဆွေးနွေးခွင့်ရတဲ့အတွက် ကျေးဇူးတင်ပါတယ်။ နိဂုံးချုပ်အနေနဲ့ ပြောချင်တာက ပြည်သူ့ဘဏ္ဍာရေးလို့ဆိုတဲ့အတိုင်းပဲ ပြည်သူတွေရဲ့ဘဏ္ဍာငွေတွေကို ဘယ်လိုစနစ်တကျ သုံးစွဲမယ်ဆိုတာ အမြဲတမ်းကြိုးစားနေပါတယ်။ အဲဒီအတွက် ပြည်သူ့ဘဏ္ဍာရေးစီမံခန့်ခွဲမှု ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို ချမှတ်ဆောင်ရွက်နေပါတယ်။ စီမံချက်အရ ပွင့်လင်းမြင်သာပြီး ကောင်းမွန်တောင့်တင်းတဲ့ ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုစနစ်ကို ဖော်ဆောင်မှာဖြစ်ပါတယ်။ စဉ်ဆက်မပြတ် တစိုက်မတ်မတ် အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ လွှတ်တော်က ပြည်သူ့ငွေစာရင်း ပူးပေါင်းကော်မတီအပါအဝင် ဌာနအဖွဲ့အစည်းတွေနဲ့လည်း ပူးပေါင်းဆောင်ရွက်နေပါတယ်။

## ပြည်သူတွေရဲ့ အကြံပြုချက် တောင်းခံ

ကျွန်တော်တို့ ဘတ်ဂျက်တွေကို ဘယ်လိုရေးဆွဲကြမယ်၊ စီမံကိန်းနဲ့ဘတ်ဂျက် ဘယ်လိုချိတ်ဆက်ကြမယ်၊ ဒါတွေကို ဘယ်လိုစိစစ်ပြီး ဘယ်လိုစစ်ဆေးကြမယ်၊ အဲဒီလိုဟာတွေကို ဆောင်ရွက်နေပါတယ်။ အခုအခါမှာ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာနကနေ Citizen Budget ဆိုတဲ့ ဘတ်ဂျက်အနှစ်ချုပ် စာစောင်လေးတွေကို ထုတ်ပြန်ပေးပါတယ်။ အဲဒီအပေါ်မှာ ပြည်သူတွေရဲ့ အကြံပြုချက်တွေလည်း တောင်းခံပြီး တစ်နှစ်ထက်တစ်နှစ်ကောင်းအောင် ဆောင်ရွက်နေပါတယ်။ နိုင်ငံတော်ရဲ့ ဦးစားပေး လုပ်ငန်းတွေအတွက် ပိုမိုသုံးစွဲဖို့ လုပ်မှာဖြစ်ပါတယ်။ စောစောက ဆွေးနွေးခဲ့သလို အစိုးရဘတ်ဂျက်က နိုင်ငံတစ်ခုလုံးမှာ စီးပွားရေးအတွက် ဦးဆောင်ဦးရွက်သဖွယ်ဖြစ်တဲ့အတွက် အစိုးရကဏ္ဍက သုံးစွဲလိုက်တဲ့ ငွေတွေဟာ တစ်နိုင်ငံလုံးက ကဏ္ဍအားလုံးကို ပျံ့နှံ့ရောက်ရှိသွားပြီးတော့ တိုင်းပြည်စီးပွားရေးအတွက် နှိုးဆော်အားတွေဖြစ်ပါတယ်။ အဲဒီသုံးစွဲမှုတွေကို ပုဂ္ဂလိကကဏ္ဍနဲ့ဆက်စပ်ပြီး တိုင်းပြည် စီးပွားရေးဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ကြရမှာပါ။

အခု တင်ထားတဲ့ ၂၀၁၈-၂၀၁၉ ခုနှစ် ဘတ်ဂျက် အနေအထားအရ ခန့်မှန်းအားဖြင့် ရငွေက GDP ရဲ့ ၁၉ ရာခိုင်နှုန်းလောက်ရှိပါတယ်။ သုံးတဲ့ငွေက GDP ရဲ့ ၂၃ ရာခိုင်နှုန်းလောက်ရှိပါတယ်။ ဒါဟာ နိုင်ငံတကာစံနှုန်းတွေနဲ့ယှဉ်ရင် မနည်းပါဘူး။ အစိုးရအနေနဲ့ ပြည်သူ့အတွက် သုံးပေးနေတယ်ဆိုတာ အသိပေးချင်ပါတယ်။ ဌာနအသီးသီးအတွက် အသင့်လျော်ဆုံးဖြစ်အောင် ခွဲဝေသုံးစွဲထားပြီး ဒီအပေါ်မှာ ဌာနတစ်ခုချင်းက အကောင်အထည်ဖော်တဲ့အခါ တချို့နေရာတွေမှာ အားနည်းချက်တွေ ရှိနိုင်ပါတယ်။ ဒီအားနည်းချက်တွေကို လွှတ်တော်ကလည်း အမြဲတမ်းစောင့်ကြည့်ပြီး ထောက်ပြနေတာဖြစ်တယ်။ ကျွန်တော်တို့ကတော့ ခြုံပြီးတော့ ဘတ်ဂျက်ကို အကောင်းဆုံး၊ အသင့်တော်ဆုံးအနေအထားဖြစ်အောင် ရေးဆွဲထားသော်လည်း လိုအပ်ရင်လည်း ဘဏ္ဍာရေးနှစ်စပြီး ခြောက်လကျော်တဲ့အချိန်မှာ ပြင်ဆင်ရေးဆွဲနိုင်အောင် Revise Estimate(RE)လို့ ခေါ်တဲ့ ပြုပြင်ပြီး ခန့်မှန်းခြေ စာရင်းရေးဆွဲချိန်ကျရင် အရအသုံးတွေကို ထပ်မံပြင်ဆင်နိုင်ပါတယ်။ ဒါလေးတွေကို ပြည်သူတွေသိအောင် ပြောပြလိုပါတယ်။

**အစီအစဉ်မှူး။ ။ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ်။**



**မကွေးတိုင်းဒေသကြီး သရက်ခရိုင် ကံမမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက မျိုးသန့်မျိုးစေ့ထုတ် တောင်သူများအား မျိုးစေ့ထုတ်စိုက်ခင်းနှင့် မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်းဆိုင်ရာ နည်းပညာပေးသင်တန်းကို မြို့မတောင်သူ ပညာပေးရှေ့တန်းစခန်း၌ ဩဂုတ်လ ပထမပတ်က ကျင်းပရာ မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်မင်းနိုင်နှင့် ဝန်ထမ်းများ ဆွေးနွေးပို့ချစဉ်။** မြင့်နိုင်(ပြည်)

# ငွေကြေးခဝါချမှုဆိုင်ရာ စွဲချက်သုံးရပ်ဖြင့် ဝန်ကြီးချုပ်ဟောင်း နာဂျစ်ကို စွဲချက်တင်

**ကွာလာလမ်ပူ ဩဂုတ် ၈**

မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်ကို ငွေကြေးခဝါချမှုနှင့် သက်ဆိုင်နေသော စွဲချက်သုံးရပ်နှင့်အတူ ဩဂုတ် ၈ ရက်တွင် စွဲချက်တင်လိုက်ပြီဖြစ်ကြောင်း၊ နာဂျစ်၏ ဝန်ကြီးချုပ်ရာထူးသက်တမ်းအတွင်း နိုင်ငံပိုင်ရင်းနှီးမြှုပ်နှံရေး ကုမ္ပဏီဖြစ်သော 1 MDB ကုမ္ပဏီမှ ဒေါ်လာငွေ ဘီလီယံပေါင်းများစွာ ပျောက်ဆုံးနေမှုနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်နေချိန်အတွင်း ၎င်းကို စွဲချက်တင်ခြင်းဖြစ်ကြောင်း အေအက်ဖ်ပီသတင်းဌာနက သတင်းဖော်ပြသည်။

**ဖတ်ကြား**

မြို့တော်ကွာလာလမ်ပူရှိ တရားရုံးချုပ်၌ စွဲချက်တင်လွှာကို ဖတ်ကြားချိန်တွင် နာဂျစ်မှာ အေးဆေးတည်ငြိမ်သည့် အသွင်ဖြင့် ရှိနေကြောင်း၊ မိမိသည် အပြစ်မရှိဟု နာဂျစ်က ထုတ်ဖော်ပြောဆိုခဲ့ပြီး ၎င်းကို အာမခံဖြင့် ထိန်းသိမ်းခြင်းမှ လွှတ်ပေးခဲ့သည်။

**ထွက်ဆို**

အသက် ၆၅ နှစ်အရွယ်ရှိ နာဂျစ်သည် ယုံကြည်အပ်နှံမှုကို ချိုးဖောက်ခြင်း၊ အာဏာအလွဲသုံးခြင်းတို့နှင့်ပတ်သက်နေသော အခြားစွဲချက် သုံးရပ်နှင့်ပတ်သက်၍လည်း ၎င်းတွင် အပြစ်မရှိဟု ထွက်ဆိုခဲ့သည်။

**စွဲချက်တင်ထား**

1 MDB ကုမ္ပဏီ၏ယူနစ်တစ်ခုဖြစ်သော SRC International ကုမ္ပဏီထံမှ ရင်းဂစ်ငွေ ၄၂ သန်း (အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၃သန်း)ကို လွှဲပြောင်းပေးခဲ့ခြင်းနှင့် ပတ်သက်၍ ငွေကြေးခဝါချမှုဆိုင်ရာ ဥပဒေအရ နာဂျစ်အား စွဲချက်တင်ထားသည်။



အကယ်၍ ပြစ်မှုထင်ရှား တွေ့ရှိရပါက နာဂျစ်အား ထောင်ဒဏ် ၁၅ နှစ်အထိလည်းကောင်း၊ တရားမဝင် လွှဲပြောင်းပေးခဲ့သော ငွေကြေးပမာဏ၏ငါးဆထက်မနည်းသော ငွေကြေးပမာဏကို ဒဏ်ငွေအဖြစ် လည်းကောင်း ပြစ်ဒဏ်ချမှတ်နိုင်ကြောင်း သတင်းတွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**



ပြီးခဲ့သည့် ဇူလိုင် ၂၈ ရက်က တိုကျိုမြို့တွင် ဂျောင်ဒါရီ တိုင်ဖွန်းမုန်တိုင်း တိုက်ခတ်စဉ် သွားလာနေသူများကို တွေ့ရစဉ်။

# ဂျပန်နိုင်ငံ အရှေ့ပိုင်း၌ မုန်တိုင်းအန္တရာယ်ကျရောက်

**တိုကျို ဩဂုတ် ၈**

ဂျပန်နိုင်ငံအရှေ့ဘက် ပစိဖိတ်ကမ်းရိုးတန်းအနီး၌ ဩဂုတ် ၈ ရက် ညပိုင်းမှ ဩဂုတ် ၉ ရက် နံနက်ပိုင်းအထိ အင်အားပြင်းမုန်တိုင်းတစ်ခု တိုက်ခတ်မည်ဟု ခန့်မှန်းထားကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

မုန်တိုင်းဗဟိုချက်တွင် လေတိုက်နှုန်းတစ်နာရီလျှင် ၁၂၆ ကီလိုမီတာအထိရှိမည့် ရှန်းရှန်းဟု အမည်ပေးထားသော တိုင်ဖွန်းမုန်တိုင်းကြောင့် မိုးကြီးလေထန်နိုင်ကြောင်း မိုးလေဝသဌာနက သတိပေးထားသည်။

မုန်တိုင်း၏ရွေ့လျားမှုနှေးကွေးခြင်းကြောင့် ကန်တိုနှင့် တိုဟိုကုဒေသတို့တွင် မုန်တိုင်း၏သက်ရောက်မှုကို အချိန်ကြာကြာခံစားရဖွယ်ရှိကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

ဂျပန်နိုင်ငံ အရှေ့ပိုင်း ပစိဖိတ် ပင်လယ်ကမ်းရိုးတန်းဒေသဘက်သို့ ဦးတည်ကာ မုန်တိုင်းချဉ်းကပ်လာနေကြောင်း၊ မုန်တိုင်းသည် နိုင်ငံမြောက်ပိုင်း ပြည်နယ်များတည်ရှိရာဘက်သို့ ဆက်လက်ရွေ့လျားမည်ဟု ခန့်မှန်းရကြောင်း မိုးလေဝသဌာနက ပြောကြားသည်။

တိုကျိုဒေသအတွင်း ဩဂုတ် ၉ ရက် နေ့လယ်ပိုင်းထက်နောက်မကျဘဲ မိုးရေချိန် မီလီမီတာ ၃၅၀ အထိ ရွာသွန်းနိုင်ကြောင်း၊ မြေပြိုမှုနှင့် မြေနိမ့်ပိုင်းအရပ်များ၌ ရေလွှမ်းမိုးနိုင်မှု ဘေးအန္တရာယ်များအတွက် သတိပေးချက် ထုတ်ပြန်ထားကြောင်း မိုးလေဝသဌာန၏ကြေညာချက်တွင် ဖော်ပြသည်။

**အေအက်ဖ်ပီ**

# ရှန်ဆီးပြည်နယ်မြို့တော် ရှီအန်းတွင် အများနှင့်သက်ဆိုင်သည့် ခန်းမများအတွင်း ဆေးလိပ်သောက်မှု တားမြစ်မည်

**ရှီအန်း ဩဂုတ် ၈**

တရုတ်နိုင်ငံ အနောက်မြောက်ပိုင်းရှိ ရှန်ဆီးပြည်နယ်၏ မြို့တော် ရှီအန်းတွင် အများပြည်သူဆိုင်ရာ ခန်းမများအတွင်း၌ ဆေးလိပ်သောက်မှုအား တားမြစ်သည့်စည်းမျဉ်းတစ်ရပ်ကို ထုတ်ပြန်လိုက်ကြောင်း ဆင်ဟွာသတင်းတွင် ဖော်ပြသည်။

ရှီအန်းမြို့တော် အုပ်ချုပ်ရေးအဖွဲ့က ထုတ်ပြန်သည့် အဆိုပါစည်းမျဉ်းတွင် အများပြည်သူနှင့်ဆိုင်သော နေရာအချို့၏ အဆောက်အအုံများ၌ ပြင်ပတွင်လည်း ဆေးလိပ်သောက်မှုကို တားမြစ်ထားသည်။ ယင်းတို့မှာ စာသင်ကျောင်းများ၊ အားကစားရုံများနှင့် ကိုယ်ဝန်ဆောင် အမျိုးသမီးများနှင့် ကလေးငယ်များနှင့် သက်ဆိုင်သော ကျန်းမာရေးဆိုင်ရာ အဆောက်အအုံများဖြစ်သည်။

ဆေးလိပ်သောက်မှု တားမြစ်ထားသည့် နေရာတွင် စည်းမျဉ်းကိုမလိုက်နာဘဲ ဆေးလိပ်သောက်သုံးပါက သောက်သုံးသူအနေဖြင့် ၁၀ ယွမ်(အမေရိကန်ဒေါ်လာ ၁ ဒသမ ၅ ဒေါ်လာ)ဒဏ်ကြေးပေးဆောင်ရမည်ဖြစ်ပြီး ယင်းအဆောက်အအုံကို ပိုင်ဆိုင်သူမှာ ယွမ် ၁၀၀၀ နှင့်အထက် ဒဏ်ငွေပေးဆောင်ရမည်ဖြစ်သည်။ ယင်းဆေးလိပ်သောက်သုံးမှု တားမြစ်ချက်သည် လာမည့်နိုဝင်ဘာလ ၁ ရက်တွင် စတင်အာဏာသက်ဝင်မည်ဖြစ်သည်။

တရုတ်နိုင်ငံ မြို့တော် ဘေဂျင်းနှင့် ရှန်ဟိုင်းမြို့များနောက်တွင် တာရာကိုတာ ရွှံ့စေး စစ်သည်များ၏ ဇာတိမြေဖြစ်သည့် ရှီအန်းမြို့သည် အများပြည်သူဆိုင်ရာခန်းမများအတွင်း ဆေးလိပ်သောက်သုံးမှု ပိတ်ပင်မည့်အဓိကကျသော တရုတ်မြို့ကြီးများတွင် နောက်ဆုံးမြို့ဖြစ်သည်။

တရုတ်နိုင်ငံတွင် ဆေးလိပ်သောက်သုံးသူဦးရေ သန်း ၃၀၀ ကျော်ရှိပြီး ပြည်သူ သန်း ၇၄၀ ခန့်မှာ ဆေးလိပ်မီးခိုးနှင့် ထိတွေ့နေရသည့် တစ်ဆင့်ခံဆေးလိပ်သောက်သူများဖြစ်သည်။

တရုတ်နိုင်ငံတွင် ပြည်သူများ ဆေးလိပ်သောက်သုံးမှုနှုန်း လျှော့ချရေးကို ပစ်မှတ်ထားလုပ်ဆောင်နေပြီး အသက် ၁၅ နှစ်နှင့်အထက် ဆေးလိပ်သောက်သုံးသူရာခိုင်နှုန်းသည် လက်ရှိကာလတွင် ၂၇ ဒသမ ၇ ရာခိုင်နှုန်းရှိနေရာမှ ၂၀၃၀ ပြည့်နှစ်အရောက်တွင် ၂၀ ရာခိုင်နှုန်းအထိလျှော့ချရန် ရည်မှန်းထားသည်။

**ဆင်ဟွာ**

# ဥရောပတစ်ဝန်း အပူလှိုင်းဒဏ်ခံစားနေရ စပိန်နှင့် ပေါ်တူဂီတို့၌ တောမီးများလောင်ကျွမ်း

**မက်ဒရစ် ဩဂုတ် ၈**

ဥရောပတိုက်တစ်တိုက်လုံးတွင် အပူလှိုင်းများ ကျရောက်ခဲ့မှုကြောင့် စပိန်နိုင်ငံတွင် ရက်သတ္တပတ်အတွင်း လူကိုးဦး သေဆုံးခဲ့ကြောင်း ကျန်းမာရေးဆိုင်ရာ တာဝန်ရှိသူများက ဩဂုတ် ၈ ရက်တွင် ပြောကြားကြသည်။ ထိုစဉ်အတွင်း စပိန်နိုင်ငံ၌ တောမီးများ လောင်ကျွမ်းမှုဖြစ်ပေါ်ခဲ့ရပြီး အိမ်နီးချင်း ပေါ်တူဂီနိုင်ငံ၌လည်း အပန်းဖြေမြို့တစ်မြို့ကို တောမီးက ဝန်းရံထားခဲ့ကြောင်း အေအက်ဖ်ပီသတင်းတွင်ဖော်ပြသည်။

**ပျံ့နှံ့ခဲ့**

ရက်သတ္တပတ်များစွာ နေရောင်ခြည်အဆက်မပြတ်ကျရောက်မှုနှင့် မိုးခေါင်မှုများကြောင့် အပူချိန်မှာ စံချိန်တင်အမှတ်နီးပါးအထိ ရောက်ရှိခဲ့သည်။ တောမီးဝါးမျိုမှုသည် မြေထဲပင်လယ်ဒေသမှသည် အာတိတ်စက်ဝိုင်းဒေသအထိ ပျံ့နှံ့ခဲ့သည်။

အပူလှိုင်းကျရောက်မှုကြောင့် အကြီးအကျယ်ပျက်စီးမှုမြင်ကွင်းကို အာကာသတွင်းမှပင် တွေ့မြင်ခဲ့ရသည်။ မြေပြင်ခြောက်သွေ့မှု မြင်ကွင်းကို နိုင်ငံတကာအာကာသစခန်းယာဉ်ပေါ်ရှိ ဂျာမန်အာကာသယာဉ်မှူး အလက်စန္ဒားဂါးရက်စ်က မှတ်တမ်းတင်ခဲ့သည်။

**ခြောက်သွေ့နေ**

ဥရောပတိုက်အလယ်ပိုင်းနှင့် ဂျာမနီနိုင်ငံတို့၏ပုံရိပ်များကို မိမိဓာတ်ပုံရိုက်ယူခိုင်းခဲ့ကြောင်း အစိမ်းရောင်ရှိသည့်ရှုခင်းပုံမှာ ခြောက်သွေ့နေပြီး အညိုရောင်အဖြစ် တွေ့မြင်ရကြောင်း ဂါးရက်စ်က ၎င်း၏တွစ်တာစာမျက်နှာ၌ ရေးသားခဲ့သည်။

ယခင်ရက်သတ္တပတ်ကုန်ပိုင်းတွင် စပိန်နှင့် ပေါ်တူဂီနိုင်ငံများသည် စံချိန်တင်လောက်သည်အထိ အပူချိန်မြင့်တက်ခဲ့သည်။ စပိန်နိုင်ငံ အယ်လ်ဂရာနာဒိုမြို့တွင် အပူချိန် ၄၆ ဒသမ ၆ ဒီဂရီဆဲလ်စီးရပ် (၁၁၆ ဒီဂရီဖာရင်ဟိုက်)နှင့် ပေါ်တူဂီနိုင်ငံ အဲလ်ဗီဂါမြို့တွင် ၄၆ ဒသမ ၄ ဒီဂရီဆဲလ်စီးရပ်အထိ ရှိခဲ့ကြောင်း ကမ္ဘာ့မိုးလေဝသအဖွဲ့ချုပ် (ဒဗလျူအမ်အို)က ပြောကြားသည်။

**မျှော်လင့်ရ**

လာမည့်ရက်များအတွင်း ဥရောပတိုက်အနောက်ပိုင်းဒေသများတွင် အပူချိန်လျော့ကျသွားမည်ဟု မျှော်လင့်ရသည်။ စပိန်နှင့် ပေါ်တူဂီနိုင်ငံတို့မှ မီးသတ်သမားများမှာ ၎င်းတို့နိုင်ငံများ၏ တောင်ပိုင်းဒေသများ၌ တောမီးလောင်ကျွမ်းမှုကို ခက်ခက်ခဲခဲငြိမ်းသတ်ခဲ့ရသည်။

**အေအက်ဖ်ပီ**



# ဘာစီလိုနာအသင်းက ပေါ့ဘာအား စိတ်ဝင်စားနေသော်လည်း မန်ယူအသင်းက ပေါ့ဘာကို ရောင်းချမည်မဟုတ်ဟုဆို

မန်ယူအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာအား စပိန်လာလီဂါကလပ် ဘာစီလိုနာအသင်းက ခေါ်ယူရန်စိတ်ဝင်စားနေသော်လည်း မန်ယူအသင်းအနေဖြင့် ပေါ့ဘာကို ရောင်းချမည်မဟုတ်ကြောင်း အခိုင်အမာပြောကြားခဲ့သည်။

မန်ယူအသင်းသည် ကွင်းလယ်ကစားသမားပေါ့ဘာအား စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၈၉ သန်းဖြင့်ခေါ်ယူခဲ့သော်လည်း မန်ယူအသင်းတွင် ထင်သလောက်ခြေစွမ်းမပြနိုင်ခဲ့ခြင်းကြောင့် ကစားသမားကိုယ်တိုင်ကလည်း ဘာစီလိုနာအသင်း၏ စိတ်ဝင်စားမှုအပေါ် သာယာနေသည့်အနေအထားတွင်ရှိနေသည်။

မန်ယူအသင်းက တိုက်စစ်ပိုင်းအားဖြည့်ရန်အတွက် ပြီးခဲ့သည့် ဘောလုံးရာသီက အလက်ဇစ်ဆန်းချက်ဇ်ကို တစ်ပတ်လုပ်ခလစာပေါင် ငါးသိန်းဖြင့် ခေါ်ယူခဲ့ခြင်းကြောင့် ကွင်းလယ်ကစားသမားပေါ့ဘာကလည်း ၎င်းအား လစာတိုးမြှင့်ပေးရန် တောင်းဆိုခဲ့သည်။ သို့ရာတွင် မန်ယူအသင်းက ပေါ့ဘာကို လစာတိုးမြှင့်ပေးရန် ငြင်းဆိုခဲ့သည့်အပြင် အသင်းပြောင်းရွှေ့ခွင့်ကိုပါ တားမြစ်ထားကြောင်းသိရသည်။

မန်ယူအသင်းပါဝင်ကစားလျက်ရှိသည့် ပရီမီယာလိဂ်အပြောင်းအရွှေ့ဈေးကွက်သည် ဩဂုတ် ၉ ရက်တွင် ပိတ်သိမ်းမည်ဖြစ်သော်လည်း ပေါ့ဘာအား ခေါ်ယူလိုသည့် ဘာစီလိုနာအသင်း၏ စပိန်လာလီဂါ အပြောင်းအရွှေ့ဈေးကွက်မှာမူ ဩဂုတ်လကုန်မှသာ ကုန်ဆုံးမည်ဖြစ်သောကြောင့် ဘာစီလိုနာအသင်းက ပေါ့ဘာကို ခေါ်ယူရန် ပြင်ဆင်နေဆဲဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် ပြင်သစ်ကွင်းလယ်ကစားသမား ပေါ့ဘာသည် ဘာစီလိုနာအသင်းနှင့် တစ်ပတ်လုပ်ခလစာပေါင် ၃၅၀၀၀၀ ဖြင့် သဘောတူညီထားကြောင်းလည်း သတင်းများတွင် ဖော်ပြထားသည်။ ကွင်းလယ်ကစားသမား ပေါ့ဘာသည် ရုရှားနိုင်ငံတွင် ကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ခြေစွမ်းပြကစားနိုင်ခဲ့ခြင်းကြောင့် မန်ယူအသင်းအတွက် အဓိကကျသည့်ကစားသမားတစ်ဦး ဖြစ်လာခဲ့သည့်အပြင် ဘာစီလိုနာအသင်း၏ ပစ်မှတ်ထားခြင်းကိုလည်း ခံခဲ့ရသူဖြစ်သည်။




# ကိုလံဘီယာ ကွင်းလယ်ကစားသမား လာမာ ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့

စပိန်လာလီဂါကလပ် လီဗန်တေးအသင်းမှ ကိုလံဘီယာကွင်းလယ်ကစားသမား ဂျက်ဖာဆန်လာမာသည် ကလပ်အသင်း၏ စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် ၂၅ သန်းဖြင့် ဘုန်းမောက်အသင်းသို့ ပြောင်းရွှေ့သွားခဲ့ပြီဖြစ်ကြောင်း သိရသည်။

ကွင်းလယ်ကစားသမား လာမာသည် အင်္ဂလန်အသင်းအား ၁၆ သင်းအဆင့်တွင် ရှုံးနိမ့်ခဲ့သည့်ပွဲစဉ်အပါအဝင် ရုရှားနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပခဲ့သည့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ကိုလံဘီယာအသင်းနှင့်အတူ ပွဲစဉ်အားလုံးပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်ပြီး လက်ရှိတွင် ဘုန်းမောက်အသင်းနှင့် ငါးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုလိုက်ပြီဖြစ်ကြောင်းသိရသည်။

ဘုန်းမောက်အသင်းသည် ယခုအပြောင်းအရွှေ့ကာလတွင် ကစားသမားနှစ်ဦးကို ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် ကွင်းလယ်ကစားသမားလာမာသည် ဘုန်းမောက်အသင်းအတွက် တတိယမြောက်စာချုပ်ချုပ်ဆိုခေါ်ယူခဲ့သည့် ကစားသမားလည်း ဖြစ်လာခဲ့သည်။ ပရီမီယာလိဂ်ကလပ် ဘုန်းမောက်အသင်းသည် ကွင်းလယ်ကစားသမား လာမာအား မခေါ်ယူခင်က ရှက်ဖီးလ်ယူနိုက်တက်အသင်းမှ ကွင်းလယ်ကစားသမား ဒေးဗစ်ဘရွတ်ခ်နှင့် လီဂါနက်စ်အသင်းမှ ဗဟိုနောက်တန်းကစားသမား ဒီယေဂိုရီကိုတို့ကို ခေါ်ယူခဲ့ခြင်းဖြစ်သည်။

ဘုန်းမောက်အသင်းနည်းပြ အက်ဒီဟိုဝီကလည်း ကွင်းလယ်ကစားသမား ဂျက်ဖာဆန်လာမာအား ခေါ်ယူခဲ့ပြီးနောက် ဘုန်းမောက်အသင်း၏ ကွင်းလယ်ပိုင်းအတွက် အဓိကအားထားရသည့် ကစားသမားတစ်ဦးဖြစ်ကြောင်း ပြောကြားခဲ့သည်။

ငွေကြယ် - ရေးသားသည်



# ကော်တိုရစ်နေရာတွင် အစားထိုးရန် ကီပါအား ချယ်လ်ဆီးအသင်း ပစ်မှတ်ထားနေ


ချယ်လ်ဆီးအသင်းသည် ဂိုးသမား ကော်တိုရစ်၏ နေရာတွင် အစားထိုးရန်အတွက် စပိန်လာလီဂါကလပ် ဘီဘာအိုအသင်းမှ ဂိုးသမား ကီပါအား ခေါ်ယူရန် ပစ်မှတ်ထားလျက်ရှိကြောင်း သိရသည်။

ချယ်လ်ဆီးအသင်းသည် ဂိုးသမား ကီပါအား ဈေးအကြီးဆုံးဂိုးသမားအဖြစ် ပေါင် ၇၁ သန်းဖြင့် ခေါ်ယူရန်ပြင်ဆင်နေခြင်းဖြစ်ပြီး ဘီဘာအိုအသင်းကလည်း အဆိုပါကစားသမားအား ပရီမီယာလိဂ်သို့ ပြောင်းရွှေ့ကစားရန် ခွင့်ပြုခဲ့ကြောင်း သိရသည်။

လီဗာပူးအသင်းသည် ရိုးမားဂိုးသမား အဲလစ်ဆင်ကို ပေါင် ၆၆ ဒသမ ၈ သန်းဖြင့် ခေါ်ယူထားခဲ့ပြီးဖြစ်သောကြောင့် ဂိုးသမား ကီပါမှာ ချယ်လ်ဆီးအသင်းက သတ်မှတ်ထားသည့်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့မည်ဆိုပါက ကမ္ဘာ့ဈေးအကြီးဆုံး ဂိုးသမားလည်း ဖြစ်လာမည်ဖြစ်သည်။

ချယ်လ်ဆီးဂိုးသမား ကော်တိုရစ်မှာ စပိန်လာလီဂါကလပ် ရီးယဲလ်မက်ဒရစ်အသင်းသို့ ပြောင်းရွှေ့မည်ဖြစ်သောကြောင့် ဂိုးသမား ကီပါအား စံချိန်တင်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန်စီစဉ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် ဂိုးသမားကီပါသည် ချယ်လ်ဆီးအသင်းနှင့်အတူ ကျန်းမာရေးဆေးစစ်မှုများ ပြုလုပ်ရန် စပိန်မြေမှ လန်ဒန်မြေသို့ ရောက်ရှိလာခဲ့ပြီဖြစ်ပြီး ငါးနှစ်သက်တမ်းရှိ စာချုပ်တစ်ရပ်ချုပ်ဆိုလိမ့်မည်ဖြစ်သည်။



## ဘောလုံးလောက သတင်းတိုများ

- ဘိုင်ယန်မြူးနစ်နောက်တန်းကစားသမား ဘိုတန်သည် အိုးထရက်ဖို့ဒ်သို့ ပြောင်းရွှေ့ကစားမည်မဟုတ်ကြောင်း မန်ယူအသင်းနည်းပြ မော်ရင်ဟိုအား ဖုန်းဖြင့်ဆက်သွယ်ပြောကြားခဲ့ကြောင်းသိရသည်။
- **အာဆင်နယ်အသင်းသည် ဘာစီလိုနာတိုက်စစ်မှူး ဒမ်ဘီလီအား ပြောင်းရွှေ့ကြေးပေါင်သန်း ၁၀၀ ဖြင့် ခေါ်ယူရန်စီစဉ်လျက်ရှိပြီး အဆိုပါအသက် ၂၁ နှစ်အရွယ် တိုက်စစ်မှူးသည် ဘာစီလိုနာအသင်းသို့ ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ပြောင်းရွှေ့ခဲ့သူဖြစ်သည်။**
- အဲဗာတန်အသင်းသည် ချယ်လ်ဆီးအသင်းနောက်တန်းကစားသမား ဇူးမားအား ခေါ်ယူရန်ဆန္ဒရှိနေပြီး အငှားစာချုပ်ဖြင့် ခေါ်ယူနိုင်မည်ဟု ယုံကြည်ထားကြောင်းသိရသည်။
- **ရီးယဲလ်မက်ဒရစ်အသင်းသည် ခရိုအေးရှားကွင်းလယ်ကစားသမား ကိုဗာဆစ်နေရာတွင် သီယာဂိုအယ်လ်ကန်တာရာ သို့မဟုတ် မီယာလမ်ပီဂျာနစ်တို့ကို ခေါ်ယူရန် စီစဉ်လျက်ရှိပြီး ဘိုင်ယန်မြူးနစ်ကွင်းလယ်ကစားသမား အယ်လ်ကန်တာရာမှာ ပေါင် ၅၄ သန်း၊ ဂျူဗင်တပ်ကွင်းလယ်ကစားသမား ပီဂျာနစ်မှာ ပေါင် ၇၂ သန်း အသီးသီးပေးဝယ်ရမည်ဖြစ်ကြောင်း သိရသည်။**
- အီတလီစီးရီးအေကလပ် အေစီမီလန်အသင်းသည် ချယ်လ်ဆီးအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဘာကာယိုကိုအား အငှားစာချုပ်ဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိကြောင်းသိရသည်။
- **ဝက်စ်ဟမ်းအသင်းသည် ရိုးမားအသင်းမှ ပြင်သစ်ကွင်းလယ်ကစားသမား ဂိုနာလွန်အား ပြောင်းရွှေ့ကြေးပေါင် ၈ ဒသမ ၉ သန်းဖြင့် ခေါ်ယူရန် စီစဉ်လျက်ရှိပြီး အဆိုပါကစားသမားအား ခေါ်ယူနိုင်ရန် အဲဗာတန်အသင်း၊ ခရစ္စတယ်ပဲလေ့အသင်းတို့နှင့်အပြိုင် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။**

# ကသာအကျဉ်းထောင်အတွင်း မူးယစ်ဆေးခိုးသွင်းပေးသူ အကျဉ်းသား ထပ်မံဖမ်းမိ

**ကသာ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ အကျဉ်းထောင်အတွင်း မူးယစ်ဆေးခိုးသွင်းသူ အကျဉ်းသား တစ်ဦး ထပ်မံဖမ်းဆီးမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ် ၇ ရက်တွင် အကျဉ်းသားများအား အကျဉ်းထောင်အတွင်းသို့ ပြန်လည်ခေါ်ဆောင်ခဲ့ပြီး တစ်ဦးချင်း ပြန်လည်စစ်ဆေးရာ ထောင်ဒဏ် ခြောက်လကျခံနေရသော အကျဉ်းသား မြင့်နိုင်၏ ခန္ဓာကိုယ်စအိုအတွင်း သိုဝှက်သယ်ဆောင်လာသော ဘိန်းဖြူ တစ်ဂရမ်ပါ ကော်ဘူးတစ်ဘူးအား တွေ့ရှိရသည်။ ၎င်းအား စစ်မေးရာ ကသာမြို့နယ် သာစည်ကျေးရွာနေ မဝင်းခိုင်နှင့် မမြင့်မြင့်ကြည်တို့နှစ်ဦးမှ အကျဉ်းထောင်အတွင်းရှိ သာစည်ရွာသား စစ်ဆေးဆဲ တရားခံနှစ်ဦးဖြစ်သူ လှိုင်မင်းထွန်း(ခ) မောင်လှိုင်နှင့် ထွန်းဇော်တို့အား အဆိုပါမူးယစ်ဆေးဝါးပေးပေးရန်နှင့် ပို့ခငွေကျပ် ၇၅၀၀၀ ပေးမည်ပြောသဖြင့် မူးယစ်ဆေးဝါး သယ်ဆောင်ရကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။ ကသာမြို့မရဲစခန်းမှ မူးယစ်ဆေးဝါးသယ်ဆောင်သူ အကျဉ်းသား မြင့်နိုင် ကျောင်းကုန်းကျေးရွာ အင်းတော်မြို့နယ်၊ မူးယစ်ဆေးဝါးမှာယူသူ အကျဉ်းသား ကသာမြို့နယ် သာစည်ကျေးရွာသားများဖြစ်ကြသော လှိုင်မင်းထွန်း (ခ)မောင်လှိုင်နှင့် ထွန်းဇော်တို့ သုံးဦးအား မူးယစ်ဆေးဝါးဥပဒေအရ ထပ်မံအရေးယူဆောင်ရွက်ထားပြီး မူးယစ်ဆေးဝါးများကို အကျဉ်းထောင်အတွင်းသို့ ပို့ခိုင်းသူ ကသာမြို့နယ် သာစည်ကျေးရွာနေ မဝင်းခိုင်နှင့် မမြင့်မြင့်ကြည်တို့နှစ်ဦးအား ဖမ်းဆီးရမိရေးအတွက် ဆောင်ရွက်လျက်ရှိကြောင်း ကသာမြို့မရဲစခန်းမှ သိရသည်။

**လူအောင်(ကသာ)**



# ခမ်းပါတ်မြို့၌ လက်နက်နှင့် ငွေကျပ်သိန်း ၂၉၇၀ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**တမူး ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီး တမူးခရိုင် ခမ်းပါတ်မြို့ နန်စပါတံတားအနီး၌ ခြောက်လုံးပြူး တစ်လက်၊ ကျည် လေးတောင့်နှင့် ငွေကျပ်သိန်း ၂၉၇၀ ကျော်ဖိုး စိတ်ကြွရူးသွပ်ဆေးပြား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ တမူးမြို့ မူးယစ်တပ်ဖွဲ့စု ၇ တမူးမှတပ်ဖွဲ့ဝင်များနှင့် ခမ်းပါတ်မြို့နယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မူးယစ်ဆေးဝါးသတင်းအရ ဩဂုတ် ၇ ရက် ညနေ ၅ နာရီ မိနစ် ၄၀ ခန့်က ခမ်းပါတ်မြို့ ဘုက္ကန်ကျေးရွာနှင့် ထင်းဇင်ကျေးရွာအကြား နန်စပါတံတားအနီးတွင် ကလေးမြို့မှ တမူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်အား ရပ်တန့်စစ်ဆေးရှာဖွေရာ ငွေကျပ်သိန်း ၂၉၇၀ တန်ဖိုးရှိ မူးယစ်ဆေးဝါးများနှင့် ခြောက်လုံးပြူးသေနတ် တစ်လက်၊ ကျည်လေးတောင့်အား သိမ်းဆည်းရမိပြီး မူးယစ်ဆေးဝါး၊ လက်နက်ခဲယမ်းများနှင့်အတူ တွေ့ရှိသူများဖြစ်သော ကလေးမြို့ ပင်လုံရပ်ကွက်နေ နောင်ရိုးနှင့် မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်နေ စိုင်းလောဝ်ထွန်းတို့နှစ်ဦးအား ခမ်းပါတ်မြို့နယ်မြေရဲစခန်းတွင် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ထွန်းမင်းအောင်(ကဘော်မြေ)**



# သုံးခွမြို့နယ်၌ မော်တော်ယာဉ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိ

**သုံးခွ ဩဂုတ် ၈**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ကံမြင့်ကျေးရွာအနီးတွင် ဩဂုတ် ၇ ရက် ညနေ ၄ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

သတင်းအရ အမှတ် ၆၁ ယာဉ်ထိန်းတပ်ဖွဲ့စုမှ တပ်ဖွဲ့ဝင်များ သွားရောက်စစ်ဆေးရာ မိုင်တိုင် ၅၅/၂ နှင့် ၅၅/၃ ကြားတွင် သန်လျင်မှ သုံးခွမြို့သို့ ဇော်ဇော်ထွန်း (၂၆) နှစ် ဒေါပုံမြို့နယ်နေသူ မောင်းနှင်လာသော ကိုယ်ပိုင်ယာဉ်သည် ရှေ့မှဆိုင်ကယ်အား ကျော်တက်စဉ် အရှိန်လွန်ပြီး တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိကာ မျက်နှာချင်းဆိုင်မှလာသော အောင်မြတ်သူ (၂၆) နှစ် မင်္ဂလာတောင်ညွန့်မြို့နယ် မောင်းနှင်လာသော အငှားယာဉ်အား မျက်နှာချင်းဆိုင်တိုက်မိရာ ဇော်ဇော်ထွန်းတွင် (မစိုးရိမ်ရ) ဒဏ်ရာများ ရရှိသည်။

အောင်မြတ်သူတွင်လည်း ဒဏ်ရာများရရှိ၍ အတွင်းလူနာ(စိုးရိမ်ရ)ဖြင့် သန်လျင်ဆေးရုံမှ ရန်ကုန်ဆေးရုံကြီးသို့ တင်ပို့ဆေးကုသလျက်ရှိကြောင်း၊ ယာဉ်အား မဆင်မခြင်မောင်းနှင်သူ ဇော်ဇော်ထွန်းအား သုံးခွမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကိုကျော်(သုံးခွ)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၈**

မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်တွင် ဩဂုတ် ၇ ရက်က ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၄၃ စီး၊ သွင်းကုန် ၇၂၇ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၁၉ စီး၊ သွင်းကုန် ၈၇ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှု ငါးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၆ ဒသမ ၀၇၆ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု သုံးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆ ဒသမ ၇၇၆ သန်းခန့်) စုစုပေါင်း တားဆီးမှု ရှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၃၂ ဒသမ ၈၅၂ သန်းခန့်)အား သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၇ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်စဉ် ခရီးသည်တင်ယာဉ်တစ်စီးနှင့် CHENGLONG (တွဲ)ယာဉ်တစ်စီးအား စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ပိတောက်ခားရှွေတုံး ၆ ဒသမ ၃၅၅ တန်နှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄ ဒသမ ၀၆၆ သန်းခန့်) စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဆိုင်ကယ်ရပ်ပြီး ဖုန်းပြောနေသူနှစ်ဦးအား ကားဝင်တိုက်၍ သေဆုံး

**ကျောင်းကုန်း ဩဂုတ် ၈**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် ဆိပ်ဖူးနီအုပ်စု ဆိပ်ဖူးနီလေးကျေးရွာအနီး၌ ဩဂုတ် ၇ ရက် ည ၉ နာရီခန့်က ယာဉ်တိုက်မှုဖြစ်ပွားခဲ့သည်။

လှည်းဆိပ်ရဲကင်းစခန်းမှူး ဒုရဲအုပ်လှမိုးက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းရသဖြင့် သွားရောက်စစ်ဆေးရာ ဆိပ်ဖူးနီ-ယိုးဒယားတက်ကျေးရွာချင်းဆက် ကွန်ကရစ်လမ်းပေါ်တွင် ဆိပ်ဖူးနီမှ ယိုးဒယားတက်ကျေးရွာသို့ ယာဉ်မောင်း ဝင်းခိုင်(ခ)ကိုပေါက် မောင်းနှင်ပြီး ဇော်မင်းထက်(ခ) ဇော်ကြီး လိုက်ပါလာသည့် ယာဉ်သည် လမ်းဘေးတွင် ဆိုင်ကယ်ရပ်၍ ဖုန်းပြောနေသော ဇော်ဟိန်းလတ်နှင့် ရဲထွဋ်ဝင်းတို့နှစ်ဦးအား အရှိန်မထိန်းနိုင်ဘဲ ဝင်ရောက်တိုက်မိရာ ၎င်းတို့နှစ်ဦးမှာ အခင်းဖြစ်နေရာတွင်ပင် သေဆုံးခဲ့သဖြင့် ယာဉ်မဆင်မခြင် မောင်းနှင်သူ ယာဉ်မောင်းအား ကျောင်းကုန်းမြို့မရဲစခန်းမှ အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကျားကလေး-ဇာသပြင်လမ်း ပျက်စီးသည့်နေရာအား ပြုပြင်

**ဘားအံ ဩဂုတ် ၈**

ဘားအံမြို့နယ် ကျားကလေး-ဇာသပြင်လမ်း ၂၅ ကီလိုမီတာနှင့် ၂၆ ကီလိုမီတာအကြား ရေတိုက်စားမှုကြောင့် တံတားချဉ်းကပ်လမ်းများ ပျက်စီးခဲ့သည့် တံတားနှစ်စင်းအား ယာဉ်သွားလာမှုလွယ်ကူစေရေးအတွက် ဩဂုတ် ၇ ရက် နံနက် ၆ နာရီမှစတင်ပြီး ဘားအံမြို့နယ် ခရားအတွင်းကျေးရွာကျောင်းတိုက်ဆရာတော် ဦးစန္ဒောဘာသ ဦးဆောင်မှုဖြင့် ဝန်းကျင်ကျေးရွာများမှ ကျေးရွာသူ ကျေးရွာသား ၅၀ ခန့်တို့က ရေတိုက်စားသွားသည့်နေရာအား လမ်းခင်းပြုပြင်ဆောင်ရွက်ခဲ့ရာ ယနေ့မွန်းလွဲ ၁ နာရီမှစတင်၍ ယာဉ်ကြီးယာဉ်ငယ်အားလုံး လွယ်ကူချောမွေ့စွာ သွားလာနိုင်ပြီဖြစ်ကြောင်း သိရသည်။

ဘားအံမြို့နယ်အတွင်း ရေကျော်နေသည့် ကားလမ်းနေရာများတွင် မြစ်ရေကျသွားသည့်အတွက် ဘားအံ-မော်လမြိုင်-ရန်ကုန် လမ်းကြောင်းတစ်လျှောက် ယာဉ်ကြီးယာဉ်ငယ်အားလုံး သွားလာလျက်ရှိကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**





# သုဝဏ္ဏဝတီမြို့တွင် ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်း၊ ရေကန်များ ကလိုရင်းဆေးများထည့်၍ သန့်ရှင်းရေးများ ဆောင်ရွက်

**သုဝဏ္ဏဝတီ ဩဂုတ် ၈**

မွန်ပြည်နယ် သထုံမြို့နယ် သုဝဏ္ဏဝတီမြို့အတွင်း ရေကြီးနစ်မြုပ်ခဲ့သော ရေတွင်းများကို သိမ်ဆိပ်ကျန်းမာရေးဌာနမှ ဝန်ထမ်းများနှင့် စေတနာရှင်လူမှုရေးအဖွဲ့များက ဦးဆောင်၍ ကလိုရင်းဆေးများ လိုက်လံထည့်ပေးဆောင်ရွက်နေကြောင်း သိရသည်။

"ရေကျော်သွားတဲ့ ရပ်ကွက်တိုင်းက ရေတွင်းတွေကို ကလိုရင်းဆေးလိုက်လံထည့်ပေးပါတယ်။ ဆေးထည့်ပြီး တစ်နာရီကြာရင် စိတ်ချလက်ချရေကို သုံးစွဲလို့ရပါပြီ။ အကာအရံမရှိတဲ့ ရေတွင်းထဲက ရေတွေကို အကုန်စုပ်ထုတ်ပြီးမှ ဆေးထည့်ပေးရပါတယ်"ဟု သိမ်ဆိပ်ကျန်းမာရေးဌာနမှ ဝန်ထမ်းတစ်ဦးက ပြောသည်။

မိုးကောင်းကျေးရွာအုပ်စု ကရင်လေးဆိပ်ရွာရှိ ရေကြီးရေမြုပ်ခဲ့သော ရေတွင်းများအား ရေစုပ်စက် ခြောက်လုံးဖြင့် ရေနောက်များအား စုပ်ထုတ်ကြပြီး သန့်ရှင်းရေးဆောင်ရွက်ပြီးစီးသည်နှင့် မိုးကောင်းကျန်းမာရေးဌာနမှ ကလိုရင်းဆေးများ ထည့်ခြင်းကို ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။

**ခွန်(ဝင်းပ)**

## မြန်မာ့ရုပ်မြင်သံကြား

**၉-၈-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

| | |
|---|---|
| ၆း၀၀ | တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော် |
| ၇း၀၀ | Breakfast News |
| ၈း၃၅ | "မင်္ဂလာပါအာဆီယံ" |
| ၉း၁၀ | လှပစုံလင်အာဆီယံတစ်ခွင် |
| ၉း၂၀ | ASEAN Spotlight (38) |
| ၉း၃၅ | "နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဒေသခံပြည်သူများစကားဝိုင်း တိုက်ရိုက်ထုတ်လွှင့်မှုအစီအစဉ်" (ပခုက္ကူမြို့နယ်၊ ချောက်ကန်ကျေးရွာ) |
| ၁၂း၃၀ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၁)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၁၄း၁၀ | "ဆန်းသစ်တီထွင်ဆေးဖက်ဝင် ပယင်းအလှရတနာအသွင်" |
| ၁၅း၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၈၀) |

**ညပိုင်း**

| | |
|---|---|
| ၁၆း၂၅ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "ဣတ္ထိယ" (အလင်းရောင်၊ စိုးမြတ်သူဇာ၊ ခိုင်သင်းကြည်၊ ဖွေးဖွေး၊ ယွန်းရွှေရည်) (ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)) |
| ၁၆း၄၀ | သုံးသပ်ရှုမြင်မြန်မာ့ရုပ်ရှင် "မင်္ဂလာခုတင်" (မြင့်မြတ်၊ ကျော်ကျော်ဗို၊ ဝတ်မှုံရွှေရည်၊ ခင်ဇာခြည်ကျော်)(ဒါရိုက်တာ-ကိုဇော်(အရုဏ်ဦး)) |
| ၁၇း၀၅ | NHK အစီအစဉ် "အိုရီဂါမီ၏ အလားအလာသစ်များ" |
| ၁၇း၃၅ | လူမှုစီးပွားမြင်ကွင်းများ |
| ၁၈း၂၅ | မျက်မှောက်ရေးရာအဖြာဖြာ |
| ၁၈း၅၀ | "CHOICE" (အပိုင်း-၇၆) |
| ၁၉း၁၅ | မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၂)(ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာ-အောင်ဩဘာ) |
| ၂၀း၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ |
| ၂၀း၃၅ | Britain's Got Talent (9) -(ASEAN Day ဂုဏ်ပြုအစီအစဉ်) "ASEAN QUIZ" (အပိုင်း-၂) -မှတ်မှတ်ထင်ထင်မြန်မာ့ရုပ်ရှင် (အပိုင်း-၁)(ဒါရိုက်တာ-ကြည်စိုးထွန်း၊ ခင်မောင်ချင်း) - အစီအစဉ်ပြီး၏။ |

# အခွင့်အလမ်းသစ်များဖြင့် မြန်မာ့စီးပွား ကြိုးစားမြှင့်တင်ကြစို့

■ ဒေါက်တာမောင်အောင်

လူတစ်ဦးချင်းမှအစ အိမ်ထောင်စု၊ လုပ်ငန်း၊ ကုမ္ပဏီ စသည်တို့၏ ကြီးပွားတိုးတက်ရေးသည် ပါဝင်သောလူများ၏ နိုးကြားတက်ကြွမှု၊ ကြိုးစားအားထုတ်မှုအပေါ် မူတည်ပေသည်။ ပြည်တွင်း၊ ပြည်ပ ပြောင်းလဲနေသော အခြေအနေအရပ်ရပ်များကြောင့် ပေါ်ပေါက်လာသည့် စီးပွားရေးအခွင့်အလမ်းသစ်များကို လက်တွေ့ကျကျ အမြန်ဆုံးအသုံးချနိုင်လျှင် တိုးတက်မှုဖော်ဆောင်နိုင်မည်ဖြစ်သည်။ နည်းပညာခေတ် ဖြစ်သည့်အတွက် နောက်ဆုံးဖြစ်ပေါ်နေသည့် သတင်းအချက်များကို မိမိလုပ်ငန်းများတွင် အမြန်ဆုံးအသုံးချနိုင်လေ တိုးတက်လေပင်ဖြစ်သည်။

**စီးပွားရေးနှင့်ပတ်သက်သော ပြည်တွင်း၊ ပြည်ပ အပြောင်းအလဲများ**

ပြည်တွင်းစီးပွားရေးဆိုင်ရာ အပြောင်းအလဲမှာ ပြည်တွင်းကုမ္ပဏီများနှင့် နိုင်ငံတကာလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ပေါင်းစည်းနိုင်ရေးအတွက် မြန်မာနိုင်ငံကုမ္ပဏီများ ဥပဒေသစ်ကို ၂၀၁၇ ခုနှစ် နိုဝင်ဘာလ ၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ပြီး ၂၀၁၈ ခုနှစ် ဩဂုတ်လ ၁ ရက်နေ့မှစ၍ အသက်ဝင်ပြီဖြစ်သောကြောင့် ပြည်တွင်း၊ ပြည်ပ လုပ်ငန်းများ စီးပွားရေးပေါင်းစည်းရေးတံခါးဖွင့်လိုက်ပြီဖြစ်သည်။

ထို့အတူ နိုင်ငံခြားလုပ်ငန်းများ၊ နိုင်ငံခြားနှင့် ပြည်တွင်းဖက်စပ်လုပ်ငန်းများအား လက်လီ၊ လက်ကား ရောင်းဝယ်ရေးကို ကုန်စည်အုပ်စု ၂၄ မျိုးတွင် ခွင့်ပြုလိုက်ခြင်းပင်ဖြစ်သည်။ မြန်မာ့စီးပွားတိုးတက်မှု အရှိန်မြင့်မားရေးအတွက် အရေးပါသည့် စီးပွားရေးမူဝါဒ ပြောင်းလဲမှုကြီးဖြစ်သည်။ ၂၁ ရာစု Globalization ခေတ်၊ နိုင်ငံများ၏ တိုးတက်ဖွံ့ဖြိုးရေးလမ်းကြောင်းမှာ နိုင်ငံတကာလုပ်ငန်းကြီးများနှင့် ပေါင်းစည်းနိုင်မှုအပေါ် မူတည်သလို ပုဂ္ဂလိကတစ်ဦးချင်းလုပ်ငန်းများ တိုးတက်မှုဖော်ဆောင်ရာတွင်လည်း ပြည်ပလုပ်ငန်းများနှင့် ပေါင်းစည်းနိုင်လေ တိုးတက်လေပင်ဖြစ်သည်။

ထို့အတူ ကမ္ဘာ့စီးပွားရေးအပြောင်းအလဲတွင်လည်း အမေရိကန်နှင့် ကုန်သွယ်ဖက်နိုင်ငံများအကြား ကုန်သွယ်ရေးစစ်ပွဲ စတင်ခြင်းပင်ဖြစ်သည်။ ကမ္ဘာ့စီးပွားရေးအတောင့်တင်းဆုံးနိုင်ငံဖြစ်သည့် အမေရိကန်နိုင်ငံအနေဖြင့် တစ်ကမ္ဘာလုံး ဖြန့်ကြက်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှုစနစ် (Global Supply Chain & Trading System) ကို ဆန့်ကျင်ကာ ကိုယ်ကျိုးစီးပွား အကာအကွယ်ပေးသည့် ကုန်သွယ်ရေးမူဝါဒ ပြောင်းလဲကျင့်သုံးလိုက်ခြင်းကြောင့် ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးအပေါ် ရိုက်ခတ်မှုများရှိလာပြီဖြစ်သည်။ အထူးသဖြင့် အဓိကကုန်သွယ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံ၏စီးပွားရေးအပေါ် အရိုက်ခတ်ဆုံးဖြစ်သည်။ အမေရိကန်-တရုတ် ကုန်သွယ်ရေးစစ်ပွဲကြောင့် မြန်မာ့စီးပွားရေးအပေါ် ရိုက်ခတ်လာမည့် ဆိုးကျိုးများ၊ စိန်ခေါ်မှုများ ရှိလာမည်ဖြစ်သလို အခြားတစ်ဖက်တွင်လည်း ကောင်းကျိုးများလည်း ဒွန်တွဲပါလာစမြဲပင်ဖြစ်သည်။ ဆိုလိုသည်မှာ မြန်မာ့စီးပွားရေးအပေါ် သက်ရောက်မည့် ဆိုးကျိုးများ၊ စိန်ခေါ်မှုများ အနည်းဆုံးဖြစ်စေရန် စီမံဆောင်ရွက်ပြီး ပွင့်လင်းလာမည့် ကောင်းကျိုးအခွင့်အလမ်းများကို အမြန်ဆုံးလက်တွေ့အကောင်အထည်ဖော်နိုင်လျှင် သိသာသည့် မြန်မာ့စီးပွားရေးတိုးတက်မှုအတွက် ရရှိလာမည်ဖြစ်သည်။

ထို့ပြင် ကမ္ဘာလုံး၏ ရာသီဥတုဖောက်ပြန်မှုများ ပေါ်ပေါက်နေခြင်းသည် အဆိုးဖြစ်သော်လည်း အကောင်းမှာ ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာဖူလုံမှုအတွက် ဆောင်ရွက်ကြရာတွင် မြန်မာအနေဖြင့် လယ်ယာသီးနှံ တိုးချဲ့ထုတ်လုပ်နိုင်ရေး အခွင့်အလမ်းများ ရှိနေခြင်းပင်ဖြစ်သည်။

**မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်၏ အခွင့်အလမ်းသစ်များ**

ပြည်တွင်းလုပ်ငန်းရှင်များ ရေရှည်တိုးတက်မှုအတွက် အဓိကလိုအပ်နေသည့် အရင်းအနှီး၊ နည်းပညာသစ်၊ ဈေးကွက်ရရှိမှု၊ စီမံခန့်ခွဲမှု စသည်တို့ကို နိုင်ငံခြားကုမ္ပဏီများနှင့် ပေါင်းစည်းခြင်းဖြင့် ရရှိနိုင်မည်ဖြစ်ပြီး နိုင်ငံခြားကုမ္ပဏီများအနေဖြင့်လည်း ပြည်တွင်းကုမ္ပဏီများ လုပ်ခွင့်ရှိသည့် လုပ်ငန်းများ တရားဝင်နာမည်ပေါက် လုပ်နိုင်တော့မည်ဖြစ်ရာ အထူးအခွင့်အရေးရရှိတော့မည်ဖြစ်၍ မုချဝင်လာမည်ဖြစ်သည်။

ပြည်ပလုပ်ငန်းများနှင့် ပေါင်းစည်းရေးကို ကုမ္ပဏီများဥပဒေအသစ်အရ စုစုပေါင်းအရင်းအနှီး၏ ၃၅ ရာခိုင်နှုန်းအထိ ခွင့်ပြုထားသည့်အတွက် ပြည်တွင်းလုပ်ငန်းများ ကုမ္ပဏီထူထောင်ရန် စတင်ရမည်ဖြစ်၍ အရင်းအနှီးအနည်း၊ အများပေါ် မူတည်ပြီး ဒါရိုက်တာတစ်ဦးပါဝင်သည့် ကုမ္ပဏီမှအစ အများပိုင်ကုမ္ပဏီအထိ ခွင့်ပြုထားပေသည်။ အရင်းအနှီးပိုမိုရရှိနိုင်ရေးအတွက် လုပ်ငန်းတူချင်းပေါင်းစည်း၍ ကုမ္ပဏီဖွဲ့ခြင်း၊ ပွင့်လင်းမြင်သာသော စာရင်းအင်းထားသိုမှုနှင့် ဘဏ္ဍာရေးစာရင်းများ၊ ငွေသားအဝင်၊ အထွက်၊ ကုမ္ပဏီအကြောင်းအရာ၊ လုပ်ငန်းလမ်းညွှန်၊ ရေရှည်မျှော်မှန်းချက်များ၊ ဒါရိုက်တာများ၏ အရည်အချင်း စသည်တို့ ပြင်ဆင်ထားရမည်ဖြစ်သလို ကုမ္ပဏီအနေဖြင့် တိုးတက်မှုလက္ခဏာဆောင်သည့် ကုမ္ပဏီမျိုးဖြစ်စေရန် ကြိုးစားပြင်ဆင်ရမည်ဖြစ်သည်။ IT နည်းပညာ အသုံးပြုနိုင်မှုနှင့် အင်္ဂလိပ်ဘာသာစကားပြောဆိုနိုင်မှု၊ ကုမ္ပဏီကြီးလျှင် သုတေသနနှင့် ဖွံ့ဖြိုးမှုတို့ကိုပါ ပြင်ဆင်ထားရမည်ဖြစ်သည်။

တိုးတက်လိုသော လုပ်ငန်းရှင်များ၊ လူငယ်များအတွက် လက်ကိုင်ထားရမည့် ဆောင်ပုဒ်မှာ "ပို၍ လေ့လာပါ၊ ပို၍ကောင်းအောင် ပြုလုပ်ပါ" ဖြစ်သည်။ ဆိုလိုသည်မှာ လုပ်ငန်းများ ကုမ္ပဏီ ဖွဲ့စည်းတည်ဆောက်ရမည်ဖြစ်သလို အထက်ပါအချက်များနှင့်ကိုက်ညီအောင် ပြင်ဆင်နိုင်မှသာ အဆင်သင့်အနေအထား ရောက်ရှိမည်ဖြစ်သည်။

ထို့ပြင် လက်လီလက်ကားရောင်းဝယ်ရေးတွင် နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားနှင့် ပြည်တွင်းဖက်စပ်လုပ်ငန်းများ အုပ်စုလုပ်ကိုင်ခွင့်ပြုသည့် လုပ်ငန်းအမယ်အုပ်စု ၂၄ မျိုးကိုလည်း ၂၀၁၈ ခုနှစ် ဇူလိုင် ၂၆ ရက်နေ့တွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ထုတ်ပြန်လိုက်သည့်အတွက် ပြည်ပလုပ်ငန်းရှင်များ ဝင်ရောက်လာတော့မည်ဖြစ်သည်။ ဝန်ဆောင်မှုဆိုင်ရာ လုပ်ငန်းသစ်များ ပေါ်လာမည်ဖြစ်၍ စီးပွားရေးလုပ်ငန်းရှင်များနှင့် လူငယ်များအတွက် အလုပ်အကိုင်အခွင့်အလမ်းသစ်များ ပေါ်လာမည်ဖြစ်သည်။

**ကုန်သွယ်ရေးစစ်၏ အကျိုးသက်ရောက်မှုများ**

အမေရိကန်နှင့် တရုတ်ကုန်သွယ်မှုစစ်ပွဲကြောင့် လက်ရှိမြင်သာသည့် အကျိုးသက်ရောက်မှုမှာ ကမ္ဘာ့ငွေကြေးယူနစ်ဖြစ်သည့် အမေရိကန်ဒေါ်လာဈေး သိသာစွာ မြင့်တက်လာခြင်းပင်ဖြစ်သည်။ အကြောင်းမှာ အမေရိကန် ဒေါ်လာ စီးထွက်မှုကို ကန့်သတ်လာမှုကြောင့်ဖြစ်သည်။ ကုန်သွယ်ရေးစစ်ပွဲကြောင့် အမေရိကန်နှင့် အဓိကကုန်သွယ်ဖက်များဖြစ်သည့် တရုတ်၊ ဥရောပသမဂ္ဂ၊ မက္ကဆီကို၊ ကနေဒါ၊ ဂျပန်တို့၏ စီးပွားရေး များစွာရိုက်ခတ်မည် ဖြစ်သည်။ Globalization ကြောင့် ယခင် စက်မှုအထွန်းကားဆုံး အမေရိကန် အပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံများမှ စက်မှုလုပ်ငန်းများ၊ ထုတ်လုပ်မှုစရိတ်သက်သာသည့် နိုင်ငံများသို့ ပြောင်းရွှေ့ထုတ်လုပ်မှုတွင် တရုတ်နိုင်ငံသို့ အများဆုံးရွှေ့ပြောင်းလာမှုနှင့်အတူ ကမ္ဘာ့စက်ရုံကြီးဖြစ်လာပြီး ကမ္ဘာအရပ်ရပ်သို့ စက်မှုပို့ကုန်အများဆုံးတင်ပို့သည့်နိုင်ငံ ဖြစ်လာခဲ့သည်။ အမေရိကန်က သွင်းကုန်အများဆုံး တင်သွင်းသည့်နိုင်ငံ ဖြစ်သည်။ ယေဘုယျအားဖြင့် အမေရိကန်၏ ကုန်သွယ်မှုရှင်းတမ်းတွင်လည်း သွင်းကုန်ထက် ပို့ကုန်က အစဉ်အမြဲများခဲ့သောကြောင့်

> "အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ ရှိလာပြီဖြစ်သည်။ လောလောဆယ် အမေရိကန်ဒေါ်လာဈေးတက်လာမှု (သို့မဟုတ်) မြန်မာကျပ်ငွေတန်ဖိုးကျလာမှုသည် မြန်မာ့ပို့ကုန်မြှင့်တင်ရေးအတွက် အခွင့်အလမ်းကောင်းပင် ဖြစ်သည်။"

အခွင့်မသာသော ကုန်သွယ်မှုရှင်းတမ်းနှင့်အတူ အမေရိကန်၏ ဒေါ်လာများ ကုန်သွယ်ဖက်နိုင်ငံများသို့ စီးထွက်နေခဲ့သည်။ ထို့အတွက် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်က ကိုယ်ကျိုးစီးပွားကာကွယ်မှုဝါဒကို စတင်လိုက်သလို ကမ္ဘာအရပ်ရပ်ရှိ အမေရိကန်စီးပွားရေးလုပ်ငန်းများကိုလည်း အမေရိကန်တွင် ပြန်လည်ထုတ်လုပ်စေရန် တွန်းအားပေးလုပ်ဆောင်မှုများ ရှိလာပြီဖြစ်သည်။ အထူးသဖြင့် အရေးပါဆုံးကုန်သွယ်ဖက်ဖြစ်သည့် တရုတ်နိုင်ငံနှင့် ကုန်သွယ်မှုတွင် အမြဲတမ်းပို့ကုန်တန်ဖိုး နည်းပြီး သွင်းကုန်တန်ဖိုး ပိုသည့်အတွက် တရုတ်နိုင်ငံသို့ အသားတင်ဒေါ်လာစီးဆင်းမှု ဖြစ်ပေါ်ခဲ့သည်။ ဆန့်ကျင်ဘက်အနေဖြင့်မူ တရုတ်နိုင်ငံ၏ ကုန်သွယ်ရေးရှင်းတမ်းတွင် သွင်းကုန်တန်ဖိုးထက် ပို့ကုန်တန်ဖိုးက အစဉ်များနေသောကြောင့်လည်း ပြီးခဲ့သည့် ဆယ်စုနှစ် နှစ်စုအတွင်း စီးပွားရေးအတိုးတက်ဆုံး နိုင်ငံဖြစ်လာပြီး GDP အရလည်း ဒုတိယ စီးပွားရေးအတောင့်တင်းဆုံးနိုင်ငံ ဖြစ်လာခဲ့သည်။

အမေရိကန်၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် မြန်မာနိုင်ငံအပေါ် အကျိုးသက်ရောက်မှုများလည်း ရှိသည်။ ဆိုးကျိုးအနေဖြင့် ကမ္ဘာလုံးငွေကြေးဒေါ်လာ ဈေးတက်မှုကြောင့် တင်သွင်းနေရသည့် သွင်းကုန်များ၏ ဈေးနှုန်းများ တက်လာပြီး ထုတ်လုပ်မှုစရိတ်၊ ဝန်ဆောင်မှုစရိတ်များ တက်လာမှုမှတစ်ဆင့် အထွေထွေကုန်ဈေးနှုန်း တက်လာမှု ဖြစ်စေနိုင်သည်။ သွင်းကုန်ဈေးများ တက်လာမှုကြောင့် ယခင်ကထက် သွင်းကုန်လျော့၍တင်သွင်းမှုများ ရှိလာနိုင်သည်။ တစ်ဆက်တည်းမှာပင် အမေရိကန်ကုမ္ပဏီများအနေဖြင့် မြန်မာနိုင်ငံတွင် လာရောက်ရင်းနှီးမြှုပ်နှံမှုများ ယခင်ကထက် လျော့နည်းလာနိုင်ပေသည်။ FDI စီးဝင်အနေအထားတွင်လည်း အမေရိကန်ကုမ္ပဏီများ အနည်းငယ်မျှသာရှိသည့်အတွက် သိသာသည့်အကျိုးသက်ရောက်မှုမရှိနိုင်ပေ။ ထို့အတူ ကုန်သွယ်မှုတွင်လည်း အမေရိကန်-မြန်မာ ကုန်သွယ်မှုတန်ဖိုးနည်း၍ မြန်မာအနေဖြင့် ပို့ကုန်တင်ပို့မှုတန်ဖိုး အနည်းငယ်သာရှိပြီး သွင်းကုန်ကသာ များသည့်အတွက် ကုန်သွယ်မှုပေါ်တွင် များစွာမထိခိုက်နိုင်ပေ။

**ကုန်သွယ်ရေးစစ်ကြောင့် ပေါ်ပေါက်လာမည့် အခွင့်အလမ်းသစ်များ**

အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးစစ်ပွဲကြောင့် မြန်မာနိုင်ငံအတွက် စီးပွားရေးအခွင့်အလမ်းကောင်းများ ရှိလာပြီဖြစ်သည်။ လောလောဆယ် အမေရိကန်ဒေါ်လာဈေးတက်လာမှု (သို့မဟုတ်) မြန်မာကျပ်ငွေတန်ဖိုးကျလာမှုသည် မြန်မာ့ပို့ကုန်မြှင့်တင်ရေးအတွက် အခွင့်အလမ်းကောင်းပင်ဖြစ်သည်။ မြန်မာ့ပို့ကုန်ဈေးနှုန်းချိုသာလာသည့်အတွက် ဝယ်လိုအား သိသိသာသာ မြင့်တက်လာစေနိုင်သည်ဖြစ်ရာ ပြည်တွင်းသုံးငွေတန်ဖိုးနိမ့်ကျမှုသည် ပို့ကုန်မြှင့်တင်ရေး (သို့မဟုတ်) ပို့ကုန်ဦးဆောင်သည့် တိုးတက်မှုပုံစံ၏ အခြေခံလိုအပ်ချက်လည်းဖြစ်သည်။

တစ်ဆက်တည်းမှာပင် လက်ရှိတင်ပို့နေသည့် ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး၊ ပို့ကုန်အမယ်အသစ်များ ပေါ်ထွန်းရေး၊ တန်ဖိုးမြင့်ပို့ကုန်များ တိုးချဲ့ရေးအတွက် ပို့ကုန်နှင့်ဆက်စပ်သည့် စက်မှုလုပ်ငန်းထွန်းကားရေး ကမ္ဘာ့ထုတ်လုပ်မှုလမ်းကြောင်းစနစ်နှင့် ဆက်စပ်နေသည့် ပို့ကုန်လုပ်ငန်းများ ပိုမိုပေါ်ပေါက်လာရေး စသည်တို့ကိုလည်း တစ်ပြိုင်နက်ဆောင်ရွက်ရမည်ဖြစ်သည်။ အထက်ပါလုပ်ငန်းများ အမြန်ဆုံးအကောင်အထည်ဖော်နိုင်ရေးအတွက် လိုအပ်သည့် စီးပွားရေးလုပ်ငန်းများ လုပ်သာကိုင်သာရှိသည့် ပတ်ဝန်းကျင်ကောင်းများ ဖန်တီးရေး၊ နိုင်ငံခြားနှင့် ပြည်တွင်းလုပ်ငန်းရှင်များ ပါဝင်ဆောင်ရွက်စေရေးအတွက် ဆွဲဆောင်မှုများ၊ အခွန်အကောက်သက်သာခွင့်များ၊ ဘဏ္ဍာငွေဆိုင်ရာ ပံ့ပိုးမှုများနှင့် ဥပဒေသစ်များ ပြဋ္ဌာန်းပေးခြင်း၊ မြေပြင်အခက်အခဲများကို ဖြေရှင်းပေးခြင်း စသည်တို့ကိုလည်း နိုင်ငံတော်မှ အကောင်အထည်ဖော်ပေးနေပြီဖြစ်သလို ဆက်လက်၍လည်း အရှိန်မြှင့်ရဦးမည်ဖြစ်သည်။

**ကုန်သွယ်ရေးစစ်ပွဲအခက် မြန်မာ့အချက်**

ကမ္ဘာ့စီးပွားရေးအင်အားကြီး အမေရိကန်နှင့် အခြားကုန်သွယ်ဖက်နိုင်ငံများအကြား ဖြစ်ပေါ်နေသည့် ကုန်သွယ်ရေးစစ်ပွဲကြောင့် တစ်ကမ္ဘာလုံး စီးပွားရေးရိုက်ခက်မှုများ ရှိနေပြီဖြစ်သည်။ အထူးသဖြင့် အမေရိကန်နှင့် တရုတ်နိုင်ငံတို့၏ ကုန်သွယ်ရေးစစ်ကြောင့် လက်ရှိ နှစ်နိုင်ငံအကြား ကုန်သွယ်နေသည့် ကုန်ပစ္စည်းအပေါ် မြင့်မားသည့်အခွန်အကောက်များ ကောက်ခံတော့မည်ဖြစ်သည်။

တရုတ်နိုင်ငံအနေဖြင့် စက်မှုထုတ်ကုန်သည် အများဆုံးဖြစ်ပြီး လယ်ယာပို့ကုန်အနေဖြင့်မူ အချို့သော လယ်ယာကုန်စည်များ (ကြက်သွန်နီ၊ ကြက်သွန်ဖြူ ဟင်းသီးဟင်းရွက်၊ ပန်းသီး၊ သစ်တော်သီး စသည်တို့) အနည်းငယ်တင်ပို့နိုင်သော်လည်း အချို့လယ်ယာကုန်စည်များ (ပဲပုပ်၊ စားသုံးဆီ၊ အချို့ နှံစားသီးနှံ၊ အသား)တို့ကို များများဝယ်ယူနေရဆဲဖြစ်သည်။ ဝယ်ယူနေရသည့် ကုန်စည်များအနက် အရေးအပါဆုံးပဲပုပ်စေ့ဖြစ်ပြီး နှစ်စဉ် အမေရိကန်ဒေါ်လာ ၃၅ ဘီလီယံဝန်းကျင် တင်သွင်းနေရသည်။ တရုတ်နိုင်ငံသို့ အများဆုံးတင်ပို့သူမှာ အမေရိကန်ဖြစ်ပြီး ဘရာဇီး၊ အာဂျင်တီးနားမှလည်း အနည်းငယ်စီ တင်ပို့နေပေသည်။

ဆိုလိုသည်မှာ အခွန်အကောက်ကြီးမားလာပြီး ဈေးနှုန်းမြင့်တက်လာမှုကြောင့် အမေရိကန်ပဲပုပ်များနှင့် လယ်ယာကုန်စည်များ တရုတ်ဈေးကွက်ဝင်ရောက်နိုင်ခြေ နည်းပါးသွားပြီဖြစ်သည်။ ထို့အတွက်လည်း တရုတ်ဈေးကွက်ဝင်ရောက်နိုင်ရန် အိန္ဒိယ၊ ဗီယက်နမ်တို့၏ ပြင်ဆင်မှုများ ပြုလုပ်နေကြပြီဖြစ်သည်။ ပမာဏများပြားမှုကြောင့် မြန်မာအတွက် အထူးအခွင့်အလမ်းပင်ဖြစ်သည်။ ဘာကြောင့် ယခင်က မရခဲ့သလဲဟုဆိုလျှင် ဈေးကွက်ဈေးနှုန်းပြိုင်နိုင်ခြင်းမရှိခြင်းပင်ဖြစ်သည်။ အထွက်နှုန်းနိမ့်ကျသည့်မျိုးဖြစ်၍ အထွက်နည်းကာ ဈေးနှုန်းမြင့်နေခြင်းပင်ဖြစ်သည်။ ထို့အတွက် ပဲပုပ်စေ့အများဆုံးဝယ်ယူနေသည့် တရုတ်ဈေးကွက်သို့ မဝင်ရောက်နိုင်ခဲ့ဘဲ မိုင်ပေါင်းထောင်ချီနေသည့် အမေရိကန်နှင့် လက်တင်အမေရိကတို့က တရုတ်ဈေးကွက်ကို လွှမ်းမိုးခဲ့သည်။ တရုတ်နိုင်ငံအနေဖြင့် ဆန်၊ ပြောင်း စသည်တို့ကိုလည်း ဝယ်ယူနေမှုကြောင့် မြန်မာ့ဆန်နှင့် ပြောင်းဖူး နှစ်စဉ် တန်ချိန် သန်းဂဏန်းကျော် ဝယ်ယူနေဆဲဖြစ်သလို နောက်တွင်လည်း ပို၍ရောင်းချရဦးမည်ဖြစ်သည်။ လွန်ခဲ့သော နှစ်အနည်းငယ်က တရုတ်နိုင်ငံသို့ ပြောင်းတင်ပို့မှုတန်ချိန် ထောင်ဂဏန်းမျှသာရှိသော်လည်း ပြောင်းမျိုးစေ့ကို အထွက်တိုးစီပီမျိုး ပြောင်းလဲလာမှုကြောင့် အထွက်တိုးပြီး စရိတ်လျော့နည်းလာမှုနှင့်အတူ တရုတ်နိုင်ငံသို့ တန်ချိန်သန်းကျော် တင်ပို့လာနိုင်ခြင်းက နမူနာကောင်းပင် ဖြစ်သည်။ ဆိုလိုသည်မှာ အထွက်နှုန်းကောင်းသည့် ပဲပုပ်မျိုးကို စတင် တင်ပို့နိုင်ရန် အထူးဝါယမစိုက်ထုတ်ရမည်ဖြစ်ပြီး သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်တွင်း၊ ပြည်ပစိုက်ပျိုးရေးဆိုင်ရာ ပညာရှင်များနှင့် ကျွမ်းကျင်သူများ နိုင်ငံတကာအဖွဲ့အစည်းများ၊ ပဲမျိုးစုံထုတ်လုပ်တင်ပို့သူများအသင်း၊ ပဲစိုက်ပျိုးသူများ စသည်တို့အနေဖြင့် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုအစီအစဉ် (PPP)ဖြင့် အမြန်ဆုံးဆောင်ရွက်နိုင်လျှင် နိုင်ငံစီးပွားမြှင့်တင်ရုံမကဘဲ ကျေးလက်နေပြည်သူများ၏ လူမှုဘဝကိုပါ တိုးတက်စေမည်ဖြစ်သည်။

စာမျက်နှာ ၁၆ သို့ ❖

**တိုတိုထွာထွာဖတ်စရာ**

## ရေနံချောင်းမြို့၌ အလုပ်သမားဥပဒေ၊ နည်းဥပဒေ ဆိုင်ရာ အသိပညာပေးဆွေးနွေး

**ရေနံချောင်း**
မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့၌ အလုပ်သမားဥပဒေ၊ နည်းဥပဒေဆိုင်ရာ အသိပညာပေးဆွေးနွေးပွဲကို ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက ရေနံချောင်းမြို့ စက်မှုဇုန်နယ်မြေရှိ စက်မှုဇုန်ခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးခင်မောင်သိန်းက အဖွင့်အမှာစကားပြောကြားပြီး အလုပ်သမားညွှန်ကြားရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်က အလုပ်သမားဥပဒေ၊ နည်းဥပဒေဆိုင်ရာများကို ရှင်းလင်းဆွေးနွေးသည်။

အလုပ်ရှင်၊ အလုပ်သမား ပြဿနာဖြစ်ပွားမှုလျော့နည်းကျဆင်းစေရန်နှင့် အလုပ်သမားများခံစားခွင့်ရှိသည့် လူမှုဖူလုံရေးနှင့်ပတ်သက်သည့် အကျိုးခံစားခွင့်များရရှိစေရန် ရည်ရွယ်၍ အဆိုပါအခမ်းအနားကို ပြုလုပ်ခြင်းဖြစ်ကြောင်း အလုပ်သမားညွှန်ကြားမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သန်းသန်းဆင့်က ပြောသည်။

အခမ်းအနားသို့ စက်မှုဇုန်အတွင်းရှိ အလုပ်ရှင်များ၊ အလုပ်သမားများနှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများ စုစုပေါင်း ၁၅၀ ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မန္တလေးတွင် ခွင့်ပြုချက်မရှိဘဲ စက်သုံးဆီများ ရောင်းချခြင်းမပြုရန် အသိပေး

**မန္တလေး**
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနယ်နိမိတ်အတွင်း မီးဘေးအန္တရာယ်မဖြစ်ပေါ်စေရေးအတွက် ဒီဇယ်၊ ဓာတ်ဆီ၊ အောက်တိန်းဆီစသည့်စက်သုံးဆီများအား ယာဉ်ဖြင့်လှည့်လည်ရောင်းချခြင်း၊ ခွင့်ပြုချက်မရှိဘဲ ဆိုင်ဖွင့်လှစ်ရောင်းချခြင်း၊ အိမ်၊ အဆောက်အအုံများတွင် သိုလှောင်ရောင်းချခြင်းနှင့် ကော်မတီပိုင်မြေ၊ လမ်း၊ ပလက်ဖောင်း၊ မြောင်းများ ပေါ်တွင် တည်ခင်းရောင်းချခြင်းမပြုရန်အသိပေးထားပြီးအဖွဲ့ဖြင့်ကွင်းဆင်းစစ်ဆေးတွေ့ရှိပါက အရေးယူသွားမည်ဖြစ်ကြောင်း မြို့တော်စည်ပင်သာယာရေးကော်မတီက အသိပေးကြေညာထားကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## အသက် ၁၀ နှစ်ပြည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဇေယျာသီရိမြို့နယ်၌ ထုတ်ပေး

**ဇေယျာသီရိ**
ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနရုံးက အသက် ၁၀ နှစ်ပြည့်ပြီးသော ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းကို ဩဂုတ် ၈ ရက် နံနက် ၁၁ နာရီတွင် ကျောက်ချက်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲ၌ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

အဆိုပါဆောင်ရွက်မှုတွင် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ပြည်ထောင်စုနယ်မြေဦးစီးမှူး ညွှန်ကြားရေးမှူး ဦးထိန်ဝင်း၊ ဒက္ခိဏခရိုင်ဦးစီးမှူး ဦးသိန်းမင်းနှင့် ဥတ္တရခရိုင်ဦးစီးမှူးတို့ ကြီးကြပ်စစ်ဆေး၍ ကျောင်းသား ကျောင်းသူ ၁၅၀ အား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ထုတ်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ကလေးငယ်များအား နို့တိုက်ကျွေး

**ကျောက်ဆည် ဩဂုတ် ၈**
ကျောက်ဆည်မြို့နယ် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပတ္တာကျေးရွာ အခြေခံပညာ မူလတန်းကျောင်းရှိ ကလေးငယ်များအား ကာယ၊ ဉာဏ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ပြီး ဩဂုတ် ၇ ရက် နံနက် ၁၀ နာရီက စားသုံးသူရေးရာအဖွဲ့၊ အစားအစာနှင့် ဆေးဝါးကွပ်ကဲရေးအဖွဲ့တို့မှ ဓာတ်ခွဲစမ်းသပ်ပြီး သောက်သုံးရန် ခွင့်ပြုချက်လက်မှတ်ထုတ်ပေးထားရှိသော 220 ML ဝင်ဆံ့နို့ဘူးများအား တိုက်ကျွေးခြင်း ပြုလုပ်ခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကြည်က အမှာစကားပြောကြားခဲ့ပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာမျိုးတင့်က အခြေခံပညာကျောင်းရှိ ကျောင်းသား ကျောင်းသူများအား နို့တိုက်ကျွေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးတေဇာအောင်က နို့တိုက်ကျွေးခြင်းဖြင့် ကလေးငယ်များ ကာယ၊ ဉာဏ ဖွံ့ဖြိုးလာကာ နောင်တစ်ချိန်တွင် ယခုကလေးငယ်များသည် နိုင်ငံ့တာဝန်များကို ကဗ္ဘာနှင့် ရင်ပေါင်တန်းဆောင်ရွက်နိုင်မည် ဖြစ်ကြောင်း၊ ထို့ကြောင့် မိဘဆရာအသင်းဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့များနှင့် ကျောင်းသားမိဘများကလည်း မိမိတို့၏ရင်သွေးငယ်များကို နို့သောက်



သုံးခြင်း အလေ့အထများရှိအောင် ဆောင်ရွက်သွားစေလိုကြောင်း ရှင်းလင်းပြောကြားပြီး ကလေးငယ်များအား နို့ဘူးများ ဝေငှတိုက်ကျွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## လျှပ်စစ်ဗို့အားပြည့်မီစွာသုံးစွဲနိုင်ရေးဆောင်ရွက်

**စလင်း ဩဂုတ် ၈**
မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် လျှပ်စစ်ဓာတ်အားခွဲရုံတွင် ယခင်သုံးစွဲလျက်ရှိသော 33/11 KV 5 MVA ထရန်စဖော်မာမှ 33/11 KV 10 MVA ထရန်စဖော်မာသို့ အစားထိုးတပ်ဆင်၍ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးခြင်းလုပ်ငန်းကို အဆင့်မြှင့်တင်ဆောင်ရွက်လျက်ရှိသည်။

အဆိုပါအဆင့်မြှင့်တင်ထားသော 33/11 KV 10 MVA ထရန်စဖော်မာကို ၂၀၁၈ ခုနှစ် မီနီဘတ်ဂျက်အတွင်း ကမ္ဘာ့ဘဏ်ချေးငွေ (ADB Project) အစီအစဉ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်ပြီး 11KV Panal အဟောင်းများနေရာတွင် 11 KV 1 in 5 out Panal အသစ်များဖြင့် လဲလှယ်တပ်ဆင်ခြင်းနှင့် 10 MVA ထရန်စဖော်မာအသစ်အား ထရန်စဖော်မာအထိုင်ခုံပေါ်သို့ တပ်ဆင်ခြင်းများကို ဇူလိုင်လက ဆောင်ရွက်ခြင်းဖြစ်ပြီး ကျန်ရှိအစိတ်အပိုင်းများကို ကျွမ်းကျင်ပညာရှင်များနှင့်တပ်ဆင်၍ ဩဂုတ်လနောက်ဆုံးပတ်တွင် လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလင်းအောင်က ပြောသည်။

ဖင်းလုပ်ငန်းများပြီးစီးပါက စလင်းမြို့ပေါ် ခြောက်ရပ်ကွက်၊ ဆင်ဖြူကျွန်းမြို့ သုံးရပ်ကွက်နှင့် ကျေးရွာ ၆၂ ရွာရှိ လျှပ်စစ်မီးသုံးစွဲသူပြည်သူများ ဗို့အားပြည့်မီစွာ သုံးစွဲနိုင်မည်ဖြစ်သည်။

**မြို့နယ်(ပြန်/ဆက်)**






**ထီးချိုင့် ဩဂုတ် ၈**
ထီးချိုင့်မြို့နယ် အခြေခံပညာကျောင်းများတွင် တိုင်းဒေသကြီးဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက စီစဉ်ကျင်းပသည့် မြေငလျင်ဘေးအန္တရာယ်ဖြစ်ပွားပါက လက်တွေ့ဆောင်ရွက်နိုင်ရေးနှင့် ကျောင်းသား ကျောင်းသူများ ထိခိုက်ဆုံးရှုံးမှုနည်းပါးစေရေးတို့အတွက် အခြေခံပညာကျောင်းများ၌ သရုပ်ပြလေ့ကျင့်မှုနှင့် ငလျင်ဘေးအန္တရာယ် ရင်ဆိုင်တုံ့ပြန်နိုင်စွမ်းမြှင့်တင်ရေးဟောပြောပွဲများကို ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၇ ရက် ညနေ ၃ နာရီက ထီးချိုင့်မြို့ အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

လက်ထောက်မြို့နယ်ပညာရေးမှူး ဦးရန်လင်းအောင်က ငလျင်သမိုင်းကြောင်းကိုလည်းကောင်း၊ အလယ်တန်းပြဆရာ ဦးအောင်ကျော်ဦးက ငလျင်နှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ၊ ငလျင်လှုပ်နေစဉ်အတွင်း ဆောင်ရန်၊ ရှောင်ရန်များ၊ ငလျင်လှုပ်ပြီးနောက် လိုက်နာသင့်သည်များကိုလည်းကောင်း၊ အလယ်တန်းပြဆရာ ဦးအောင်မျိုးခိုင်က ငလျင်ကြောင့် နောက်ဆက်တွဲဖြစ်ပေါ်လာနိုင်သည့် ဘေးအန္တရာယ်များအကြောင်းကိုလည်းကောင်း ရှင်းလင်းဟောပြောကြပြီး ငလျင်လှုပ်သည့်အချိန် ကျောင်းသား ကျောင်းသူများအား (ဝပ်၊ ကာ၊ ကိုင်) ပုံစံဖြင့် နေထိုင်ရန် လက်တွေ့သရုပ်ပြသခဲ့သည်။ အလားတူပင် မြို့နယ်အတွင်း အခြေခံပညာကျောင်းများအား ပညာပေးဟောပြောခြင်းနှင့် သရုပ်ပြလေ့ကျင့်မှုများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပညာရေးဌာနမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။

**ဇွဲမာန်(ထီးချိုင့်)**

❖ စာမျက်နှာ ၁၅ မှ

ထို့အတူ ကမ္ဘာလုံးဆိုင်ရာ အပြောင်းအလဲများအနက် ကုန်သွယ်ရေးစနစ်နှင့်အတူ ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုဖောက်ပြန်မှုဖြစ်ပေါ်နေပြီး မိုးကြီးခြင်း၊ ရေလျှံခြင်း၊ လေမုန်တိုင်းတိုက်ခတ်ခြင်း၊ အပူလှိုင်းဖြတ်ခြင်းတို့လည်း မြန်မာအပါအဝင် ကမ္ဘာ့နိုင်ငံအများအပြား ရင်ဆိုင်နေရခြင်းပင်ဖြစ်သည်။ တစ်ဆက်တည်းမှာပင် ရေကြီးရေလျှံမှုများ ကြောင့် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးမှုများလည်း ရှိနေပြီဖြစ်သည်။ ထို့အတွက် ကမ္ဘာလုံးဆိုင်ရာ စားနပ်ရိက္ခာလုံခြုံစိတ်ချမှုအတွက် နိုင်ငံများအနေဖြင့် ကြိုတင်ပြင်ဆင်ရတော့မည်ဖြစ်ရာ မြန်မာနိုင်ငံကဲ့သို့ စိုက်ပျိုးရေးလုပ်ငန်းတိုးချဲ့နိုင်ရန် အလားအလာကောင်းများစွာရှိနေသည့်အတွက် ယခုမှစ၍ အထူးအလေးထားပြင်ဆင်ရမည် ဖြစ်သည်။ အာရှနိုင်ငံများအနက် လယ်ယာစိုက်ပျိုးရေးတိုးတက်ရန် အလားအလာရှိသောနိုင်ငံတစ်ခုဖြစ်သည့် မြန်မာနိုင်ငံအနေဖြင့် စိုက်ပျိုးနိုင်သောမြေ ရှိနေသေးမှု၊ သီးထပ် သီးညှပ်စိုက်ပျိုးမှုနည်းနေသေးခြင်း၊ ရေသွင်းစိုက်ပျိုးရေးတိုးချဲ့ရန် အလားအလာများရှိခြင်းစသည်တို့ကြောင့် လယ်ယာကဏ္ဍ တိုးတက်ရေးအတွက် ဈေးကွက်ဝင်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ရန် အထူးအလေးထားရတော့မည်ဖြစ်သည်။ ထိုင်း၊ ဗီယက်နမ် လယ်သမားများ၏ စိုက်ပျိုးဧကသည် မြန်မာ့လယ်သမားများနှင့် မကွာသော်လည်း ကွာခြားချက်မှာ ၎င်းတို့အနေဖြင့် ကမ္ဘာ့ဈေးကွက်ဝင်သီးနှံများ ထုတ်လုပ်တင်ပို့နိုင်မှုကြောင့် လယ်သမားတိုင်းအတွက် မြင့်မားသည့် ဝင်ငွေရရှိနိုင်ကာ နှစ်နိုင်ငံစလုံး လယ်ယာကုန်စည်အတော်များများ၌ အများဆုံးထုတ်လုပ်တင်ပို့သူများ ဖြစ်နေကြောင်း တွေ့ရသည်။

ထို့အတွက် သိသာသည့် လယ်ယာကဏ္ဍတိုးတက်စေမည့် နည်းလမ်းမှာ ကမ္ဘာ့ဝယ်လိုအားကောင်းသည့် သီးနှံများတိုးချဲ့စိုက်ပျိုးပြီး တင်ပို့ရေးပင်ဖြစ်သည်။ လယ်ယာကုန်စည်များအတွက် ဝယ်လိုအားအကောင်းဆုံး တရုတ်နိုင်ငံဈေးကွက်ရရှိနိုင်ရန် အလေးထားပြီး ဂျပန်၊ အိန္ဒိယ၊ အင်ဒိုနီးရှား၊ ကိုရီးယားစသည့် ဈေးကွက်လိုအပ်ချက်များ အစဉ်အမြဲလေ့လာပြီး အမြန်ဆုံးတုံ့ပြန်နိုင်ဖို့ လုပ်ဆောင်ရမည်ဖြစ်သည်။ မြန်မာအနေဖြင့် အားသာသည့်အချက်မှာ ကုန်သွယ်မှုအထူးအခွင့်အရေးရရှိနေခြင်းနှင့် တရုတ်ဈေးကွက်ဆိုလျှင် နယ်စပ်မှတစ်ဆင့် အလွယ်တကူတင်ပို့နိုင်ခြင်းပင်ဖြစ်သည်။ အထူးသတိပြုရမည်မှာ အဆိုပါနိုင်ငံများ၏ အရည်အသွေးဆိုင်ရာ စံချိန်စံညွှန်း ကိုက်ညီရေးပင်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုသော် ပြည်တွင်း၊ ပြည်ပ အပြောင်းအလဲများ ပေါ်ပေါက်နေပြီး ပြည်တွင်းစီးပွားရေးဆိုင်ရာ အပြောင်းအလဲတွင် နိုင်ငံတကာလုပ်ငန်းများ ကုမ္ပဏီနှင့် ပြည်တွင်းလုပ်ငန်း ကုမ္ပဏီများပေါင်းစည်းနိုင်ရေး တံခါးဖွင့်လိုက်သည့် မြန်မာနိုင်ငံကုမ္ပဏီဥပဒေသစ် အသက်ဝင်လာခြင်းနှင့် နိုင်ငံခြားကုမ္ပဏီများ၊ နိုင်ငံခြားနှင့် ပြည်တွင်းဖက်စပ်ကုမ္ပဏီများအတွက် ကုန်စည်အုပ်စု ၂၇ မျိုးကို လက်လီ၊ လက်ကားလုပ်ငန်းများ ခွင့်ပြုလိုက်ခြင်းပင်ဖြစ်သည်။

ပြည်ပပြောင်းလဲမှုတွင်လည်း အမေရိကန်နှင့် ကုန်သွယ်ဖက်နိုင်ငံများအကြား ကုန်သွယ်ရေးစစ်ပွဲ ပေါ်ပေါက်လာခြင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ရာသီဥတုအပြောင်းအလဲများကြောင့် ထိခိုက်မှုများနှင့် စိန်ခေါ်မှုများ ပေါ်ပေါက်လာခြင်းပင်ဖြစ်သည်။ သို့သော် အဆိုပါစိန်ခေါ်မှုများကို ဖော်ပြခဲ့သည့်အခွင့်အလမ်းများအဖြစ် ပြောင်းလဲနိုင်လျှင် တိုးတက်မှုအတွက် ကြီးမားသည့် တွန်းအားပင် ဖြစ်သည်။

**အခွင့်အလမ်းများသိအောင်လုပ်၊ ရအောင်ယူ**

နိုင်ငံတကာလုပ်ငန်းများနှင့် ပြည်တွင်းလုပ်ငန်းများ ထဲထဲဝင်ဝင်ပေါင်းစည်းနိုင်ရေးအတွက် မြန်မာနိုင်ငံကုမ္ပဏီများဥပဒေသစ်နှင့် လက်လီ၊ လက်ကား ရောင်းချမှုတို့တွင် ခွင့်ပြုလိုက်သည့်အတွက် လုပ်ငန်းရှင်များအပါအဝင် ပြည်သူတိုင်း အထူးအလေးထားကာ စီးပွားရေးအခွင့်အလမ်းသစ်များ အပြည့်အဝ အသုံးချနိုင်ရေး ကြိုးစားရမည်ဖြစ်သည်။ ထို့အတူ ကမ္ဘာလုံးဆိုင်ရာ ပြောင်းလဲမှုများကိုလည်း အစဉ်လေ့လာပြီး ပေါ်ပေါက်လာသည့် အခွင့်အလမ်းသစ်များ အမြန်ဆုံးအသုံးချနိုင်မှသာ သိသာသည့် စီးပွားရေးတိုးတက်မှုအရွေ့ကို ဖော်ဆောင်နိုင်မည်ဖြစ်သည်။

**အမျိုးသားရေးတာဝန်**

နိုင်ငံတိုးတက်ဖွံ့ဖြိုးရေး၊ အေးချမ်းသာယာရေး၊ ကမ္ဘာ့အလယ် ဂုဏ်သိက္ခာရှိရှိ ရေရှည်ရပ်တည်နိုင်ရေး စသည်တို့မှာ နိုင်ငံသားတိုင်း၏တာဝန်ပင်ဖြစ်သည်။ စီးပွားရေးအခြေခံဖြစ်၍ နိုင်ငံစီးပွား တိုးတက်ဖွံ့ဖြိုးရေးအတွက် ပြည်သူ့စွမ်းအားဖြင့်သာ ဖော်ဆောင်နိုင်မည်ဖြစ်ရာ နိုင်ငံသားတစ်ဦးချင်းမှစ၍ ပြည်သူတစ်ရပ်လုံးသိသာသည့် စီးပွားရေးအပြောင်းအလဲအတွက် တက်ညီလက်ညီပါဝင်ကြရန် အထူးလိုအပ်ပေသည်။ အရေးကြီးလျှင် သွေးစည်းမည်ဟူသည့် အစဉ်အလာကောင်းထိန်းသိမ်းလျက် တိုင်းပြည်စီးပွားတိုးတက်မှုအရှိန်မြင့်မားရေးအတွက် အမျိုးသားရေးတာဝန်အဖြစ်ခံယူကာ ပြည်သူ့အားဖြင့် လုပ်ဆောင်လျှင် မြန်မာ့စီးပွားတိုးတက်လာပေမည်မှာ မုချမသွေဖြစ်ပါသည်။ ။

**ကိုးကား။ http://stat.wto.org/Country Profiles/CN_e.htm**

# တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ လုပ်ငန်းစည်းဝေး



**ပဲခူး ဩဂုတ် ၈**

တောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေးလုပ်ငန်းအဖွဲ့ (၁/၂၀၁၈) လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ပဲခူးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး တော်ဝင်ဟံသာခန်းမ၌ ဩဂုတ် ၇ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်သည်။

ပဲခူးတိုင်းဒေသကြီးတောင်သူလယ်သမားအခွင့်အရေး ကာကွယ်ရေးနှင့် အကျိုးစီးပွားမြှင့်တင်ရေး လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌ ဝန်ကြီးချုပ်ဦးဝင်းသိန်းက မိမိတို့အဖွဲ့သည် ပဲခူးတိုင်းဒေသကြီး လူဦးရေ၏ ၇၀ ရာခိုင်နှုန်းရှိသော တောင်သူလယ်သမားဘဝများ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ဖွဲ့စည်းခဲ့ခြင်းဖြစ်ကြောင်း၊ သဘာဝဘေးအန္တရာယ်ကြောင့် ရေကြီးနစ်မြုပ်ပျက်စီးသွားသည့် လယ်ယာမြေများ စာရင်းကောက်ယူရာတွင် မှန်မှန်ကန်ကန်နှင့် မြန်မြန်ဆန်ဆန်ဖြစ်ရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ရေကြီးနစ်မြုပ်ပျက်စီးဧကများ စာရင်းကောက်ယူရာတွင် အမှန်တကယ် စိုက်ပျိုးထားသည့် ဧကများဖြစ်စေရန်ကိုလည်းကောင်း၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးဦးအောင်ဇော်နိုင်က စိုက်ပျိုးရေးဦးစီးဌာနမှ မျိုးစပါးဖြန့်ဝေပေးနိုင်မည့် အခြေအနေများ၊ မွေးမြူရေးလုပ်ငန်းနှင့်ပတ်သက်၍ တိရစ္ဆာန်ဆေးဝါးကုသပေးခြင်းနှင့် ငါးမျိုးပြန်လည်စိုက်ထည့်ပေးခြင်းများ ဆောင်ရွက်သွားမည့်အစီအမံများကိုလည်းကောင်း၊ အစိုးရအဖွဲ့အတွင်းရေးမှူး ဦးတိုးဝင်းက မျိုးစပါးထောက်ပံ့ခြင်းနှင့်ပတ်သက်၍ အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုကော်မတီသို့ ချက်ချင်းတင်ပြဆောင်ရွက်သွားမည့် အခြေအနေများကိုလည်းကောင်း တင်ပြဆွေးနွေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအတွင်း မိုးသည်ထန်စွာရွာသွန်းမှုကြောင့် ဩဂုတ် ၆ ရက်အထိ ကျေးရွာအုပ်စု ၆၄၂ အုပ်စုမှ တောင်သူပေါင်း ၉၈၆၆၀ ၏ မိုးစပါးစိုက်ဧက ၉၄၂၁၄ ဧက၊ အခြားစိုက်ဧက ၂၇၇၂ ဧက စုစုပေါင်း ၄၉၆၁၉၆ ဧက ရေလွှမ်းခဲ့ပြီး ပြန်ပေါ်ဧက ၂၀၂၅၉၇ ဧက၊ ရေလွှမ်းဆဲဧက ၂၉၃၅၉၉ ဧက၊ ထိခိုက်ဧက ၈၆၀၆၆ ဧက၊ ပျက်စီးဧက ၅၇၇၁၅ ဧကနှင့် ပြန်လည်စိုက်ပျိုးပြီးဧက ၃၉၂၁၂ ဧကဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




**ရန်ကုန် ဩဂုတ် ၈**

ရန်ကုန်မြို့ တရုတ်တန်း (China Town) ပြုပြင်မွမ်းမံရေးနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဩဂုတ် ၇ ရက်က ရန်ကုန်မြို့တော်ခန်းမရှိ အစည်းအဝေးခန်းမ (၂) ၌ ကျင်းပကြောင်း သိရသည်။

အစည်းအဝေးတွင် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရန်ကုန်မြို့ တရုတ်တန်းတွင် ဆောင်ရွက်စေလိုသော ပြုပြင်မွမ်းမံရေးလုပ်ငန်းများကို တရုတ်နိုင်ငံ နန်နင်းမြို့သို့ ပေးပို့နိုင်ရန် တောင်းခံလာပါကြောင်း၊ သို့ဖြစ်ပါ၍ တရုတ်တန်းရပ်မိရပ်ဖများအနေဖြင့် အဆင့်မြှင့်တင်ဆောင်ရွက်လိုသည်များကို တင်ပြပေးစေလိုကြောင်း ပြောကြားသည်။

"အမှန်တကယ်လိုအပ်တာတွေကို တရုတ်တန်းရပ်မိရပ်ဖများဘက်က တင်ပြပေးစေလိုတယ်။ တင်ပြလာတာတွေကို ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်နဲ့ ရန်ကုန်မြို့တော်ဝန်ဆီ တင်ပြပြီး နိုင်ငံခြားရေးဝန်ကြီးဌာနကို တရားဝင်အကြောင်းပြန်သွားပါမယ်။ ပြုပြင်မွမ်းမံတာတွေနဲ့ပတ်သက်ပြီး လိုအပ်တာတွေကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှာရှိတဲ့ သက်ဆိုင်ရာဌာနတွေက ကူညီဆောင်ရွက်ပေးသွားမှာပါ"ဟု အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦးက အစည်းအဝေးသို့တက်ရောက်လာသည့် တရုတ်တန်းဘက်မှ တာဝန်ရှိသူများကို ပြောသည်။

တရုတ်တန်းကို ပြုပြင်မွမ်းမံရာတွင် တရုတ်တန်းမျက်နှာစာလမ်းဖြစ်သည့် မဟာဗန္ဓုလလမ်းမကြီးရှိ လူနေတိုက်ခန်းများ ဆေးသုတ်ခြင်း၊ ပလက်ဖောင်းများ ပြုပြင်ခြင်း၊ ဆက်သွယ်ရေးကြိုးများနှင့် မီးကြိုးများကို Duck Line များဖြင့် စနစ်တကျ ပြန်လည်သွယ်တန်းခြင်း၊ လမ်းမီးတိုင်များတပ်ဆင်ခြင်း၊ အမှိုက်ပုံများ စည်းကမ်းတကျထားရှိခြင်း စသည်ဖြင့် တရုတ်တန်းအား ခေတ်မီသန့်ရှင်းသပ်ရပ်စေရေး မွမ်းမံဆောင်ရွက်သွားည်ဖြစ်ကြောင်း သိရသည်။

အဆိုပါပြုပြင်မွမ်းမံမှုများကို တရုတ်ပြည်ရှိ နန်နင်းမြို့တော်အုပ်ချုပ်ရေးဘက်မှ ကူညီထောက်ပံ့မှုဖြင့် ဆောင်ရွက်သွားမည်ဖြစ်ပြီး ပြုပြင်မွမ်းမံမည့်အကြောင်းအရာ အချက်အလက်များကို ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ သုံးရက်အတွင်းတင်ပြကာ အမြန်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရုတ်ကုန်သည်ကြီးများ ဥက္ကဋ္ဌ ဦးမြင့်ဆွေက ပြောသည်။

အစည်းအဝေးသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူး ဒေါ်လှိုင်မော်ဦး၊ ကော်မတီဝင် ဒေါ်မေမေသွယ်၊ စီမံရေးရာဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာန၊ အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား) အင်ဂျင်နီယာဌာန (အဆောက်အအုံ) စသည့်ဌာနများမှ ဌာနမှူးနှင့် ဒုတိယဌာနမှူးများ၊ တရုတ်ကုန်သည်ကြီးများအသင်းမှ တာဝန်ရှိသူများ၊ လသာမြို့နယ်နှင့် လမ်းမတော်မြို့နယ်တို့ရှိ စည်ပင်သာယာရုံးမှ အုပ်ချုပ်ရေးမှူးတို့ တက်ရောက်ကြသည်။ **စနည်မောင်**

## WWF မှ ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီး၌ အိမ်ခြေ ၁၀၀၀ ခန့်အား ဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် ဩဂုတ် ၈**

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF)အနေဖြင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းဒေသကြီးတွင် ၂၀၁၈ ခုနှစ်အတွင်း အိမ်ခြေ ၁၀၀၀ ခန့်အား ဆိုလာစနစ်ဖြင့် မီးရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရန်ကုန်မြို့ ဒဂုံမြို့နယ်ရှိ ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့ (WWF) ရုံး၌ပြုလုပ်သည့် မြန်မာနိုင်ငံအတွက် သန့်ရှင်းသောစွမ်းအင်အဖြေရှာမှု သတင်းမီဒီယာများနှင့် တွေ့ဆုံရှင်းလင်းပွဲမှ သိရသည်။

"အစိုးရဌာနတွေရော၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်းတွေရော ကျေးရွာအစုအဖွဲ့တွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ခဲ့တာပါ။ ၂၀၁၇ ခုနှစ်မှာ အိမ်ခြေ ၂၃၅ အိမ်က ပြီးသွားပါပြီ၊ ဒီနှစ် နှစ်မကုန်ခင်တော့ နောက်ထပ်အိမ်ခြေ ၁၀၀၀ ဆိုလာနဲ့ မီးလင်းတော့မှာပါ။ WWF က ငွေအားနဲ့လူအား စိုက်တယ်၊ တခြား နိုင်ငံတကာအစိုးရအဖွဲ့အစည်းတွေက ငွေအားစိုက်တယ်၊ နောက်ပြီး လူမှုအဖွဲ့အစည်းတွေက အသိပညာတွေပူးပေါင်းကူညီတာတွေရှိပါတယ်" ဟု WWF မှ မန်နေဂျာ ဦးရွှန်းစိုဦးက ပြောသည်။

ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင်ရန်ပုံငွေအဖွဲ့အနေဖြင့် အဆိုပါဒေသများတွင် ၂၀၁၇ ခုနှစ်တွင် အိမ်ခြေ ၂၃၅ အိမ်၊ ရွာသုံးရွာတွင် ဆိုလာစနစ်ဖြင့် မီးရရှိရေးအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် အိမ်ခြေ ၁၀၀၀၊ ရွာကိုးရွာတွင် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

"ဆိုလာသုံးရင် ကာဗွန်ဒိုင်အောက်ဆိုက်နဲ့ အခြားဓာတ်ငွေ့တွေ ထွက်တာ သက်သာသွားမယ်။ မြန်မာနိုင်ငံမှာ သန့်ရှင်းတဲ့ စွမ်းအင်ကို သုံးနိုင်သမျှသုံးသွားဖို့ မျှော်လင့်တယ်။ ဆိုလာစနစ်က ဈေးချိုတယ်၊ မြန်မြန်မီးရပါမယ်၊ အားလုံး ဝိုင်းကူမယ်ဆိုရင်တော့ အဆင်ပြေသွားမှာပါ" ဟု မန်နေဂျာ ဦးရွှန်းစိုဦးက ပြောသည်။

ယနေ့ပြုလုပ်သည့် ရှင်းလင်းပွဲတွင် မြန်မာနိုင်ငံအတွက် သန့်ရှင်းသောစွမ်းအင်နှင့်ပတ်သက်သော ကျွမ်းကျင်မှုဆိုင်ရာ အသိပညာဗဟုသုတများ၊ လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ၊ ဥပမာသာဓကများနှင့် အသေးစိတ်အချက်အလက်များကို WWF မြန်မာမှ ကိုရွှန်းစိုဦး၊ Environmental Advocate၊ မြန်မာအစိမ်းရောင်ကွန်ရက်မှ ဒေါ်ဒေဝီသန့်စင်၊ Sunlabob Renewable Energy Ltd မှ မန်နေဂျင်းဒါရိုက်တာ Valentino စိုးမြင့်နှင့် ဂျာမနီနိုင်ငံ GIZ မှ Mark Hayton (Head of promotion 0f Rural Electrification Project) တို့ ပါဝင်ဆွေးနွေးရှင်းလင်းခဲ့ကြသည်။

**သီသီမင်း**

**တိုတိုထွာထွာဖတ်စရာ**

### တွံတေး စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကန်ပတ်ရိုးကျေးရွာနှင့် ၁၃ မိုင်တာကုန်းကျေးရွာရှိ တောင်သူများ၏ စပါးခင်းများအတွင်းသို့ ငါးမျိုးစိုက်ထည့်ခြင်းကို ဩဂုတ် ၇ ရက် နံနက် ၉ နာရီက တောင်သူများ၏ စပါးခင်းများ၌ ကျင်းပခဲ့သည်။

ကန်ပတ်ရိုးကျေးရွာနှင့် ၁၃ မိုင် တာကုန်းကျေးရွာရှိ တောင်သူလယ်သမားဦးကြီးများ၏ စပါးခင်းများသို့ ငါးခုံးမကြီးငါးသားပေါက်ကောင်ရေ ၂၅၀၀၀၀ ကို အခမဲ့မျိုးစိုက်ထည့်ပေးပြီး ငါးသယံဇာတဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ထိန်းသိမ်းရေးအတွက် အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **မျိုးလှိုင် (တွံတေး)**

### ညောင်တုန်း၌ သဘာဝဘေး လျှော့ပါးရေး အသိပညာပေး

**ညောင်တုန်း**

ညောင်တုန်းမြို့နယ်တွင် သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာ အသိပညာပေးခြင်းနှင့် ဟောပြောပွဲအခမ်းအနားကို ဩဂုတ် ၇ ရက် မွန်းလွဲပိုင်းက အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်သန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြင့်ဝေနှင့် ဆရာ ဆရာမများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ကျောင်းသား ကျောင်းသူ ၅၀၀ ခန့် တက်ရောက်လေ့လာကြောင်း သိရသည်။

ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ကြည်ကြည်သန်းက ရာသီဥတုပြောင်းလဲမှု မြင့်မားလာခြင်းနှင့် ရေကြီးခြင်း၊ သဘာဝဘေးအန္တရာယ်လျှော့ပါးရေးဆိုင်ရာများကိုလည်းကောင်း၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ဒေါ်ခိုင်ယျာယျာဇော်က ရေဘေးနှင့် မိုးခေါင်ရေရှားပါးခြင်း၊ ရေကြီးခြင်းဆိုင်ရာများကိုလည်းကောင်း၊ ဦးနေလင်းအောင်က မီးဘေးနှင့် လျှပ်စစ်မိုးကြိုးဆိုင်ရာ အကြောင်းအရာများကိုလည်းကောင်း အသိပညာပေးပြောကြားသည်။ ဆက်လက်၍ ကျောင်းသားကျောင်းသူများကိုယ်တိုင်ပါဝင်၍ ဟန်အမူအရာသရုပ်ပြ အသိပညာပေးပြသကြသည်။ **ထွန်းကျော်(ညောင်တုန်း)**

### ဘူမိဗေဒမြေပုံရေးဆွဲခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းဖွင့်

**ပြည်**

ကျေးရွာရေရရှိရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ကျေးရွာများ၏ ရေအောက်လွှာတည်ရှိမှု အခြေအနေသိရှိနိုင်ရန်၊ မြေအောက်လွှာရှိရေတည်ရှိမှုအပေါ်မူတည်၍ ကွန်တိုမြေပုံရေးဆွဲနိုင်ရန် ရည်ရွယ်၍ ဇလဘူမိဗေဒမြေပုံရေးဆွဲခြင်းဆိုင်ရာ ဆင့်ပွားသင်တန်းကို ဩဂုတ် ၆ ရက်က ဖွင့်လှစ်ခဲ့သည်။

သင်တန်းတွင် ခရိုင်အတွင်း ခြောက်မြို့နယ်မှ သင်တန်းသား သင်တန်းသူ ၁၂ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **သူရအောင်(ပြည်)**

### ဝါးခယ်မ၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး ဆောင်ရွက်မည်

**ဝါးခယ်မ**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို ပြည်သူလူထုလုပ်ရှားမှုအနေဖြင့် ဩဂုတ် ၉ ရက်မှစတင်ကာ အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။

ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ၊ အဘိတ်ဆေးခတ်ခြင်း၊ ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးဆောင်ရွက်ခြင်း၊ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အသိပညာပေးပိုစတာများ စိုက်ထူခြင်း၊ ကျန်းမာရေးဟောပြောပွဲများ ဆောင်ရွက်ခြင်းတို့ကို ရပ်ကွက်၊ ကျေးရွာအလိုက် လူမှုရေးအသင်းအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်သူများ ပူးပေါင်းပါဝင်မှုနှင့်အတူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ် (ပြန်/ဆက်)**

### မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေး

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး ဆိပ်ကြီးခနောင်တိုမြို့နယ် ပန်းပင်ချောင်ရပ်ကွက်ဓမ္မာရုံတွင် ဩဂုတ် ၆ ရက် ညနေ ၄ နာရီခွဲက ဆိပ်ကြီးခနောင်တိုမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးခင်မောင်ဦးသည် သက်ငယ်မုဒိမ်းမှုမဖြစ်ပွားစေရေးနှင့် မူးယစ်ဆေးဝါးအန္တရာယ်အကြောင်း အသိပညာပေးဟောပြောရာ ပြည်သူ ၅၀ တက်ရောက်ကြောင်း သိရသည်။ **ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

### ခရမ်း၌ အသက်မွေးဝမ်းကျောင်း အထောက်အကူပြု သင်တန်းဖွင့်

**ရန်ကုန်**

ခရမ်းမြို့နယ်တွင် အသက်မွေးဝမ်းကျောင်းအထောက်အကူပြု ဆိုင်ကယ်ပြင်သင်တန်းဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၆ ရက်တွင် ကျင်းပရာ သင်တန်းသား ၃၀ တက်ရောက်ကြောင်း သိရသည်။ **နေသစ်ဦး**

# ကုန်းဘောင်ခေတ်လက်ရာ ရာမလက္ခဏ ရုပ်ကြွများ

ကောင်းစည်သူ

သမိုင်းပညာရှင် ပါမောက္ခ ဒေါက်တာသန်းထွန်း ရေးသားခဲ့သည့် 'သမိုင်းထဲက ဒီဇိုင်း' စာအုပ်တွင် ပါရှိခဲ့သော သခွတ်တနယ်ရာမ ဆောင်းပါးကို ဖတ်ရှုပြီးနောက် သခွတ်တနယ်သို့ သွားရောက်လေ့လာရန် ရည်ရွယ်ခဲ့ရာ ရန်ကုန်တက္ကသိုလ်မှ ရှေးဟောင်းသုတေသနပညာ သင်တန်းသားများနှင့်အတူ ပထမဆုံးအကြိမ် ရောက်ရှိခဲ့ပါသည်။

ရာမလက္ခဏဇာတ်လမ်းမှ ဇာတ်ကွက်များကို ထွင်းထုထားသည့် သဲကျောက်ပြားများကို ထိန်းသိမ်းပြသထားသော သခွတ်တနယ်ဘုရားကြီးသည် ရှေးဟောင်းသုတေသနနယ်ပယ်တွင် ထင်ရှားသော နေရာတစ်ခုဖြစ်ကာ ဘုရားကြီးဝင်းအတွင်းရှိ ကုန်းဘောင်ခေတ် ရာမဇာတ်တော် သဲကျောက်ထွင်း ရုပ်ကြွပြတိုက်တွင် ၁၉ ရာစုအလယ်ပိုင်း ကုန်းဘောင်ခေတ် ပန်းပုလက်ရာ ရုပ်ကြွ ၃၁၂ ချပ်ကို ပြသထားသည်။

**စာပေထဲမှ ရာမ၊ လက္ခဏ**

ခရစ်တော်မပေါ်မီ နှစ်ရာစုတွင် သက္ကတဘာသာဖြင့် ဝါလမိကိရသေ့ ရေးဖွဲ့ခဲ့သည့် ကဗျာရှည်တစ်ပုဒ် ဖြစ်သော ရာမာယနသည် ကမ္ဘာ့စာပေသမိုင်းတွင် အလွန်ထင်ရှားသည့် ဂန္ထဝင် စာတစ်ပုဒ်ဖြစ်ခဲ့သည်။ ရာမာယနသည် ရာမမင်းအတ္ထုပ္ပတ္တိပါဝင်သည့် ဇာတ်လမ်းတစ်ပုဒ်ဖြစ်ကာ ဟိန္ဒူဘာသာ ယဉ်ကျေးမှုအပေါ် များစွာသြဇာလွှမ်းမိုးခဲ့သည်။ လူကြိုက်များသည့် ရာမ၊ လက္ခဏ၊ သီတာ၊ ဟနုမာန်၊ သုကြိတ်နှင့် ဘာလီတို့ပါဝင်သည့် ရာမာယနဇာတ်လမ်းသည် အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် မြန်မာ၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယား၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံများသို့ ပျံ့နှံ့ရောက်ရှိခဲ့သည်။ ရာမဇာတ်ကို ဘာသာစကား အသီးသီးသို့ ပြန်ဆိုရေးသားခဲ့ကြသကဲ့သို့ ဇာတ်လမ်းဇာတ်ကွက်များဖြင့် ကပြခဲ့ရာ ကြည့်ရှုကြရသူများ နှစ်ခြိုက်စွဲလမ်းခဲ့ကြသည်။

ရာမဇာတ်လမ်းသည် မြန်မာနိုင်ငံသို့ မည်သည့်အချိန်တွင် ရောက်ရှိခဲ့သည်ဟု တိကျစွာမသိသော်လည်း ဆရာဇော်ဂျီက ပုဂံခေတ်ကပင် ရာမာယနကို ကြားဖူးနားဝရှိခဲ့ကြောင်း ရေးသားခဲ့သည်။ မြန်မာဘာသာဖြင့် ပထမဆုံး တွေ့ရှိရသည့် ရာမအရေးအသားသည် ခရစ်နှစ် ၁၇၇၅ ခုနှစ်တွင် ဦးအောင်ဖြိုး သီကုံးဖွဲ့ဆိုခဲ့သည်ဟုယူဆသည့် ရာမသာချင်းဖြစ်သည်။ ဦးအောင်ဖြိုးသည် အင်းဝဆင်ဖြူရှင်မင်း မကွယ်လွန်မီ တစ်နှစ်အလို မြန်မာသက္ကရာဇ် ၁၁၃၇ ခုနှစ်တွင် ရာမသာချင်းကို ရေးသားခဲ့သည်ဟု ယူဆရကြောင်း ဆရာဇော်ဂျီက မြန်မာရာမ နိဒါန်းဆောင်းပါးတွင် ရေးသားခဲ့သည်။ ၁၇၈၄ ခုနှစ်တွင် ဦးတိုး ရေးသားခဲ့သည့် ရာမ ရကန် သည်လည်း မြန်မာစာပေနယ်တွင် ထင်ရှားသည့် ရာမနှင့် ဆက်နွယ်သော စာပေတစ်ပုဒ်ဖြစ်ခဲ့သည်။

မြန်မာစာပေတွင်ရာမအကြောင်း ရေးဖွဲ့ထားသည့် စကားပြေ သုံးပုဒ်၊ လင်္ကာ သုံးပုဒ်နှင့် ပြဇာတ်သုံးပုဒ်ရှိခဲ့သည်။ ရာမ ဝတ္ထု (၁၇ ရာစု)၊ မဟာရာမ(၁၈ ရာစုနှောင်းပိုင်း)နှင့် ဆရာထွေး၏ ရာမသုံးမျိုး (၁၉၀၄ ခုနှစ်) တို့သည် စကားပြေအဖွဲ့များဖြစ်ကြ၍ ဦးအောင်ဖြိုး၏ ရာမသာချင်း (၁၇၇၅ ခုနှစ်)၊ ဦးတိုး၏ ရာမရကန် (၁၇၈၄ ခုနှစ်)နှင့် ဆရာထွန်း(စစ်တွေ)၏ အလောင်းရာမသာချင်း (၁၉၀၅ ခုနှစ်)တို့သည် လင်္ကာများဖြစ်ကြသည်။နေမျိုးနာဒ္မကျော်ခေါင်၏ သီရိရာမ (၁၈ ရာစုနောက်ပိုင်း)၊ ဆရာကူး၏ ပုံတော် ရာမ (၁၈၀၀ ပြည့်နှစ်)နှင့်ဒါးပိန် ဦးမောင်ကြီး၏ ပုံတော်ရာမနှင့် လက္ခဏ (၁၉၁၀ ပြည့်နှစ်) တို့သည် ပြဇာတ်များဖြစ်ကြပေသည်။

သို့သော် ၁၉၇၃ ခုနှစ်တွင် ပုဂံညောင်ဦးရှိ ဘုန်းတော်ကြီးတစ်ကျောင်းနှင့် ရန်ကုန်မြို့ ကျိုက်ဝိုင်းရှိ ဘုန်းကြီးကျောင်းတစ်ကျောင်းမှ ရာမအကြောင်းရေးသားထားသည့် ပေစာထုပ်တစ်ခုစီကို ရရှိခဲ့ကြောင်း ဆရာဇော်ဂျီနှင့် ဦးခင်ဇော်ပြုစုသည့် Ramayana in Burmese Literature and Arts စာတမ်း(JBRS, LIX, i & ii, Dec 1976) တွင် ဖော်ပြခဲ့သည်။

ဝါလမိကိ၏ ရာမဇာတ်လမ်းနှင့် မတူသည့် မြန်မာရာမဇာတ်တော်သည် ၅၅၀ နိပါတ်တော်၊ ဧကာဒသနိပါတ်၊ ဒသရထဇာတကတွင် ပါရှိကာ ဗုဒ္ဓဝင်ရာမသည် ဗာရာဏသီပြည်မှ ဇာတ်လမ်းဖြစ်၍ ရာမာယနကဗျာမှ ရာမသည် အယုဒ္ဓယမှဖြစ်သည်။ မြန်မာရာမသည် မျောက်များ၊ ဘီလူးများမပါရှိဘဲ အနိစ္စတရားကို ဟောကြားသည့် ဇာတ်တော်ဖြစ်ကာ ဝါလမိကိရသေ့၏ ရာမာယနသည် ဓမ္မနှင့် အဓမ္မတွင် ဓမ္မကသာ အနိုင်ရမှာဖြစ်ကြောင်း ပြဆိုသည့် ဇာတ်လမ်းဖြစ်ပေသည်။

**သခွတ်တနယ် ဘုရားကြီး**

ရာမ ကျောက်ထွင်းရုပ်များကြောင့် ထင်ရှားသည့် သခွတ်တနယ်ကျေးရွာသည် မုံရွာမြို့မှ အရှေ့မြောက်ဘက်သို့ ၃၆ မိုင်၊ ဘုတလင်မြို့မှ မြောက်ဘက်သို့ ၁၅ မိုင်ခန့် ကွာဝေးပြီး မုံရွာမြို့မှ မော်တော်ကားဖြင့် အလွယ်တကူ သွားရောက်နိုင်သည်။ သခွတ်တနယ်သည် ယင်းဒေသတစ်ဝိုက်တွင် အကြီးဆုံး ရွာတစ်ရွာဖြစ်ပြီး သံဃာတော်များ ကိုင်ဆောင်သည့် ထန်းရွက်၊ ထန်းဖလတ် ယပ်တောင်ကြီးများကို ထုတ်လုပ်ဖြန့်ဖြူးသည့် ကျေးရွာအဖြစ်လည်း ထင်ရှားခဲ့သည်။ သခွတ်တနယ်သည် ၁၆ ခုတင်ဆံ့ တိုက်နယ်ဆေးရုံ ဖွင့်လှစ်ထားသည့် ရွာကြီးဖြစ်ကာ ဘုရားကြီးကျေးရွာသည် သခွတ်တနယ်မှ နှစ်မိုင်ကွာဝေးပြီး အိမ်ခြေ ၂၄၇ အိမ်ရှိသည့် ရွာသစ်ကျေးရွာအုပ်စုတွင်ပါဝင်သည်။ ဘုရားကြီးကျေးရွာတွင် သခွတ်တနယ်ဘုရားကြီးဟု ထင်ရှားခဲ့သည့် မဟာလောကမာရဇိန် စေတီတော်ကြီးနှင့် ရှေးဟောင်း အဆောက်အအုံများ တည်ရှိနေသည်။

ယင်းစေတီတော်ကြီးကို ခရစ်နှစ် ၁၈၄၆ ခုနှစ်တွင် ဒုတိယမောင်းထောင်သာသနာပိုင် ဆရာတော် ဦးညေယျက တည်ထားခဲ့ကာ ရွာတောင်ဘက်ရှိ နတ်ရဲတောင်၏ တောင်စွယ်နှစ်ခုကို အစွဲပြု၍ နတ်ရဲတောင် ဘုရားကြီးဟုလည်း ခေါ်ဆိုခဲ့ကြသည်။

သာယာဝတီမင်းလက်ထက် (ခရစ်နှစ် ၁၈၃၇-၁၈၄၆)၊ ၁၈၃၇ ခုနှစ် မေလ ၃၁ ရက်တွင် သာယာဝတီမင်းက သဲအင်းဆရာတော်ကို သာသနာပြု သာသနာစောင့် တာဝန်နှင့် ဦးညေယျကို ညေယျဓမ္မ လင်္ကာရ မဟာဓမ္မရာဇာဓိပတိရာဇဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ခဲ့သည်။ ၁၈၃၉ ခုနှစ် နိုဝင်ဘာလတွင် သဲအင်းဆရာတော် ပျံလွန်တော်မူခဲ့ရာ သာယာဝတီမင်းက ဦးညေယျအား သာသနာပြု သာသနာစောင့် တာဝန်ဆက်ကပ်ခဲ့သည်။ သာသနာပြု သာသနာစောင့် ဟူသည် ခေတ်သုံးဝေါဟာရအရ သာသနာပိုင်ဆရာတော်ဖြစ်ပြီး မြန်မာဘုရင်များလက်ထက်တွင် သာသနာပြု သာသနာစောင့် ဆရာတော်ကို ရှင်ဘုရင်က တိုက်ရိုက်ရွေးချယ်လေ့ရှိခဲ့ပြီး သာသနာပိုင်ဟူသည့် အသုံးမရှိသေးကြောင်း သမိုင်းပညာရှင် ဆရာကြီး ဒေါက်တာသန်းထွန်းက ရေးသားခဲ့သည်။

ဦးညေယျသည် သာသနာပြု သာသနာစောင့် ဆရာတော်အဖြစ် ခြောက်နှစ်တာဝန်ယူခဲ့သည်။ ပုဂံမင်း(ခရစ်နှစ် ၁၈၄၆-၁၈၅၃) သည် ၁၈၄၆ ခုနှစ်တွင် နန်းတက်ခဲ့ပြီး ဗားကရာဆရာတော် ဦးပညာဇောတအား သာသနာပြု သာသနာစောင့်တာဝန် အပ်နှင်းခဲ့သဖြင့် ဦးညေယျသည် ဦးပညာဇောတထံ တာဝန်များ လွှဲပြောင်းပေးပြီးဘုရားကြီးကျေးရွာသို့ ကြွရောက်သီတင်းသုံးခဲ့သည်။ ဝေးလံချောင်ကျသည့် ဘုရားကြီးကျေးရွာတွင် သီတင်းသုံးခဲ့စဉ် ဆရာတော်သည် သာသနိကလုပ်ငန်းများကို ထူးခြားစွာဆောင်ရွက်ခဲ့ပေသည်။

ဦးညေယျသည် ဉာဏ်တော် ၁၀၈ တောင်ရှိသည့် စေတီတော်ကြီး တစ်ဆူနှင့် ပေ ၅၀ ပတ်လည် ရှိသော စတုရန်းပုံ တန်ဆောင်းကြီး တစ်ဆောင်ကို ၁၈၄၆ ခုနှစ် နိုဝင်ဘာ ၂၆ ရက်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၈၄၉ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ထိုနှစ် မေ ၁ ရက်တွင်စေတီတော်ကြီးအား ထီးတော်တင်ခဲ့ပြီး လောကကြီး၏ ရန်သူများကို အောင်တော်မူသည့် မြတ်စွာဘုရားဟု အဓိပ္ပာယ်ရသည့် 'မဟာလောကမာရဇိန' ဘွဲ့အမည်တော်ပေးခဲ့သည်။ ဘုရားကြီး၏ အရှေ့နှင့် အနောက်မုခ် စေတီတော်ခြေရင်းတွင် ကြီးမားသော အနက်ရောင်သပိတ်ကြီး နှစ်လုံးစီကို မြင်ကြရသည်။ တောင်ဘက်မုခ်နှင့် မြောက်ဘက်မုခ် စေတီတော်၏ အောက်ခြေနေရာများတွင် ဟိန္ဒူနတ်ရုပ်များကို တွေ့ရှိကြရပေသည်။



> ရာမမင်းဟာ ပလ္လင်ပေါ်မှာ မင်းမြောက်တန်ဆာ အပြည့်နဲ့ ဒူးတစ်ဖက်ထောင် တစ်ဖက်ချ ထိုင်နေတယ်၊ ဘယ်ဘက်လက်ထဲမှာ(စာမရီ) သားမြီးယပ်ကို ကိုင်ထားတယ်၊ ဘယ်ဘက်မှာပဲ ဟင်္သာကွမ်းအုပ်ချထားတယ် . . .

**သခွတ်တနယ် ရာမ**

ဆရာတော် ဦးညေယျသည် ၁၈ လက်မ ပတ်လည်၊ တစ်လက်မ အထူရှိသော သဲကျောက်ပြား ၃၄၇ ချပ်ပေါ်တွင် ရာမဇာတ်မှ ဇာတ်ကွက်များကို ထွင်းထုစေခဲ့ပြီး မဟာလောကမာရဇိနစေတီတော်ကြီး ပတ်လည်တွင် ကပ်လှူခဲ့သည်။ စေတီတော်တွင် ကပ်လှူထားသည့် ကျောက်ပြားများအနက် ၃၅ ချပ်ပျောက်ဆုံးခဲ့ပြီးနောက် ၁၉၇၂ ခုနှစ်တွင် ရှေးဟောင်းသုတေသနဦးစီးဌာနက ဘုရားကြီးဝင်းအတွင်း၌ အဆောက်အအုံတစ်ခု ဆောက်လုပ်ကာ ကျန်ကျောက်ပြားများအား ရွှေ့ပြောင်းထိန်းသိမ်းခဲ့သည်။ အဆိုပါ အဆောက်အအုံ၏ မျက်နှာစာတွင် 'ကုန်းဘောင်ခေတ် ရာမဇာတ်တော် သဲကျောက်ထွင်း ရုပ်ကြွပြတိုက်' ဟု ဆိုင်းဘုတ်တင်ထားပြီး ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပါဟု နှိုးဆော်ထားသည့် စာတန်းတစ်ခုကိုလည်း ချိတ်ဆွဲထားသည်။

ရာမဇာတ်တော် သဲကျောက်ထွင်း ရုပ်ကြွပြတိုက်တွင် ကျောက်ထွင်း ရုပ်ကြွများအား တစ်တန်းလျှင် ၂၈ ချပ်စီရှိသော အတန်း ၁၀ တန်း၊ တစ်တန်းလျှင် ၁၆ ချပ်စီရှိသော အတန်းနှစ်တန်း စုစုပေါင်း အတန်း ၁၂ တန်းတွင် ရုပ်ကြွ ၃၁၂ ချပ် ပြသထားသည်။ သဲကျောက်ပြားတစ်ခုစီ ပေါ်တွင် ထုလုပ်ထားသည့် ဖောင်းကြွရုပ်များသည် လက်မဝက်ခန့် ကြွတက်နေပေသည်။

ကျောက်ရုပ်ကြွပုံများ၏ ဒီဇိုင်းသည် ၁၉ ရာစု အလယ်လက်ရာများဖြစ်ပြီး ရုပ်ကြွအများစုသည် မူလအနေအထားအတိုင်း ကောင်းမွန်စွာရှိနေကြသည်။ သို့သော် ကျောက်ချပ်အချို့တွင် ဖောင်းကြွရုပ်များပဲ့နေကြပြီး အချို့မှာ ပတ်ကြားများ အက်နေသည်ကို တွေ့ရသည်။ ကျောက်ရုပ်ကြွများ၏ အပေါ်ရှိ အင်္ဂတေနံရံပေါ်၌ အမှတ်စဉ်များ ရေးထိုးထားပြီး အချို့ကျောက်ပြားများပေါ်တွင် ဇာတ်ကွက်အမည်များကို ရေးထိုးထားသည်။ သီတာမိဖုရား၊ ဟနုမာန်၊ မှော်ရုံဝင်၊ လက်စွပ်ဆက်စသည်ဖြင့် ရေးသားထားသည့် စာလုံးဝိုင်းများကို ရှင်းလင်းပီသစွာ မြင်တွေ့ကြရပေသည်။

ကျောက်ရုပ်ကြွတွင် ထုထားသော ရာမမင်းနှင့် ပတ်သက်၍ သမိုင်းပညာရှင် ဒေါက်တာသန်းထွန်းက 'ရာမမင်းဟာ ပလ္လင်ပေါ်မှာ မင်းမြောက်တန်ဆာ အပြည့်နဲ့ ဒူးတစ်ဖက်ထောင် တစ်ဖက်ချ ထိုင်နေတယ်၊ ဘယ်လက်ထဲမှာ(စာမရီ) သားမြီးယပ်ကို ကိုင်ထားတယ်၊ ဘယ်ဘက်မှာပဲ ဟင်္သာကွမ်းအုပ်ချထားတယ်၊ ညာဘက်မှာတော့ ထီးသုံးလက်ထောင်ထားပါတယ်၊ ထီးတွေဟာ ပိတ်ထားတယ်၊ စည်းထားတယ်။ထီးဖြူဖွင့်ပြီး ဘယ်ညာထောင်ရင် ထီးနန်းစိုးစံဆဲ ဘုရင်ရဲ့ အထိမ်းအမှတ်ဖြစ်တယ်၊ ခုတော့ ထီးကို ပိတ်ထားတာမို့ ရာမဟာ အဲဒီအချိန်က ထီးနန်းစိုးစံနေတဲ့ မင်းမဟုတ်သေးဘူးလို့ ယူဆပါမယ်' ဟု သုံးသပ်ခဲ့သည်။

နှစ်ပေါင်းများစွာကတည်းက ရှိနေခဲ့သည့် ရာမဇာတ်လမ်းမှဇာတ်ကောင်များ၏ ဆင်ယင်ထုံးဖွဲ့မှုကို ၁၉ ရာစု အလယ်၊ ကုန်းဘောင်ခေတ် နန်းတွင်းအဝတ်အစားများဖြင့် ထုလုပ်ခဲ့သဖြင့် ထိုခေတ် ယဉ်ကျေးမှုလက္ခဏာများကို လေ့လာနိုင်ကြသည်။

သမိုင်းပညာရှင် ဆရာကြီးဒေါက်တာသန်းထွန်းက သခွတ်တနယ် ကျောက်ရုပ်ကြွများတွင် ၁၈ ရာစုနှောင်းပိုင်း လက်ရာများထဲမှ မှတ်သားဖွယ် ဒီဇိုင်းသုံးမျိုးအဖြစ် ရှင်ဉပဂုတ္တ ဒီဇိုင်း၊ ခဲပြားပုံသွင်းထားသည့် ဘုရားဆင်းတု၊ ကျောဘက်ရှိ ပန်းတွင် သစ်ပင်ကို ကွယ်၍ ပုန်းနေသည့် ဘီလူးကြီးဒီဇိုင်းနှင့် ခုတင်ကြီးတစ်လုံး၊ သေတ္တာဒီဇိုင်းတို့ကို ထုတ်နုတ်ပြခဲ့သည်။

စာမျက်နှာ ၂၂ သို့

# နယူးယော့ခ်ရဲ့ လမ်းပေါ်မှာ အတူငိုခဲ့ကြတဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်




နာမည်ကျော်ကြယ်ပွင့်စုံတွဲတစ်တွဲဖြစ်တဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ဟာ ချစ်သူတွေအဖြစ် စတင်လက်တွဲခဲ့ချိန်မှစလို့ နှစ်ဦးသား ပျော်ရွှင်နေတဲ့ ပုံရိပ်တွေသာ မီဒီယာစာမျက်နှာတွေပေါ်မှာ နေရာယူခဲ့တာ တွေ့ရပါတယ်။ ဒါပေမယ့် လတ်တလောမှာတော့ သူတို့နှစ်ဦးဟာ နယူးယော့ခ်က လမ်းတွေပေါ်မှာ အတူစက်ဘီးစီး ထွက်ကြရင်း တစ်နေရာမှာရပ်တန့်ကာ တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်ပေးနေကြပုံတွေကိုဟောလိဝုဒ်မီဒီယာတွေပေါ်မှာ တွေ့ရပါတယ်။

ပြီးခဲ့တဲ့ အင်္ဂါနေ့က မက်ဟန်တန်ရဲ့လမ်းမထက်မှာ စက်ဘီးအတူစီးခဲ့ကြရင်း ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ဟာ တစ်နေရာမှာ ရပ်တန့်ခဲ့ပါတယ်။ နှစ်ဦးသား စကားတွေပြောဆိုနေရင်းက လမ်းဘေးမှာအတူထိုင်ခဲ့ကာ အကြောင်းအရာတစ်ခုကို အပြန်အလှန်ပြောကြားခဲ့ကြပါတယ်။ အဲဒီနောက် ဂျက်စတင်ဘီဘာက မျက်နှာကို လက်ဝါးနဲ့အုပ်ကာ ငိုခဲ့ပါတယ်။ ချစ်သူဝမ်းနည်းသွားတဲ့အပေါ် ဟေးလေးဘော်ဝင်ကလည်း စိတ်မကောင်းဖြစ်ကာ မျက်ရည်တွေကျခဲ့ရပြီး တစ်ယောက်ကိုတစ်ယောက် နှစ်သိမ့်ခဲ့ကြတာကိုလည်း တွေ့ရပါတယ်။

အသက် ၂၄ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ကနေဒါလူမျိုးပေါ့ပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာနဲ့ အသက် ၂၁ နှစ်အရွယ် မော်ဒယ်လ်ဟေးလေးဘော်ဝင်တို့ဟာ ယခုလို နယူးယော့ခ်မှာရှိတဲ့ မက်ဟန်တန်လမ်းမပေါ်မှာ စက်ဘီးစီးထွက်ခဲ့ရာမှာတော့ သာမန်အချိန်တွေမှာလို ပေါ့ပေါ့ပါးပါးဝတ်ဆင်ထားတာကိုလည်း တွေ့ရပါတယ်။ နှစ်ဦးစလုံးဟာ အဖြူရောင်တီရှပ်တွေသာဝတ်ဆင်ထားကြကာ စက်ဘီး တစ်ယောက်တစ်စီးစီ စီးလာခဲ့ကြတာလည်း ဖြစ်ပါတယ်။ ယခင်က သူတို့နှစ်ဦးကို ပျော်ရွှင်နေတဲ့ ပုံရိပ်တွေသာ မြင်တွေ့ရပေမယ့် လတ်တလောမှာတော့ ပထမဆုံးအကြိမ်အဖြစ် ဝမ်းနည်းနေတဲ့ အရိပ်တွေ မြင်တွေ့ခဲ့ရတာလည်း ဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်တို့ဟာ ဆယ်ကျော်သက်အရွယ်မှာပင် စတင်တွေ့ဆုံခင်မင်ခဲ့သူတွေပါ။ ပြီးခဲ့တဲ့ ၂၀၁၅ ခုနှစ်အတွင်း ချစ်သူတွေဖြစ်ခဲ့ကြပြီး ၂၀၁၆ ခုနှစ်မှာတော့ လမ်းခွဲခဲ့ပါတယ်။ အဲဒီနောက် ယခုနှစ် ဇွန်လအတွင်း ချစ်သူတွေအဖြစ် ပြန်လည်လက်တွဲခဲ့ကြပါတယ်။ တစ်ကျော့ပြန်အချစ်ခရီးစတင်ခဲ့ချိန်မှာတော့ နယူးယော့ခ်နဲ့ မိုင်ယာမီမှာ အလည်အပတ်ခရီးတွေ အတူထွက်ခဲ့ကြပြီး ချစ်သူသက်တမ်းအချိန်တိုအတွင်းမှာပင် စေ့စပ်လိုက်ပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

ဂျက်စတင်ဘီဘာက သရုပ်ဆောင်နဲ့ မော်ဒယ်လ်တစ်ဦးဖြစ်သူ ဟေးလေးဟော်ဝင်ကို ဘဟားမားမှာ အလည်အပတ်ထွက်ခဲ့ကြစဉ် ပြီးခဲ့တဲ့ ဇူလိုင် ၇ ရက်က လက်ထပ်ခွင့်တောင်းဆိုလိုက်တာ ဖြစ်ပါတယ်။ ဘဲဥပုံစိန်လက်စွပ်ကို ဟေးလေးဘော်ဝင် ဝတ်ဆင်ထားတာကို တွေ့ခဲ့ရပြီးနောက် မီဒီယာတွေက သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်ကြောင်း ရေးသားဖော်ပြခဲ့ကြပါတယ်။ တစ်ချိန်တည်းမှာပင် ကြယ်ပွင့်နှစ်ဦးရဲ့ နှစ်ဖက်အသိုင်းအဝိုင်းကလည်း သူတို့နှစ်ဦး စေ့စပ်လိုက်ပြီဖြစ်တဲ့အတွက် ဝမ်းမြောက်ဂုဏ်ယူကြောင်းနဲ့ ဆုတောင်းစကားတွေကို လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ ရေးသားဖော်ပြခဲ့ကြပါတယ်။ အဲဒီနောက်မှာတော့ ဂျက်စတင်ဘီဘာက သူနဲ့ ဟေးလေးဘော်ဝင်တို့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း တရားဝင်ထုတ်ဖော် ပြောကြားကာ ဟေးလေးဘော်ဝင်ကိုလည်း သူ့ဘဝရဲ့ အချစ်ဖြစ်ကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။

ဂျက်စတင်ဘီဘာနဲ့ ရင်းနှီးသူထုတ်ဖော်ပြောကြားချက်အရ ကြယ်ပွင့်စုံတွဲဟာ မင်္ဂလာပွဲကို မိဘဆွေမျိုးတွေနဲ့သာ အကျဉ်းချုံးကျင်းပသွားလိုတာဖြစ်ကြောင်း သိရပါတယ်။ ဂျက်စတင်ဘီဘာရဲ့ လက်ထပ်ခွင့်တောင်းဆိုမှုကို လက်ခံခဲ့ပြီး စေ့စပ်လက်စွပ်ကိုလည်း ဆင်မြန်းထားပြီးဖြစ်တဲ့ ဟေးလေးဘော်ဝင်နဲ့ ဂျက်စတင်ဘီဘာတို့ဟာ လက်ရှိမှာတော့ သူတို့ရဲ့ မင်္ဂလာပွဲကို သာမန်မင်္ဂလာပွဲတစ်ပွဲကဲ့သို့ ကျင်းပသွားလိုတာပါ။ သူတို့နှစ်ဦးဟာ မင်္ဂလာပွဲကို ကြီးကျယ်ခမ်းနားစွာကျင်းပဖို့ရာ စီစဉ်ထားခြင်းမရှိသလို ကြယ်ပွင့်တွေရဲ့ မင်္ဂလာပွဲလိုမျိုး ခမ်းခမ်းနားနား လုပ်ဆောင်သွားလိုခြင်းလည်း မရှိပါဘူး။ သူတို့နှစ်ဦးဟာ အချစ်ကြောင့် လက်ထပ်ခဲ့ကြတာဖြစ်ပြီး အပေါ်ယံဆန်တဲ့ မင်္ဂလာပွဲမျိုးကို မလိုလားဘူးလို့လည်း သိရပါတယ်။

ဒီလိုအချိန်တိုအတွင်း ချစ်သူတွေဖြစ်ခဲ့ကြ၊ အဲဒီနောက် စေ့စပ်ခဲ့ကြပြီးနောက် လက်ထပ်ဖို့ပင် စဉ်းစားထားကြပြီးဖြစ်တဲ့ ကြယ်ပွင့်စုံတွဲဟာ အမြဲလိုလို ပျော်ရွှင်နေတာကို တွေ့ခဲ့ရပေမယ့် လတ်တလောမှာတော့ တစ်ယောက်ကိုတစ်ယောက် အားပေးနှစ်သိမ့်ကာ ငိုကြွေးနေတာကို တွေ့ခဲ့ရတာကြောင့် သူတို့ကို မျက်ရည်ကျစေတဲ့အကြောင်းက ဘာများဖြစ်မလဲရယ်လို့ စိတ်ဝင်စားစရာဖြစ်နေကြောင်း ကော့စမိုပိုလီတန်ဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

**အေးပြည့် စုစည်းသည်**



# လူ့ရှင်တော်အသင်းနှင့်အလှူရှင်များပူးပေါင်း၍ ရေဘေးသင့်ပြည်သူများအား လှူဒါန်း

**ညောင်လေးပင် ဩဂုတ် ၈**

ပဲခူးတိုင်းဒေသကြီး ညောင်လေးပင်မြို့နယ် မဒေါက်မြို့ရှိ ရေဘေးသင့်ပြည်သူများအား လူသားချင်းစာနာသောအားဖြင့် လူ့ရှင်တော်အသင်းနှင့် အလှူရှင်များစုပေါင်း၍ ဩဂုတ် ၄ ရက်က စားသောက်ဖွယ်ရာများနှင့်အလှူငွေများ လာရောက်လှူဒါန်းခဲ့ကြသည်။ လာရောက်လှူဒါန်းရာတွင် လူ့ရှင်တော်ပန်းသီး၊ စိန်သီးနှင့်အဖွဲ့ဝင်များ၊ BMB Co.,Ltd.မှ မန်နေဂျင်းဒါရိုက်တာ ကိုဖြိုး၊ KTharapar Co.,Ltd.မှ ဦးကျော်စွာနှင့် အလှူရှင်များက ဆန်၊ ခေါက်ဆွဲခြောက်၊ ဆေး၊ ဖယောင်းတိုင်၊ ကော်ဖီမစ်နှင့် အဝတ်အထည်များ စုစုပေါင်း တန်ဖိုး ၁၅သိန်းကျော်ခန့်ကို မဒေါက်ကယ်ဆယ်ရေးစခန်းသို့ လာရောက်လှူဒါန်းရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာ မြင့်သိန်း၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးညီညီထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနော်မိုင်လှကြည်၊ မဒေါက်မြို့ အုပ်ချုပ်ရေးမှူး ဦးနေဇာမျိုးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက်ကျေးရွာများရှိ ရေဘေးသင့် အိမ်ထောင်စုများထံသို့ စက်လှေများဖြင့် သွားရောက်ကာ အဝတ်အထည်များ၊ အစားအစာများနှင့် အလှူငွေများကို ကိုယ်တိုင်ကိုယ်ကျသွားရောက်လှူဒါန်းခဲ့ကြပြီး ရေဘေးသင့် ပြည်သူများအား အားပေးစကားများပြောကြားကြကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**

# ကလေးတွေအတွက် ထောက်ပံ့ကြေးမပေးဘူးလို့ ဘရက်ပစ် စွပ်စွဲခံရ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်သူ အန်ဂျလီနာဂျိုလီက ပြီးခဲ့တဲ့ အင်္ဂါနေ့က တရားခွင်မှာတော့ သူနဲ့ တရားဝင်ကွာရှင်းပြတ်စဲဖို့ရာ ဆောင်ရွက်ခဲ့တဲ့ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်မှစတင်ကာ လက်ရှိအချိန်အထိ ကလေးတွေအတွက် ထောက်ပံ့ကြေးကို ပေးဆောင်ဖို့ရာ ဘရက်ပစ်ဘက်က ပျက်ကွက်ခဲ့ကြောင်း စွပ်စွဲခဲ့တယ်လို့ အီးအွန်လိုင်းဒေါ့ကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

လော့စ်အန်ဂျလိစ်မှာ ပြုလုပ်ခဲ့တဲ့ တရားခွင်မှာတော့ အန်ဂျလီနာဂျိုလီဘက်က ပြီးခဲ့တဲ့ တစ်နှစ်ခွဲခန့်ကာလအတွင်း ဘရက်ပစ်ဟာ သူတို့နှစ်ဦးရဲ့ ကလေးခြောက်ယောက်အတွက် ပုံမှန်ထောက်ပံ့မှုတွေ မပြုခဲ့ဘူးလို့ စွပ်စွဲပြောကြားခဲ့တာဖြစ်ပါတယ်။ ဒီလိုစွပ်စွဲခဲ့ပြီး အန်ဂျလီနာဂျိုလီက ကလေးတွေ စောင့်ရှောက်ခွင့်ကို ရလိုတာဖြစ်တယ်လို့လည်း သိရပါတယ်။

အသက် ၄၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ မင်းသမီး အန်ဂျလီနာဂျိုလီနဲ့ ၅၄ နှစ်အရွယ် မင်းသား ဘရက်ပစ်တို့ဟာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်အတွင်း ကွာရှင်းဖို့ စတင်လုပ်ဆောင်ခဲ့ကြတာဖြစ်ပါတယ်။ နှစ်ဦးသား လမ်းခွဲခဲ့ချိန်က စလို့ ကလေးတွေဟာ အန်ဂျလီနာဂျိုလီနဲ့အတူ နေထိုင်ခဲ့ကြတာဖြစ်ပြီး ဘရက်ပစ်နဲ့လည်း တစ်ခါတလေ တွေ့ဆုံမှုတွေ ရှိခဲ့ကြပါတယ်။ တရားဝင်ကွာရှင်းပြတ်စဲမှုတွေ လုပ်ဆောင်ခဲ့ရာမှာတော့ အန်ဂျလီနာဂျိုလီရော ဘရက်ပစ်ကပါ ရင်သွေးလေးတွေ စောင့်ရှောက်ခွင့်ကို တရားခွင်မှာ အပြိုင်ကြိုးစားနေကြတာ ဖြစ်ပါတယ်။ အန်ဂျလီနာဂျိုလီဘက်က ဘရက်ပစ်အပေါ် ယခုလို စွပ်စွဲမှုတွေ ပြုခဲ့ပေမယ့် ဘရက်ပစ်ရဲ့ ပြောရေးဆိုခွင့်ရှိသူကတော့ မင်းသားဟာ သူလုပ်ဆောင်ရမယ့် တာဝန်တွေကို တစ်ခုမျှ ပျက်ကွက်ခဲ့တာမရှိဘူးလို့ ဆိုခဲ့ကြောင်းလည်း သိရပါတယ်။ အန်ဂျလီနာဂျိုလီကတော့ သူတို့ရဲ့ကွာရှင်းပြတ်စဲခြင်းနဲ့ ပတ်သက်တဲ့ ကိစ္စတွေကို ယခုနှစ်ကုန်မှာ အပြီးသတ်ဆောင်ရွက်လိုတာ ဖြစ်တယ်လို့လည်း သိရပါတယ်။



# မြန်မာ–အိန္ဒိယနှစ်နိုင်ငံနယ်စပ် ဝင်ထွက်ပေါက် ဖွင့်ပွဲအခမ်းအနားရိခေါဒါရ်၌ကျင်းပ

**ရိခေါဒါရ် ဩဂုတ် ၈**

ချင်းပြည်နယ် ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ် ဝင်-ထွက်ပေါက် ဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၈ ရက် နံနက် ၈ နာရီခွဲက အဆိုပါနယ်စပ်တံတားမုခ်ဦး၌ ကျင်းပသည်။

ရိခေါဒါရ်မြို့ အမှတ် (၁) ရပ်ကွက် လူငယ်အဖွဲ့မှ ရိုးရာယဉ်ကျေးမှုအကဖြင့် ကပြဖျော်ဖြေပြီး ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်နှင့် အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးဝန်ကြီး မစ္စတာရိုလွှန်နာတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် မြန်မာ-အိန္ဒိယနှစ်နိုင်ငံနယ်စပ် ဝင်-ထွက်ပေါက်မုခ်ဦးအား ချင်းပြည်နယ် ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်သင်မန်း၊ အိန္ဒိယကောင်စစ်ဝန်ချုပ် Mr. Dr. Kumar Praveen နှင့် ပြည်နယ်လဝကဦးစီးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး ပြည်နယ်ဝန်ကြီးချုပ်က အခမ်းအနား တက်ရောက်လာသူများအား နယ်စပ် ဝင်-ထွက်ပေါက်ဖွင့်ပွဲ အထိမ်းအမှတ် အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။



ရိခေါဒါရ်မြို့ရှိ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်တံတားမှ ယခုအခါ Border Pass (BP)pep ဖြင့် ၁၄ ရက် ၁၃ ညအိပ်ဖြင့် ချင်းပြည်နယ် ဖလမ်းခရိုင်အတွင်း လာရောက် လည်ပတ်ဝင်၊ ထွက် သွားလာနိုင်မည်ဖြစ်ကြောင်း၊ ထို့အပြင် သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသံရုံးမှ ထုတ်ပေးထားသည့် ပြည်ဝင်ခွင့်ဗီဇာနှင့် e-Visa ပါရှိသော မြန်မာနိုင်ငံသားများက အိန္ဒိယနိုင်ငံသို့လည်းကောင်း၊ သက်တမ်းရှိသော နိုင်ငံကူးလက်မှတ်၊ သက်ဆိုင်ရာနိုင်ငံ၏ မြန်မာနိုင်ငံသံရုံးမှ ထုတ်ပေးထားသည့် ပြည်ဝင်ခွင့်ဗီဇာ သို့မဟုတ် e-Visa ရှိသည့် အိန္ဒိယနိုင်ငံသားများနှင့် အိန္ဒိယနိုင်ငံသား မဟုတ်သည့် တခြားနိုင်ငံသား (တတိယနိုင်ငံသား) များသည်လည်း မြန်မာနိုင်ငံသို့ ဝင်၊ ထွက်သွားလာနိုင်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ နယ်စပ် ဝင်-ထွက်ပေါက်ဖွင့်ပွဲ အခမ်းအနားတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဆလိုင်းလျန်လွယ်၊ လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်စာရင်းစစ်ချုပ် ဦးလာလ်သင်မန်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ အိန္ဒိယကောင်စစ်ဝန်ချုပ် Mr. Dr. Kumar Praveen အိန္ဒိယကောင်စစ်ဝန် Mr. Rajesh Kumar အိန္ဒိယနိုင်ငံ မီဇိုရမ်ပြည်နယ် နယ်စပ်ကုန်သွယ်ရေးဝန်ကြီး မစ္စတာရိုလွှန်နာ၊ ချင်းပြည်နယ် ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရိခေါဒါရ်မြို့ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ရပ်ကွက်ပြည်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**(ပြန်/ဆက်)**



# အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဖွင့်လှစ်ပေး

**တောင်ကြီး ဩဂုတ် ၈**

ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား ခရိုင်အလိုက် အသက် ၁၇ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲ ဖွင့်ပွဲကို ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ရှမ်းပြည်နယ်အားကစားကွင်း၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ် ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ပြိုင်ပွဲသို့ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဝန်ကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူး ဦးထန်အိတ်နှင့် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားကာ ပြိုင်ပွဲဝင်အသင်းများအား လိုက်လံနှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲသို့ ရှမ်းပြည်နယ်ခရိုင် ၁၀ ခရိုင်မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲကို ဩဂုတ် ၁၇ ရက်အထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တိုတိုထွာထွာဖတ်စရာ

### မိုင်းယုမြို့၌ ဗီတာမင်အေနှင့် သန်ချဆေးပြားများ တိုက်ကျွေး

**မိုင်းယု**

မိုင်းယုမြို့ရှိ ကျေးရွာများ၌ ရင်သွေးငယ်များအား မျက်စိအားကောင်းစေရန်၊ သန်ကောင်ရောဂါကင်းဝေးစေရန်နှင့် ခန္ဓာကိုယ်ကြီးထွား ဖွံ့ဖြိုးတိုးတက်မှု မြန်ဆန်စေရန်အတွက် ဗီတာမင်အေနှင့် သန်ချဆေးပြားများကို ဩဂုတ် ၇ ရက် နံနက်ပိုင်းက ခါဆမ်မိန်းကျေးရွာရှိ အခြေခံပညာမူလတန်း(လွန်) ကျောင်း၌ ဗီတာမင်အေနှင့် သန်ချဆေးပြားများကို တိုက်ကျွေးခဲ့သည်။

ယင်းကျေးရွာအပါအဝင် နမ့်ကုတ်၊ ဝမ်မိုင်မိုင်လုံ၊ ဝမ်ကျိုင်းတို့မှ ငါးနှစ်အောက် ကျောင်းနေအရွယ်ကလေး ၁၁၃ ဦးကို ဗီတာမင်အေနှင့် သန်ချဆေးပြားများ တိုက်ကျွေးခြင်း၊ ကိုယ်အလေးချိန်တိုင်းတာခြင်းနှင့် အရပ်အမြင့် တိုင်းတာခြင်း စသည့်လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

### ပုလဲ၌ တန်ဖိုးနည်းအာဟာရပြည့် ချက်ပြုတ်သရုပ်ပြပွဲကျင်းပ

**ပုလဲ**

စစ်ကိုင်းတိုင်းဒေသကြီး ပုလဲမြို့ ပုလဲရတနာခန်းမ၌ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု တန်ဖိုးနည်းအာဟာရပြည့် ချက်ပြုတ်သရုပ်ပြပွဲကို ဩဂုတ်၈ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

ထို့နောက် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း တာဝန်ရှိသူများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများက တန်ဖိုးနည်းအာဟာရပြည့် အစားအစာများကို လက်တွေ့သရုပ်ပြချက်ပြုတ်ခဲ့ပြီး မူကြိုကလေးငယ်များကို နေ့လယ်စာဖြင့်ကျွေးမွေးခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

### စလင်းဆေးရုံအုပ်ကြီးနှင့်အဖွဲ့ ကွင်းဆင်းကုသပေး

**စလင်း**

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ရဒေးကျေးရွာတွင် ဩဂုတ် ၇ ရက်က စလင်းဆေးရုံအုပ်ကြီး ဒေါက်တာမောင်မောင်ပြေ ခေါင်းဆောင်သော ဆေးရုံဝန်ထမ်းများသည် ဒေသခံများကို ကျေးရွာအရောက်ကွင်းဆင်း၍ ဆေးကုသပေးခဲ့သည်။

ယခုကဲ့သို ရဒေးကျေးရွာအရောက် စလင်းဆေးရုံအုပ်ကြီးဒေါက်တာမောင်မောင်ပြေနှင့် ဆေးရုံဝန်ထမ်းများက လာရောက်ကွင်းဆင်းကုသပေးသဖြင့် ရဒေးကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာမှ ဒေသခံများ ကျေနပ်ဝမ်းသာလျက်ရှိကြောင်း သိရသည်။

**စစ်ကြည်(စလင်း)**

# ရပ်ရွာအခြေပြု ဝင်ငွေတိုး သက်မွေးပညာများ ဝိုင်းမော်မြို့၌ ဖွင့်လှစ်သင်ကြားပေး

**မြစ်ကြီးနား ဩဂုတ် ၈**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ်နှင့် ဝိုင်းမော်မြို့နယ်အတွင်းနေ ဒေသခံပြည်သူများ ဝင်ငွေတိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် သက်မွေးပညာများ ဖွင့်လှစ် သင်ကြားပေးလျက်ရှိကြောင်း ဩဂုတ် ၈ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက် မလိယန်နှစ်ခြင်း အသင်းတော်တွင် နေရပ်စွန့်ခွာပြည်သူများအား သင်ကြားပေးလျက်ရှိသည့် မြန်မာမုန့်မျိုးစုံပြုလုပ်နည်း သင်တန်းတွင် ကျောင်းအုပ်ဆရာမကြီးဒေါ်နှင်းနှင်းအေးက ပြောကြားသည်။

အဆိုပါသင်တန်း ဖွင့်လှစ်မှုနှင့်ပတ်သက်၍ “ဒေသတွင်းနေပြည်သူတွေ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ သက်မွေး ပညာများတတ်မြောက်ကာ တစ်ပိုင်တစ်နိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေးအတွက် စက်ချုပ်သင်တန်း ငါး ကြိမ်ဖွင့်လှစ်ရာမှာ သင်တန်းသူ ၁၂၉ ဦး၊ အထွေထွေအပ်ချုပ်သင်တန်းသုံးကြိမ်မှာ သင်တန်းသူ ၅၆ ဦး၊ မြန်မာမုန့်မျိုးစုံ ပြုလုပ်နည်းသင်တန်း ငါးကြိမ်မှာ သင်တန်းသား သင်တန်းသူ ၁၈၅ ဦးကို သင်ကြားပေးနိုင်ခဲ့ပါတယ်” ဟု ကျောင်းအုပ်ကြီး ဒေါ်နှင်းနှင်းအေးက ရှင်းလင်းပြောကြားသည်။

ယခုဖွင့်လှစ်သည့်မြန်မာမုန့်မျိုးစုံပြုလုပ်နည်းသင်တန်းတွင် ကြက်ဥပူတင်း၊ ကြက်ဆီထမင်းနှင့် ငှက်ပျောဆန္ဓင်းမကင်း ပြုလုပ်နည်းဘာသာရပ်များကို အခမဲ့ စာတွေ့လက်တွေ့သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

**ဦးလေးကြီး**



# ချင်းတွင်းမြစ်ရေကြီးချိန်၌ပြည်တွင်းရေကြောင်းပိုင်သင်္ဘောကြီးနှစ်စင်းဖြင့် ချင်းတွင်းအထက်ပိုင်း ဒေသများသို့ ပြေးဆွဲပေး

**မုံရွာ ဩဂုတ် ၈**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ချင်းတွင်းအထက်ပိုင်းဒေသများသို့ မိုးရာသီကာလမြစ်ရေများချိန်အတွင်း ပြည်တွင်းရေကြောင်းပိုင် သင်္ဘောကြီးနှစ်စင်းဖြင့် ရက်သတ္တပတ်လျှင် နှစ်ခေါက်နှုန်းပြေးဆွဲပေးလျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်း၏ ပြောကြားချက်အရ သိရသည်။

“မြစ်ရေကြီးမြင့်ချိန်တွေမှာ လမ်းခရီးအန္တရာယ်မဖြစ်စေဖို့အတွက် ရေယာဉ်လိုင်းတွေရပ်နားထားချိန်မှာ ပြည်တွင်းရေကြောင်းဌာနပိုင် သင်္ဘောကြီးတွေနဲ့ ပြေးဆွဲပေးတာပါ။ ချင်းတွင်းအထက်ပိုင်းဒေသတွေမှာ ကုန်စည်တွေ မပြတ်စေဖို့နဲ့ခရီးသွားပြည်သူတွေ အဆင်ပြေစေဖို့အတွက် စီစဉ်ပေးထားပါတယ်”ဟု တိုင်းဒေသကြီး ပုဂ္ဂလိကရေယာဉ်များ စနစ်တကျပြေးဆွဲရေးကော်မတီ အတွင်းရေးမှူး ဦးဇော်ဝင်းက ပြောသည်။

မုံရွာမြို့မှ အပတ်စဉ် တနင်္လာနေ့တွင် ပင်လုံသင်္ဘောကြီးဖြင့်လည်းကောင်း၊ သောကြာနေ့တွင် ချမ်းငြိမ်းသင်္ဘောကြီးဖြင့်လည်းကောင်း ချင်းတွင်းအထက်ပိုင်းဒေသသို့ မုံရွာမြို့ ပြည်တွင်းရေကြောင်း ဆိပ်ကမ်းမှ နံနက် ၆ နာရီတွင် ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**ဝင်းဦး (ဧယျာတိုင်း)**

# မိုးနဲမြို့နယ်တွင် သက်တမ်း ၁၂၇ နှစ်ရှိ မာလိန်တိုင်အား ရှေးမူမပျက်ပြန်လည်ပြုပြင်

**မိုးနဲ ဩဂုတ် ၈**

ရှမ်းပြည်နယ် တောင်ပိုင်း မိုးနဲမြို့နယ် ဟော်ဝင်းအတွင်း ၁၈၉၁ ခုနှစ်က စိုက်ထူခဲ့သော ယဉ်ကျေးမှုအမွေအနှစ် ရှေးဟောင်းမာလိန်တိုင်အား ဩဂုတ် ၇ ရက် နံနက်ပိုင်းက ရှေးမူမပျက် ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါမာလိန်တိုင်ကို ၁၈၉၁ ခုနှစ် မိုးနဲမြို့စော်ဘွားကြီး စဝ်ရွှေကြည်က စိုက်ထူတည်ဆောက်ခဲ့ပြီး မာလိန်တိုင်ထိပ်တွင် အရပ်လေးမျက်နှာ မီးပုံးကြိုးတစ်ချောင်းစီ ချိတ်ဆွဲ၍ မြတ်စွာဘုရားရှင်၏ ဝါတော် ၄၅ ဝါကို အောက်မေ့လျက် ဆီမီးခွက်နှင့် ရှမ်းစက္ကူမီးပုံးကြီး ၄၅ လုံးကို သီတင်းကျွတ်လဆန်း ၈ ရက်မှ လဆုတ် ၃ ရက်အထိ ညနေ ၆ နာရီမှ နံနက် ၆ နာရီထိ ဆီမီးထွန်းညှိပူဇော် လှူဒါန်းခဲ့သော နေရာတစ်ခုဖြစ်ကြောင်း သမိုင်းအထောက်အထားများအရ သိရသည်။

**၆၆ဝ**

# ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိ မယ်စဲ့မြို့နယ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကြည့်ရှု

**မယ်စဲ့ ဩဂုတ် ၈**

ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအယ်လ်ဖောင်းရှိသည် ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ် ဦးစိုင်းကျော်ဇံ၊ ပြည်နယ်အစိုးရအဖွဲ့ ညွှန်ကြားရေးမှူး ဦးသိန်းဇော်၊ ပြည်နယ်၊ ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဘော်လခဲခရိုင်အုပ်ချုပ်ရေးမှူး ဦးသိန်းအောင်၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဩဂုတ် ၈ ရက်က မယ်စဲ့မြို့နယ်အတွင်းရှိ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လတွင် ပြည်နယ်ခွင့်ပြုရန်ပုံငွေများဖြင့် ဆောင်ရွက်လျက်ရှိသော ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘုရင့်နောင်လမ်း Box Culvert တည်ဆောက်မှုလုပ်ငန်း၊ ဗိုလ်မင်းရောင်လမ်း မြေထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်း၊ မြို့မဘုန်းတော်ကြီးကျောင်းအဝင် ကွန်ကရစ်တံတားတည်ဆောက်မှုလုပ်ငန်း၊ နှစ်နိုင်ငံနယ်စပ် စျေးပြင်ဆင်ခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းနှင့် မြေထိန်းနံရံတည်ဆောက်ခြင်းလုပ်ငန်း၊ ဘောလုံးကွင်းအဆင့်မြှင့်တင်ခြင်းလုပ်ငန်းတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့နောက် မြောက်ပိုင်းရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး တည်ဆောက်မှုအခြေအနေ၊ အမှတ် (၁) မြို့ရှောင်လမ်းနှင့် မြို့ပတ်လမ်း ဖောက်လုပ်ပြီးစီးမှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများကို စနစ်တကျ အပ်နှံဆောင်ရွက်သွားရန်နှင့် လမ်းအဝင်များတွင် ယာဉ်များ အန္တရာယ်ကင်းစွာ သွားလာနိုင်ရေးမှာကြားခဲ့သည်။

ဆက်လက်ပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဟိုစဲ့ကျေးရွာတွင်းလမ်း ဖောက်လုပ်နေမှုအခြေအနေနှင့် ကျေးရွာတွင်း ၄၀၀ ဗို့ ဓာတ်အားလိုင်းနှင့် ၁၁ ကေဗွီ ဓာတ်အားလိုင်းတိုးချဲ့နေမှုအခြေအနေ၊ ကွန်ကရစ်တံတားတည်ဆောက်မှုအခြေအနေနှင့် မြေသားလမ်းဖောက်လုပ်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် မယ်စဲ့-ဘီပီ (၁၃) လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေ၊ ဝမ်ကန်ကျေးရွာ အိမ်တိုင်ရာရောက်ရေသွယ်ယူမှုလုပ်ငန်း၊ မြောက်ပိုင်းရပ်ကွက် OSS ရုံး၊ ရဲစခန်းနှင့် အချုပ်ခန်းပါ နှစ်ထပ်အဆောက်အအုံ ဆောက်လုပ်ပြီးစီးမှု အခြေအနေ၊ မယ်ဆည်နမ်အုပ်စုရှိ လွိုင်မောင်းလောင်းစေတီတော် တောင်တက်လမ်း ဖောက်လုပ်မှုလုပ်ငန်း၊ သံလွင်အရှေ့ဘက်ခြမ်းနှင့် ကြိုးပြင်ကာကွယ်တောစီးပွားရေး(ကျွန်း) စိုက်ခင်း ၂၅ ဧက စိုက်ပျိုးထားရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို မှာကြားခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**






# ကရင်ပြည်နယ် ရေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လှူဒါန်း

**ဘားအံ ဩဂုတ် ၈**

ကရင်ပြည်နယ်အတွင်း ဖြစ်ပွားလျက်ရှိသော ရေဘေးအန္တရာယ်များအတွက် ကယ်ဆယ်ရေးလုပ်ငန်းများနှင့် ကူညီထောက်ပံ့ရေးလုပ်ငန်းများတွင် အသုံးပြုနိုင်ရန်အတွက် ဩဂုတ် ၈ ရက် နံနက် ၈ နာရီက ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ မန္တလေး အခြေစိုက် တိုင်းရင်းသားလူမျိုးများအဖွဲ့မှ ကရင်ပြည်နယ်အစိုးရအဖွဲ့သို့ အလှူငွေများ ပေးအပ်လှူဒါန်းသည်။

မန္တလေးအခြေစိုက် တိုင်းရင်းသားလူမျိုးများအဖွဲ့သည် ပြည်နယ်ဝန်ကြီးချုပ်အား ရင်းရင်းနှီးနှီးတွေ့ဆုံ နှုတ်ဆက်၍ အလှူငွေများပေးအပ်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြော ကြားကာ လှူဒါန်းငွေကျပ် ၈၅၈၂၀၀၀ ကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ်က လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ကာ ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ရေကျသွားသော်လည်း စားသောက်မှုအဆင်ပြေစေရေး ထောက်ပံ့

**ဘားအံ ဩဂုတ် ၈**

ဘားအံမြို့ပေါ်နှင့် ကျေးရွာများတွင် ရေကြီးနစ်မြုပ်ခဲ့ပြီး တချို့နေရာများတွင် ရေများ ပြန်လည်ကျဆင်းသွားခဲ့သော်လည်း လတ်တလော စားသောက်ရေး အဆင်ပြေစေရန်အတွက် ကရင်ပြည်နယ် ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးနှင့်အဖွဲ့က ဩဂုတ် ၆ ရက် မွန်းလွဲပိုင်းက ဘားအံမြို့နယ် ရေကျော်လေးကျေးရွာနှင့် ဆင်ကျုံးကျေးရွာတို့တွင် သွားရောက်ထောက်ပံ့ပေးခဲ့သည်။

ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက ရေကြီးရေလျှံမှုဖြစ်ပွားခဲ့သောကြောင့် သန့်ရှင်းသော သောက်သုံးရေများကိုသာ အသုံးပြုကြရန်နှင့် ကလေးသူငယ်၊ သက်ကြီးရွယ်အိုများ၏ ကျန်းမာရေးကို အထူးဂရုပြုကြရန် မှာကြားခဲ့ပြီး ကျေးရွာနှစ်ရွာရှိ ရေဘေးသင့် အိမ်ထောင်စု စုစုပေါင်း ၃၃၂ စုနှင့် အဆိုပါကျေးများတွင် တာဝန်ထမ်းဆောင်နေကြသော ပညာရေးဝန်ထမ်း ဆရာ ဆရာမများအတွက် ဆန်၊ အသီးအနှံများနှင့် အသင့်စားသုံးနိုင်သည့် အစားအစာများကို ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# တက္ကသိုလ်ပေါင်းစုံ ဂျူဒိုဖိတ်ခေါ်ပြိုင်ပွဲများ ရန်ကုန်တက္ကသိုလ်တွင် ကျင်းပရန် စီစဉ်

**ရန်ကုန် ဩဂုတ် ၈**

တက္ကသိုလ်ပေါင်းစုံ ဂျူဒိုကလပ်အသင်းပြိုင်ပွဲများ မကြာမီကျင်းပနိုင်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းနှင့် အလုပ်အမှုဆောင်များသည် ယမန်နေ့ညနေပိုင်းက ရန်ကုန်တက္ကသိုလ်၌ ဖွင့်လှစ်ထားသော ဂျူဒိုသင်တန်းတွင် တက်ရောက်နေကြသည့် ဂျူဒိုသင်တန်းသား သင်တန်းသူများအား ဂျပန်ဂျူဒိုဝတ်စုံများ ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

မြန်မာနိုင်ငံ ဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးထွန်းထွန်းက အနာဂတ်တွင် အာဆီယံတက္ကသိုလ်ပေါင်းစုံ ကလပ်အသင်းပြိုင်ပွဲများကို ရန်ကုန်တက္ကသိုလ်အတွင်း ပြန်လည်ရှင်သန်နိုင်ရန် ယခုလို ဂျပန်ဂျူဒိုဝတ်စုံများ ကို ပံ့ပိုးပေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ရန်ကုန်တက္ကသိုလ်သမဂ္ဂ အားကစားကော်မတီက အတွင်းရေးမှူး မဝတ်ရည်ချမ်းမြေ့က မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ ရန်ကုန်တက္ကသိုလ်၊ ဆေးတက္ကသိုလ်(၂)၊ သတင်းအချက်အလက်နှင့်နည်းပညာတက္ကသိုလ်နှင့် အခြားတက္ကသိုလ်များတွင်လည်း ရန်ကုန်တက္ကသိုလ်နည်းတူ ဂျူဒိုသင်တန်းများဖွင့်လှစ်သင်ကြားလျက်ရှိကြောင်း၊ တက္ကသိုလ်ပေါင်းစုံဂျူဒိုဖိတ်ခေါ်ပြိုင်ပွဲများကို ရန်ကုန်တက္ကသိုလ်တွင် မကြာမီ စည်ကားသိုက်မြိုက်စွာ ကျင်းပနိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်ဥက္ကဋ္ဌက ပေးအပ်သော ဂျပန်ဂျူဒိုဝတ်စုံများကို သင်တန်းနည်းပြများက လက်ခံရယူပြီး အမှတ်တရစုပေါင်းဓာတ်ပုံများ ရိုက်ကြသည်။

**စောသိန်းဝင်း**

# မြန်မာနိုင်ငံမှ အမျိုးသမီးများ မိုဘိုင်းဖုန်းသုံးစွဲရာ၌ စိတ်ပျော်ရွှင်မှုခံစားရကြောင်း စစ်တမ်းက ဖော်ပြ

**ရန်ကုန် ဩဂုတ် ၈**

မကြာသေးမီက တယ်လီနောက ပြုလုပ်ခဲ့သော စစ်တမ်းတစ်ရပ်အရ မြန်မာအမျိုးသမီးများသည် ၎င်းတို့ မိုဘိုင်းဖုန်းအသုံးပြုချိန်တွင် ပျော်ရွှင်မှုနှင့် အကောင်းမြင်ခြင်းစသည့် စိတ်ခံစားမှုတို့ကို အများဆုံးရရှိသည်ဟု ဖြေကြားခဲ့ကြောင်း သိရသည်။

တယ်လီနော စျေးကွက်ရှိရာ နိုင်ငံ ခြောက်နိုင်ငံ ဖြစ်သည့် မြန်မာ၊ ထိုင်း၊ မလေးရှား၊ စင်ကာပူ၊ ဆွီဒင်နှင့် နော်ဝေနိုင်ငံတို့ရှိ အသက် ၂၅ နှစ်မှ ၄၀ ကြား၊ အလုပ်လုပ်ကိုင်နေသည့် အမျိုးသမီး ပေါင်း ၁၃၀၀ ထံမှ စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်ပြီး သက်ဆိုင်ရာ စျေးကွက်များရှိ အလုပ်လုပ်ကိုင်နေသော အမျိုးသမီးများ၏ မိုဘိုင်းသုံးစွဲမှုနှင့် ဆက်စပ်သည့် အပြုအမူများ၊ အကျိုးကျေးဇူးများနှင့်ပတ်သက်သော စိတ်ဝင်စားဖွယ်ရာ ထင်မြင်ယူဆချက်များအား လေ့လာခဲ့ခြင်းဖြစ်သည်။

"ယေဘုယျအားဖြင့် ကျွန်မတို့ စကားပြောခဲ့တဲ့ အမျိုးသမီးတွေရဲ့ ဖြေကြားချက်ကို ကြည့်မယ်ဆိုရင် မိုဘိုင်းဖုန်းတွေဟာ သူတို့ရဲ့ ကိုယ်ပိုင် လူနေမှုဘဝနဲ့ လုပ်ငန်းခွင် လူနေမှုဘဝတွေကို မျှတအောင် နေထိုင်တတ်ဖို့ အထောက်အကူဖြစ်စေတဲ့ အရာတွေထဲက တစ်ခုဖြစ်တယ်လို့ ဖြေကြားခဲ့ကြပါတယ်။ မိုဘိုင်းဖုန်းတွေကို လုပ်ငန်းခွင်တွေမှာ ကျွန်မတို့ ထင်သလို စွဲစွဲမြဲမြဲ အသုံးပြုနေကြတာမျိုးမဟုတ်ပါဘူး။ အလုပ်လုပ်ကိုင်နေတဲ့ ပညာတတ်အမျိုးသမီးတွေအနေနဲ့ မိုဘိုင်းစက်ပစ္စည်းတွေကို ဖျော်ဖြေရေးအတွက်၊ နောက်ပြီး မိတ်ဆွေ၊ သူငယ်ချင်းတွေကို ဆက်သွယ်နိုင်ဖို့နဲ့ သူတို့ရဲ့ မွန်းကျပ်လှတဲ့ နေ့စဉ် လူနေမှုဘဝတွေကနေ ခဏတာ စိတ်ထွက်ပေါက် တစ်ခုအဖြစ်ပဲ အသုံးပြုနေကြတာကို မြင်တွေ့ခဲ့ရပါတယ်" ဟု တယ်လီနောလုပ်ငန်းစု၏ ထုတ်ကုန်စီမံခန့်ခွဲရေးနှင့် သုံးစွဲသူများဆိုင်ရာ သုတေသနဌာန၏ တာဝန်ရှိသူ Erica Gibson က ပြောကြားသည်။

ဤစစ်တမ်းအတွက် မြန်မာနိုင်ငံမှ အသက် ၂၅ နှစ်မှ ၄၀ ကြားရှိ ဘွဲ့ရပြီး အမျိုးသမီး ၂၀၀ ကျော်အား ၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း အွန်လိုင်းမှ တစ်ဆင့် စစ်တမ်းကောက်ယူခဲ့ခြင်းဖြစ်သည်။

မိုဘိုင်းဖုန်း အသုံးပြုရာတွင် ခံစားရသော စိတ်ခံစားချက်များနှင့်ပတ်သက်၍ မြန်မာအမျိုးသမီးများ၏ အဖြေများမှာ အခြားနိုင်ငံများမှ အမျိုးသမီးများ၏ အဖြေများနှင့် ကွဲပြားခြားနားမှုများရှိခဲ့ပြီး ၎င်းတို့အနေဖြင့် မိုဘိုင်းဖုန်း အသုံးပြုခြင်းဖြင့် ပျော်ရွှင်မှု၊ အကောင်းမြင်မှုတို့ကို ခံစားရကြောင်း ဖြေကြားခဲ့သည်။ အခြားသော စိတ်ဝင်စားဖွယ်ရာ အချက်တစ်ခုမှာ မိုဘိုင်းဖုန်းသုံး၍ လုပ်ဆောင်သည့် အရာများအား စစ်တမ်းကောက်ယူရာတွင် ကမ္ဘာ့အရှေ့ပိုင်းရှိ နိုင်ငံများနှင့် နှိုင်းယှဉ်လျှင် ကမ္ဘာ့အနောက်ပိုင်းရှိ နိုင်ငံများသည် မိုဘိုင်းဖုန်းများအား ကိုယ်ပိုင်အချိန်တွင် အသုံးပြုမှု ပိုမိုများပြားပြီး လုပ်ငန်းခွင်တွင် အသုံးပြုမှု ပိုမိုနည်းပါးကြောင်း တွေ့ရှိရသည်။ ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံမှ အမျိုးသမီးများကမူ လုပ်ငန်းခွင်နှင့် ဆက်စပ်သော စာတိုပေးပို့ခြင်းများနှင့် ဖုန်းခေါ်ဆိုမှုများသည် ၎င်းတို့၏ မိုဘိုင်းဖုန်းနှင့် လုပ်ကိုင်ဆောင်ရွက်မှုအများဆုံး အရာများ စာရင်းတွင် အဆင့် လေးနေရာနှင့် အဆင့်ခြောက်နေရာတွင်သာ ရှိကြသည်ဟု ဖော်ပြခဲ့သည်။

ALEX

# သုံးခွမြို့၌ မူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပျဉ်းမကန်ကျေးရွာ အထက်တန်းကျောင်းတွင် ဩဂုတ် ၈ ရက် မွန်းလွဲ ၁ နာရီက သုံးခွမြို့နယ်ရဲစခန်းမှူး ဒုရဲမှူးအောင်နိုင်ဦးသည် လူကုန်ကူးမှုမဖြစ်ပွားစေရေး၊ သက်ငယ်မုဒိမ်းမှု လျော့နည်းကျဆင်းရေး အသိပညာပေးဟောပြောခဲ့ရာ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၈၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။ **၁၁၈**

# ခရမ်း၌ မြစိမ်းရောင်စီမံကိန်းချေးငွေထုတ်ချေး

**ရန်ကုန်**

ခရမ်းမြို့နယ် မကျီးကျန်ကျေးရွာတွင် စီမံကိန်းချေးငွေကျပ်သိန်း ၃၀၀ မှ စိုက်ပျိုးရေးလုပ်ငန်းအတွက် ၈၂ ဦး၊ မွေးမြူရေးလုပ်ငန်းအတွက် ၈၂ ဦး၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်းအတွက် ၁၉ ဦး၊ အရောင်းအဝယ်လုပ်ငန်းအတွက် ခြောက်ဦး စုစုပေါင်း ချေးငွေအောင်မြင်သူ ၁၈၉ ဦးအား ထုတ်ချေးနေမှုကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက ဩဂုတ်လပထမပတ်က ကွင်းဆင်းကြီးကြပ်ပေးခဲ့ကြောင်း သိရသည်။

**ကိုကြည်**

# ခံစားခွင့်ရှိမည့် နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) လုပ်ငန်းသစ် စတင်ဆောင်ရွက်ခြင်း



နေသစ်ဦး

**မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် နိုင်ငံ့ဝန်ထမ်းများအတွက် ပိုမိုအကျိုးရှိစေမည့် နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) လုပ်ငန်းအား ၂၀-၆-၂၀၁၈ ရက်နေ့မှစတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ အဆိုပါနိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) လုပ်ငန်းနှင့်ပတ်သက်၍စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ညွှန်ကြားရေးမှူး ဒေါက်တာစန္ဒာဦးနှင့် တွေ့ဆုံမေးမြန်းခဲ့သည်များကို ရေးသားဖော်ပြလိုက်သည်။**

**မြန်မာ့အာမခံလုပ်ငန်းအနေနဲ့ နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) လုပ်ငန်း ဆောင်ရွက်ရခြင်း ရည်ရွယ်ချက်ကို ဦးစွာသိချင်ပါတယ်။**

နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) က အာမခံသက်တမ်းတို ဖြစ်တဲ့အတွက် ဝန်ထမ်းတွေ စိတ်ဝင်စားမှုပိုမိုရှိလာစေရန်နဲ့ နှစ်စေ့တောင်းခံငွေမှာ အပိုဆုကြေးငွေ ထည့်သွင်းပေးထားခြင်းကြောင့်လည်း ဝန်ထမ်းများနှစ်စေ့တောင်းခံငွေ ပြန်လည်ထုတ်ယူချိန်မှာ ငွေကြေးဖောင်းပွမှုကြောင့် ကြုံတွေ့ရမယ့် ဆုံးရှုံးနစ်နာမှုကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) လက်ခံဆောင်ရွက်ပေးခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းများရဲ့ အသက်အာမခံထားငွေ ပိုမိုတိုးတက်များပြားလာပြီး နိုင်ငံတော်ဝင်ငွေ တိုးပွားစေရန်၊ ငွေကြေးစနစ်ခိုင်မာတောင့်တင်းလာစေရန်နဲ့ ရရှိလာတဲ့အာမခံထားငွေများကို ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများ ဆောင်ရွက်ရာမှာ အသုံးပြုနိုင်ဖို့ ရည်ရွယ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) လုပ်ငန်းဟာ ဘယ်လိုအသက်အာမခံအမျိုးအစားဖြစ်တယ်ဆိုတာ ရှင်းပြပေးပါဦး။**

နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို)ဟာ နိုင်ငံ့ဝန်ထမ်းအားလုံး အသက်အာမခံသက်တမ်း သုံးနှစ်၊ ငါးနှစ်၊ ၁၀ နှစ် ထားရှိနိုင်ပြီး နှစ်စေ့အကျိုးခံစားခွင့်မှာ အပိုဆုကြေးငွေ ထည့်သွင်းပေးနိုင်ဖို့အတွက် ယခင်က လက်ခံဆောင်ရွက်နေတဲ့ ပြည်သူ့ဝန်ထမ်း အသက်အာမခံကို ပြင်ဆင်ရေးဆွဲထားတဲ့ အာမခံအမျိုးအစားဖြစ်ပါတယ်။ အာမခံသက်တမ်းစေ့လျှင် အာမခံထားသူဝန်ထမ်းကိုယ်တိုင် အပိုဆုကြေးပါတဲ့ အကျိုးခံစားခွင့်တောင်းခံငွေကို ထုတ်ယူနိုင်ပြီး အာမခံသက်တမ်းအတွင်း သေဆုံးမှုလျော်ကြေး ဖြစ်ပေါ်လျှင်လည်း အကျိုးခံစားခွင့်ရှိသူမှ အများဆုံး အာမခံထားငွေ ပမာဏကို ထုတ်ယူနိုင်မှာပါ။

**နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) လုပ်ငန်းဟာ ယခင် ပြည်သူ့ဝန်ထမ်းအသက်အာမခံနဲ့ ဘယ်လိုကွာခြားချက်များရှိပါသလဲ ရှင်းပြပေးပါဦး။**

ယခင် ပြည်သူ့ဝန်ထမ်းအသက်အာမခံလုပ်ငန်းဟာ ဝန်ထမ်းတစ်ဦး ပင်စင်ယူမယ့်အချိန်မှာ နှစ်စေ့ငွေ ပြန်လည်ထုတ်ယူနိုင်ရန် ရည်ရွယ် ဆောင်ရွက်ခဲ့ပါတယ်။ အသက် ၁၈ နှစ်ရှိတဲ့ ဝန်ထမ်းဟာ ယခင်ပြည်သူ့ဝန်ထမ်းအသက်အာမခံထားရှိမယ်ဆိုရင် အာမခံသက်တမ်းက ၄၂ နှစ် ကြာမြင့်မှာဖြစ်ပြီး သူ့အသက် ၆၀ နှစ်ပြည့်မှသာ အာမခံထားငွေကို ပြန်လည်ထုတ်ယူနိုင်မှာပါ။ ဒါပေမယ့် အားနည်းချက်က အာမခံသက်တမ်းကြာမြင့်လွန်းပြီး ငွေကြေးဖောင်းပွမှုကြောင့် အကျိုးခံစားခွင့် ငွေတန်ဖိုးဟာ အာမခံစတင်ထားရှိချိန်ကထက် အဆများစွာ ကွာခြားတဲ့အတွက် ပင်စင်ယူချိန်မှာ ဝန်ထမ်းရဲ့ မျှော်မှန်းချက်တွေကို ဖြည့်ဆည်းပေးနိုင်မှာ မဟုတ်ပါဘူး။ အခု နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ဟာ အာမခံသက်တမ်းတိုဖြစ်ပြီး နှစ်စေ့ အပိုဆုကြေးလည်း ထည့်သွင်းပေးထားတဲ့အတွက် ငွေကြေးဖောင်းပွမှုကို ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ကို ဘယ်လိုလူတွေ ထားရှိနိုင်ပါသလဲ။**

နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ကို အသက် ၁၈ နှစ်မှ ၅၇ နှစ် အတွင်းရှိတဲ့ နိုင်ငံ့ဝန်ထမ်းတိုင်း နှစ်သက်ရာ အာမခံသက်တမ်းကို ရွေးချယ်ထားရှိနိုင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ထားရှိခြင်းအားဖြင့် ဘယ်လိုအကျိုးကျေးဇူးများ ရရှိနိုင်ပါသလဲ။**

နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) ထားရှိခြင်းအားဖြင့် ချွေတာစုဆောင်းသည့် အလေ့အထကောင်းရှိစေခြင်း၊ မမျှော်လင့်သော ဖြစ်ရပ်ဆိုးများနှင့် ကြုံခဲ့သော် မိသားစုအတွက် ငွေကြေးအထောက်အပံ့ရစေခြင်း၊ အာမခံသက်တမ်းစေ့ပါက ပေးသွင်းရသည့် အာမခံကြေးထက် ပိုမိုသော အာမခံ အကျိုးခံစားခွင့်ငွေရနိုင်ခြင်း၊ ဝင်ငွေခွန်သက်သာခြင်း၊ အာမခံအကျိုးခံစားခွင့်ပေါ်တွင် အခွန်ကင်းလွတ်ခွင့်ရှိခြင်း စတဲ့အကျိုးကျေးဇူးများကို ခံစားရရှိနိုင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ထားရှိခြင်းအားဖြင့် အခြားခံစားခွင့်များရှိလျှင်လည်း ပြောပြပေးစေလိုပါတယ်။**

နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ထားရှိတဲ့ဝန်ထမ်းဟာ အနည်းဆုံး တစ်နှစ် ပရီမီယံကြေးပေးသွင်းပြီးပါက ချေးငွေရယူနိုင်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် အာမခံထားသည့်ဝန်ထမ်း အလုပ်မှနုတ်ထွက်ခဲ့ပါက အမ်းငွေထုတ်ယူနိုင်ခြင်း၊ ထာဝစဉ်မစွမ်းမသန်ဖြစ်ခြင်းနှင့် သေဆုံးခြင်းများအတွက်လည်း အာမခံထားငွေကို ထုတ်ပေးမှာဖြစ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ထားရှိတဲ့ဝန်ထမ်းတွေကို ချေးငွေဘယ်လိုချေးပေးပါလဲ။**

နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ထားရှိတဲ့ဝန်ထမ်းဟာ အနည်းဆုံး တစ်နှစ် ပရီမီယံကြေးပေးသွင်းပြီးပါက မိမိပေးသွင်းထားတဲ့ စုစုပေါင်းပရီမီယံရဲ့ ၇၅ ရာခိုင်နှုန်းခန့်ကို တစ်နှစ်လျှင် ၆ ဒသမ ၂၅ရာခိုင်နှုန်း အတိုးဖြင့် ပြန်လည်ချေးယူနိုင်ပါတယ်။

**နှစ်စေ့အကျိုးခံစားခွင့်မှာ ထည့်သွင်းပေးထားတဲ့ အပိုဆုကြေးငွေအကြောင်းကို ရှင်းပြပေးစေလိုပါတယ်။**

နိုင်ငံ့ဝန်ထမ်းအသက်အာမခံ (ကာလတို) ထားတဲ့ဝန်ထမ်းတိုင်း အာမခံ သက်တမ်းစေ့ချိန်မှာ အပိုဆုကြေးပါတဲ့ အကျိုးခံစားခွင့် တောင်းခံငွေကို ထုတ်ယူနိုင်ပါတယ်။ ဥပမာ - အသက် ၄၀နှစ် ရှိတဲ့ ဝန်ထမ်းတစ်ဦးက အာမခံထားငွေ ကျပ် ၁၀ သိန်းကို အာမခံသက်တမ်း ၁၀ နှစ် ထားရှိပါက တစ်လလျှင် ပရီမီယံ ကျပ် ၇၉၀၀ ဖြင့် နှစ်စေ့ချိန်အထိ စုစုပေါင်း ကျပ် ၉၄၈၀၀၀ ပေးသွင်းရမှာဖြစ်ပြီး နှစ်စေ့ချိန် အသက် ၅၀ နှစ်တွင် အပိုဆုကြေးပါတဲ့ အကျိုးခံစားခွင့်ငွေကျပ် ၁၂ သိန်းရရှိမှာဖြစ်ပါတယ်။

**အာမခံထားငွေအပေါ်နှင့် လစဉ်ပေးသွင်းပရီမီယံအပေါ်မှာ ကန့်သတ်ချက်တွေများရှိပါသလား။**

ဟုတ်ကဲ့၊ ရှိပါတယ်။ နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) ထားရှိမယ့်ဝန်ထမ်းဟာ အာမခံထားငွေ ကျပ်သိန်း ၂၀ အထိ ဆေးစစ်ချက် ကင်းလွတ်ခွင့်နဲ့ အာမခံထားရှိနိုင်ပြီး အာမခံထားငွေ ကျပ်သိန်း ၂၀ ထက် ပိုမိုထားရှိလိုပါက ဆေးစစ်ချက်တင်ပြရန်လိုအပ်ပါတယ်။ ဒါ့အပြင် ပေးသွင်းရမယ့် လစဉ်ပရီမီယံဟာ အာမခံထားသူရရှိတဲ့ လစာရဲ့ ၁၅ ရာခိုင်နှုန်းထက် မကျော်လွန်ရပါ။ လစဉ်ပရီမီယံကို မပျက်မကွက် ပေးသွင်းသွားဖို့တော့ လိုအပ်ပါတယ်။

**နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို)မှာ အကျိုးခံစားခွင့်မရနိုင်တဲ့ အချက်တွေလည်း သိလိုပါတယ်။**

အာမခံထားတဲ့နေ့မှ တစ်နှစ်အတွင်း မိမိကိုယ်ကို သတ်သေခြင်း၊ အာမခံဝယ်ယူပြီးနောက် ခြောက်လအတွင်းဖြစ်သော ရှိရင်းစွဲရောဂါများကြောင့် သေဆုံးခြင်းနှင့် ထာဝစဉ်မသန်းစွမ်း ဖြစ်ခြင်း၊ မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် သေဆုံးခြင်းနှင့် ထာဝစဉ် မသန်းစွမ်းဖြစ်ခြင်းတို့အတွက် အကျိုးခံစားခွင့်မရရှိပါ။

**နောက်ဆုံးအနေဖြင့် ဆရာမကြီးမှ ဖြည့်စွက်ပြောလိုသည်များရှိလျှင် ပြောကြားပေးစေလိုပါတယ်။**

မြန်မာ့အာမခံလုပ်ငန်းအနေဖြင့် ပြည်သူများအတွက် အကျိုးရှိတဲ့ အာမခံလုပ်ငန်းတွေကို ဖော်ဆောင်ရေးမှာ အစဉ်တစိုက် အားထုတ်ကြိုးပမ်းလျက်ရှိနေပါတယ်။ ယခု နိုင်ငံ့ဝန်ထမ်း အသက်အာမခံ (ကာလတို) လုပ်ငန်းဟာလည်း အာမခံထားသူဝန်ထမ်းများအတွက်သာမက နိုင်ငံတော် အတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးရှိစေမယ့် လုပ်ငန်းတစ်ခုဖြစ်ပါတယ်။ အာမခံထားသူဝန်ထမ်းများရဲ့ အာမခံကြေး ပေးသွင်းငွေများက နိုင်ငံတော်ရဲ့ ငွေကြေးလည်ပတ်မှုကို များစွာအထောက်အပံ့ဖြစ်စေပြီး ဝန်ထမ်းများကိုယ်တိုင်အတွက်လည်း သက်တမ်းအလိုက် အာမခံထားငွေအပေါ် အပိုဆုကြေး ရရှိမှာဖြစ်တာကြောင့် ဝန်ထမ်းတိုင်း မဖြစ်မနေထားရှိသင့်တဲ့ အာမခံအကာအကွယ်တစ်ခုဖြစ်ပါတယ်လို့ တိုက်တွန်းပြောကြားလိုပါတယ်။ ။

## ကုန်းဘောင်ခေတ်လက်ရာ ရာမလက္ခဏာ . . .

စာမျက်နှာ ၁၈ မှ

**ရှေးဟောင်းအဆောက်အအုံများ**

ဘုရားကြီး၏ အရှေ့တောင်ထောင့်တွင် ဆရာတော် ဦးညေယျ တည်ထားခဲ့သည့် ရှေးဟောင်းတန်ဆောင်းကြီးကို ယနေ့တိုင်မြင်တွေ့နိုင်သည်။ ယင်းတန်ဆောင်းသည် စာများတွင် ပေ ၅၀ ပတ်လည်ရှိကြောင်း ဖော်ပြခဲ့ကြပြီး ရန်ကုန်တက္ကသိုလ်မှ ရှေးဟောင်းသုတေသန သင်တန်းသားများနှင့် မိမိကိုယ်တိုင် တိုင်းထွာချက်အရ အလျား ၄၂ ပေ ကိုး လက်မ၊ အနံ ပေ ၄၀ ကိုးလက်မခန့်ရှိကြောင်း တွေ့ရသည်။ အမိုးများမရှိတော့သည့် တန်ဆောင်းဟောင်းကြီးသည် မျက်နှာစာ အုတ်နံရံများ ကွဲအက်၍ အနောက်ဘက်သို့ အနည်းငယ် ယိုင်နေသည်။ ခမ်းနားစွာ တည်ဆောက်ခဲ့သည့် တန်ဆောင်းကြီး၏ ဝင်ပေါက်အမိုးခုံးများ၊ အမိုးနဖူးစည်းတွင် ထုလုပ်ထားသော ပန်းပုရုပ်များ၊ အမိုးတန်းအောက် နဖူးစည်းအနုလက်ရာများ၊ ကနုတ်ပန်းများကို တွေ့မြင်ကြရသည်။ ကျောင်းတိုက်ကြီးအတွင်း ခေါင်းရင်းပိုင်း (တောင်ဘက်)တွင် ပလ္လင်ခုံ တစ်ခုရှိပြီး ရုပ်ပွားတော်များကို မတွေ့ရပါချေ။ တန်ဆောင်းကြီးသည် တစ်ချိန်က နှစ်ထပ်အဆောက်အအုံတစ်ခုဖြစ်ခဲ့ဟန်ရှိကာ အပေါ်ထပ်သို့တက်သည့် လှေကားရာကို တွေ့ရှိခဲ့ကြရသည်။

ကျောင်းတိုက်အိုကြီး၏ အတွင်းနံရံများပေါ်တွင် ရောင်စုံဆေးရေးပန်းချီများကို တွေ့ရှိရကာ ပန်းချီရုပ်များ ရေးဆွဲထားသည့် အင်္ဂတေအချို့မှာ ကွာကျနေပြီး ဆေးရေးပန်းချီများမှာ ပျက်စီးနေပြီဖြစ်သည်။ တန်ဆောင်းကြီး၏ အနောက်ဘက် နံရံပေါ်ရှိ ဆေးရေးပန်းချီပုံတွင် ပလ္လင်ပေါ်မှ မင်းသမီးကို မင်းသားဖြစ်ဟန်တူသူနှင့် နောက်ပါတစ်ယောက်က ပလ္လင်ပေါ်မှ ဆင်းရန်လက်ကမ်းနေသည့်ပုံကို ထင်ရှားစွာ မြင်တွေ့ရသည်။ အရှေ့ဘက် နံရံဆေးရေးပန်းချီအောက်တွင် အနက်ရောင် စာလုံးဝိုင်းများဖြင့် ရေးသားထားသည့် မင်စာများတွင် ‘ဟိမဝန္တာသို့ လာသည်တွင်’ ဟူသည့် စာသားမှလွဲ၍ ကျန်စာသားများသည် သဲကွဲမှုမရှိသဖြင့် မဖတ်နိုင်ခဲ့ပါချေ။

ဘုရားကြီး၏ အရှေ့မြောက်ထောင့်တွင် မြင်တွေ့ရသည့် အဆောက်အအုံဟောင်းသည် မူလက မြေစိုက်အဆောက်အအုံတစ်ခုဟု ယူဆရပြီး ယခုအခါတွင် အုတ်တံတိုင်းအသစ် ကာရံထားသည်။ နှစ်ထပ်အမိုးသည် မူလလက်ရာများဖြစ်ပြီး အဆောက်အအုံ၏ အတွင်းပိုင်းမြောက်ဘက်အဆုံးတွင် ဘုရားဆောင်နေရာဟောင်းကို တွေ့ရှိရသည်။ အဆောက်အအုံအတွင်း၌ ပျမ်းမျှ လုံးပတ် ၆၃ လက်မရှိသည့် တိုင် ၂၈ တိုင်ရှိသည်။ တိုင်အောက်ခြေမှ ၄၃ လက်မ မြင့်သည့်နေရာ၌ ၁၃ လက်မ အမြင့်ရှိသော သဲပန်းပုချပ်များကို တိုင်လုံးများ ပတ်လည်တွင် ကပ်ထားသည်။ အရုပ်အများစုသည် ရာမဇာတ်တော်လာ ဇာတ်ကွက်များဖြစ်ကြကာ အချို့သော ပန်းပုရုပ်များသည် ခေါင်းကျိုး ခြေပြတ်ပျက်စီးနေကြသော်လည်း အများစုကို မူလအနေအထားအတိုင်း ထိန်းသိမ်းထားနိုင်သည်ကို တွေ့ရပေသည်။

ယင်းအဆောက်အအုံသည် တစ်ချိန်က တရားသဘင်များ၊ အလှူပွဲများ ကျင်းပခဲ့သည့် နေရာတစ်ခုဟု ယူဆရဖွယ်ရှိပြီး ယခုအခါတွင် အဆောက်အအုံအောက်ကြမ်းခင်းများကို ပြန်လည်ခင်းကာ အဆောက်အအုံကြံ့ခိုင်မှုအတွက် ကောင်းစွာထိန်းသိမ်းထားသည်။

ယဉ်ကျေးမှု မြင့်မားခဲ့သည့် နိုင်ငံများတွင် ရှေးဟောင်းအမွေအနှစ် ဒြပ်ရှိဒြပ်မဲ့ ယဉ်ကျေးမှုများ ကျန်ရှိကြမြဲဖြစ်ရာ မြန်မာနိုင်ငံအတွင်း သခွတ်တနယ် ရာမဇာတ် ရုပ်ကြွများကဲ့သို့သော ဒြပ်ရှိပစ္စည်းများနှင့် ဒြပ်မဲ့ယဉ်ကျေးမှု အများအပြားကို ယနေ့တိုင် တွေ့မြင်နေကြရပေသည်။ ထို့ကြောင့်လည်း ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်စာရင်း (World Heritage) တွင် ပျူမြို့ဟောင်းများဖြစ်သည့် သရေခေတ္တရာ၊ ဗိဿနိုးနှင့် ဟန်လင်းတို့ ပါရှိခဲ့သကဲ့သို့ မန္တလေးကုသိုလ်တော်ဘုရားရှိ ပိဋကတ်ကျောက်စာ ၇၂၉ ချပ်၊ ဂျာမနီနိုင်ငံရှိ အလောင်းမင်းတရားရွှေပေလွှာ၊ ပုဂံရှိ ရာဇကုမာရ်ကျောက်စာနှင့် ပုဂံ ရွှေစည်းခုံစေတီရှိ ဘုရင့်နောင်မင်းတရား ခေါင်းလောင်းစာတို့ကို ယူနက်စ်ကိုအဖွဲ့က ကမ္ဘာ့မှတ်တမ်း အမွေအနှစ်များအဖြစ် အသိအမှတ်ပြုခဲ့သည်။

နိုင်ငံတစ်ခု၏ ယဉ်ကျေးမှုအဆင့်ကို ကြွင်းကျန်နေသည့် ဒြပ်ရှိ ဒြပ်မဲ့ ယဉ်ကျေးမှုများဖြင့် ညွှန်းဆိုကြရသဖြင့် မြန်မာနိုင်ငံနေရာအနှံ့ တည်ရှိနေသည့် သခွတ်သနယ် ရာမဇာတ်ရုပ်ကြွများအပါအဝင် မြန်မာ့ရှေးဟောင်း အမွေအနှစ်များကို ရေရှည်တည်တံ့စေရန် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရမည်သာ ဖြစ်ပေသည်။

**ကိုးကား**

**သမိုင်းထဲက ဒီဇိုင်း(ဒေါက်တာသန်းထွန်း)**

**မြန်မာရာမနိဒါန်း(ဇော်ဂျီ)**

**ရှေးဦး မြန်မာရာမအဖွင့် (ဇော်ဂျီ)**

Ramayana in Burmese Literature and Arts(U Thein Han and U Khin Zaw)

Nyaung Kan Field Trip Report (Win Zaw)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

**ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)**

## ဆွမ်းလောင်းအသင်းတို့သိမှတ်စရာများ





ဆွမ်းလောင်းအသင်းတိုင်းသည် ကုသိုလ်ရအောင်ဖွဲ့စည်းထားကြသည့် ပရဟိတဘာသာရေးအဖွဲ့အစည်းများသာဖြစ်ကြောင်း စာရေးသူ ဓမ္မာစရိယလွှမ်းအောင် စီစဉ်ရေးသားသည့် ဆွမ်းလောင်းအသင်းတို့ သိမှတ်စရာများ စာအုပ်ထွက်ရှိလာသည်။

တချို့ဆွမ်းလောင်းအသင်း ဒါယကာ၊ ဒါယိကာမများသည် ကုသိုလ်ရရှိအောင်ဟုဆိုကာ ဆွမ်းလောင်းသည့်နေရာတွင် ကြွတော်မူမည့် သံဃာတော်အပါး ၅၀၀ ဆိုလျှင် အပါးအရေအတွက်နှင့် ညီမျှစေရန် ဘဲဥ (သို့မဟုတ်) ကြက်ဥအလုံး ၅၀၀ ကို ပြုတ်ကာ ဘဲဥချဉ်ရည်ဟင်း၊ ကြက်ဥချဉ်ရည်ဟင်းချက်ကာ ဆွမ်းနှင့် ဆွမ်းဟင်းများ လောင်းလှူကြသဖြင့် ထိုသို့လောင်းလှူလိုက်သည့်ဥများတွင် အသက် ၅၀၀ ကိုသတ်ခြင်းဖြစ်သဖြင့် ကုသိုလ်မရဘဲ အကုသိုလ်ရရှိကြောင်း အဆိုပါစာအုပ်တွင် ရေးသားထားသည်။

**စာအုပ်ကို အောင်ကျော်မြင့်စာပေ၊ ဦးဝိစက္ခဏာဘိဝံသ၊ ဘုရားဖြူတိုက်၊ ၅၂-လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၄၉၃၁၈၆၇၉ နှင့် ၀၉-၂၅၀၉၀၃၅၈၀ တို့မှ ဖြန့်ချိသည်။**

## သုနာပရန္တပျူဒေသ





ဧရာဝတီမြစ်အနောက်ဘက်ကမ်း သုနာပရန္တတိုင်းတွင် ပျူသဲလွန်စများကို စတင်တွေ့ရှိခဲ့ကြောင်း စာရေးသူကျော်စိန်ဝင်း စီစဉ်ရေးသားသည့် သုနာပရန္တပျူဒေသစာအုပ်ထွက်ရှိလာသည်။

မြန်မာနိုင်ငံ အထက်အညာဒေသ၏ ဧရာဝတီမြစ်ပါးဆင့်တို့တွင် ကျောက်ခေတ်ဦးလူသားတို့ ကိုင်ဆောင်သုံးစွဲခဲ့သည့် ကျောက်ကြမ်းလက်နက်များစွာကို တွေ့ရသည်။ မြန်မာနိုင်ငံကျောက်ခေတ်ဦးတွင် လက်ကိုင်ကျောက်ပုဆိန်အချို့ကို ကိုင်ဆောင်ခဲ့ကြပြီး ကျောက်ခေတ်လယ်ယဉ်ကျေးမှု ထွန်းကားခဲ့သည်မှာ ပြဒါးလင်းဂူဖြစ်သည်။ ဆားလင်းကြီးမြို့နယ် မိုးကြိုးပြင်အနီး ဝက်ဆိုးကုန်းတွင် ကျောက်ခေတ်ဦး၊ ကျောက်ခေတ်လယ်၊ ကျောက်ခေတ်နှောင်းလက်နက်များကို တွေ့ရသည်။ ပခုက္ကူခရိုင် ရေစကြိုမြို့နယ် ရှင်မတောင်တွင် အနုစိတ်ကျောက်လက်နက်များကိုတွေ့ရသဖြင့် မြန်မာနိုင်ငံ ကျောက်ခေတ်လယ်ကို သက်သေပြနိုင်သည့် လက်လုပ်အိုးများ၊ ကြိုးဖြင့် အိုးဒီဇိုင်းပုံဖော်ခြင်း၊ စဉ်းဓား၊ ပဲခွပ်၊ လုံးသွား၊ လွှသွားများကို တွေ့ရှိနိုင်သည်။

**စာအုပ်ကို HTET AARON အမှတ်-၈၀၊ မင်းလမ်း၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၈၁၀၂၃ နှင့် ၀၉- ၉၇၅၅၂၇၅၃၅ တို့မှ ဖြန့်ချိသည်။**

## ဘဝနေတတ်မှုအနုပညာ





လူ့ဘဝတွင် အနေတတ်အောင်၊ စိတ်နေသဘောထား ဖြောင့်မတ်မှန်ကန်အောင်၊ တွေးခေါ်ယူဆတတ်အောင် နေထိုင်တတ်စေလိုကြောင်း စာရေးသူ မောင်ကျေးဇူး ဘာသာပြန်ဆိုထားသည့် ဘဝနေတတ်မှုအနုပညာ စာအုပ်ထွက်ရှိလာသည်။

အမေရိကန်အက်ဆေးဆရာကြီး Wilferd Peterson ရေးသားသည့် The Art of Living စာအုပ်ကို မြန်မာစာပေဖတ်ရှုလေ့လာသူများအတွက် ဆီလျော်အောင် ပြန်ဆိုထားသည်။ ဘဝခရီး အထမြောက်အောင်မြင်မှုအနုပညာ၊ ကိုယ်ထိလက်ရောက် လှုပ်ရှားဆောင်ရွက်မှုအနုပညာ၊ စိတ်နေမြင့်မား စွန့်စားမှုအနုပညာ၊ အကြားအမြင်အသိတရား တိုးတက်စေမှုအနုပညာ၊ လူချမ်းသာဖြစ်စေမှုအနုပညာ၊ ပစ္စုပ္ပန် ယခုဖြစ်တည်မှုအနုပညာ၊ လူဖြစ်ရကျိုးနပ်စေသော လောကအမြင်၊ သင်ကိုယ်တိုင်ပင်လျှင် သင့်ဘဝ၏အရှင်သခင် စသည့်ကဏ္ဍပေါင်း ၇၀ ကိုဖော်ပြထားသဖြင့် ဖတ်ရှုလေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ရန်အောင်စာပေ၊ ဆိုင်အမှတ်-H၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၇၉၃၉၈ နှင့် ၀၉-၇၃၂၄၃၈၅၁ တို့မှ ဖြန့်ချိသည်။**

## kila and the Witch




kila and the Witch (ခိုင်လာနှင့် စုန်းမပုံပြင်) စာအုပ်ကိုရေးသားသူနှင့် သရုပ်ဖော်ရေးဆွဲသူ မိုးပွင့်တင်သည် တတိယတန်းကျောင်းသူတစ်ဦး ဖြစ်သည်။ သူ၏အားလပ်ချိန်များတွင် ဝါသနာအရ စာရေးခြင်း၊ ပုံဆွဲခြင်းများ ပြုလုပ်လေ့ရှိပြီး ယခုစာအုပ်မှာ မိုးပွင့်တင်၏ ဒုတိယမြောက်စာအုပ်ဖြစ်ပြီး တရားသစ္စာစာပေ၊ သုဝဏ္ဏ၊ ရန်ကုန်က ၂၀၁၈ ခုနှစ် မေလအတွင်း ထုတ်ဝေထားသည်။

ဤစာအုပ်တွင် မူလတန်းကျောင်းသူနှစ်ဦး၏ အကျင့်စရိုက်နှင့်ပတ်သက်သော ဇာတ်လမ်းကို ကလေးအတွေးဖြင့် စိတ်ကူးယဉ် ရေးသားသရုပ်ဖော်ထားခြင်းဖြစ်သည်။ စာရေးသူ၏ အင်္ဂလိပ်မူရင်းကို စိမ်းမြမြအေးက မြန်မာဘာသာပြန်ဆိုပြီး စာဖတ်သူကလေးများ အနေဖြင့် အင်္ဂလိပ်-မြန်မာ နှစ်ဘာသာဖြင့် ဖတ်ရှုနိုင်ရန် ထုတ်ဝေခြင်းဖြစ်သည်။

ဤစာအုပ်ကို ဝေးလံသောဒေသရှိ စာကြည့်တိုက်များသို့ ပေးပို့လှူဒါန်းရန်လည်း ရည်ရွယ်သည့်အတွက် စာဖတ်သူများအနေဖြင့် ဝယ်ယူဖတ်ရှုခြင်းဖြင့် ပညာဒါန ကုသိုလ်ပါဝင်နိုင်မည်ဖြစ်သည်။

**Myanmar Book Centre ဆိုင်ခွဲများ ၊ စာပေရတနာ (ဆိုင်အမှတ် ၁၃၉ B-1 တော်ဝင်စင်တာ) လူထုစာအုပ်တိုက် (မန္တလေး) နှင့် City Mart စာအုပ်ဆိုင်များတွင် ဝယ်ယူရရှိနိုင်ပါသည်။**

## အရိပ်၏အရိပ်နှင့်အခြားဝတ္ထုတိုများ





မိခင်များသည် မိမိ၏သားသမီးများအပေါ်ထားရှိသော မေတ္တာကရုဏာကို စာဖတ်သူများသိရှိနိုင်စေရန် စာရေးသူ သုတေးစစ် စီစဉ်ရေးသားသည့် အရိပ်၏အရိပ်နှင့် အခြားဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

မိခင်များသည် သားသမီးများအပေါ် မွေးကင်းစမှ စတင်စောင့်ရှောက်လာခဲ့ရပြီး ကြီးပြင်းလာသောအခါ အောင်မြင်မှုလမ်းကြောင်းပေါ်သို့ ရောက်ရှိစေရေး၊ ကြီးပွားတိုးတက်စေရေး၊ တိုးတက်မှုရရှိစေရေးတို့အတွက် တတ်နိုင်သမျှ ကူညီဖေးမရကြောင်း ရေးသားထားသည်။ သားသမီးများသည် မိမိတို့ကြီးပြင်းလာသောအခါ ရရှိသည့်အချိန်အတွင်း မိဘများကို တတ်နိုင်သမျှ ကူညီစောင့်ရှောက်ပေးသင့်သည့်အပြင် အချိန်လွန်မှ နောင်တမရသင့်ပေ၊ ကလေးတစ်ယောက်၏ ရွေးချယ်မှုသည် ကြိုက်ခြင်း၊ မကြိုက်ခြင်းကို အနိုင်မကျင့်ကြရန်၊ လူ့အဖွဲ့အစည်းတစ်ခုလုံးတွင် လူတစ်ယောက်၏ ရွေးချယ်မှုကို အနိုင်မကျင့်ကြရန်နှင့် အပြန်အလှန်နားလည်မှုရှိကာ ညှိနှိုင်းခြင်းပင်ဖြစ်သည်။ ထို့ကြောင့် အကြိုက်ချင်းမတူသော၊ ရွေးချယ်မှုကွဲပြားသော လူ့အဖွဲ့အစည်းတွင် အပြန်အလှန်နားလည်တတ်သော ယဉ်ကျေးမှုထွန်းကားစေရန် အမှတ်တကယ်လိုအပ်သည်။ လက်တွေ့ မျက်မြင်မြေပြင်အနေအထားမှာ ထိုယဉ်ကျေးမှုများ ပါးလျားလှသည်ဖြစ်ရာ အသက်၊ ဂုဏ်၊ ဝါ၊ အင်အားတို့ဖြင့် အနိုင်ကျင့်တတ်သော အမိုက်မှောင်ကိုထွင်းဖောက်ကာ အလင်းရောင်ကိုဆောင်နိုင်မည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို လင်းသစ်စာပေမှ ဖြန့်ချိသည်။**

## မေတ္တာတရား





စာပေဖတ်ရှုလေ့လာသူများအတွက် စိတ်နှလုံးရွှင်လန်းနိုင်စေရန် စာရေးသူ ရွှေပြည်ရမ္မာ စီစဉ်ရေးသားသည့် မေတ္တာတရားစာအုပ် ထွက်ရှိလာသည်။

မေတ္တာဟူသောစကားသည် မြန်မာလူမျိုးများနှင့် ရင်းနှီးသောစကားဖြစ်ပြီး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးတို့သည် မိမိတို့၏နေ့စဉ်ဘဝများ၌ ကောင်းမှုကုသိုလ်များကိုပြုလုပ်ကာ အမျှအတန်းဝေပြီး မေတ္တာပို့သကြသည်။ ထို့ကြောင့် မေတ္တာတရားသည် မကောင်းမှုပြုလုပ်ခြင်းနှင့် မကောင်းသောစိတ်ထားကို ဖယ်ရှားဖို့ အထောက်အကူဖြစ်စေပြီး ဒေါသ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် မေတ္တာတရားသည်သာ အရာရာကို အောင်မြင်နိုင်သောကြောင့် လူသားတိုင်း မေတ္တာတရားထားနိုင်စေရန် ရည်ရွယ်၍ရေးသားထားသည်။

**စာအုပ်ကို ရန်အောင်စာပေ၊ ဆိုင်အမှတ်-H၊ အ.ထ.က(၁) ရန်ကင်းကျောင်းရှေ့၊ ၁၂-လုံးတန်းမှတ်တိုင်အနီး၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၉-၅၁၇၉၃၉၈ နှင့် ၀၉-၇၃၂၄၃၈၅၁ တို့မှ ဖြန့်ချိသည်။**

## ၆၅ နှစ်တာစိတ်ပညာနှင့်အခြားဆောင်းပါးများ





စိတ်ပညာဘာသာရပ်သည် နေ့စဉ်နေထိုင်မှုဘဝ၊ မိသားစုဘဝနှင့် လုပ်ငန်းခွင်တို့တွင် များစွာအရေးပါ၍ အသုံးချနိုင်ကြောင်း စာရေးသူခင်ခင်ဆွေ (စိတ်ပညာ)၏ ၆၅ နှစ်တာ စိတ်ပညာနှင့် အခြားဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

စာရေးသူ ရန်ကုန်တက္ကသိုလ်စိတ်ပညာဌာနတွင် တာဝန်ထမ်းဆောင်ခဲ့သူပီပီ စိတ်ပညာဌာန၏ (၆၅) နှစ်ပြည့်အထိမ်းအမှတ်အဖြစ် ဂုဏ်ပြုရေးသားထားပြီး မိသားစု၊ လုပ်ငန်းခွင်၊ ကျန်းမာရေး၊ ပတ်ဝန်းကျင်၊ အားကစားနှင့် သက်ကြီးရွယ်အိုဘဝ၊ စိတ်ပညာဘာသာရပ်ဆောင်းပါးများနှင့် စိတ်ပညာနယ်ပယ်အချို့မှ ဗဟုသုတနှင့် အသုံးချနိုင်သည့်အကြောင်းအရာများ၊ စိတ်ပညာ၏ အရေးပါသော အခန်းကဏ္ဍများကို ရေးသားထားသဖြင့် စိတ်ပညာလေ့လာလိုသူများအတွက် သင့်လျော်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို ထိန်ဝင်းစာပေ၊ ဖုန်း-၀၉-၄၄၈၀၁၀၉၀၃ နှင့် ၀၉-၇၀၉၅၀၀၃၆၃၁ တို့မှ ဖြန့်ချိသည်။**

## မေ့လို့မရမယ့်ယတြာများ




နေ့စဉ်လူမှုဘဝတွင် ကြုံတွေ့နေရသည့် ကျန်းမာရေး၊ စီးပွားရေး၊ ပညာရေးစသည့် အခက်အခဲများကို ကျော်လွှားနိုင်စေရန် ယတြာကိုအသုံးပြုသောကြောင့် စာရေးသူ မောင်မောင်မြင့်အေးရေးသားသည့် မေ့လို့မရမယ့်ယတြာများ စာအုပ်ထွက်ရှိလာသည်။

မြတ်စွာဘုရား၏ ဂုဏ်တော်ကိုးပါးဖြစ်သည့် ဣတိ-သူတစ်ပါးရန်ပြုသော်ပုဆစ်တုပ်ပြီး ၁၈ ကြိမ်ရွတ်၊ ပိသော-အဝတ်အစားကို ၁၈ ခေါက်မန်းကာ မျက်နှာပွင့်၊ ဘဂဝါ-မင်းစိုးရာဇာမျက်ရင် ၃၇ ခေါက်ရွတ်၊ အရဟံ-အခေါက် ၁၀၀၀ ရွတ်လျှင် အစာရေစာပေါများခြင်း၊ ဝိဇ္ဇာစရဏ-ရေတစ်ခွက်ကို ၁၈ ခေါက်မန်းပြီး အိမ်ကိုပက်သော် မီးမလောင်နိုင်၊ သမ္မာန္တော-အစားအစာကို ၁၈ ခေါက်မန်းစားသော် စကားပြောဆိုရာတွင် အောင်မြင်ခြင်း စသည့်ဂုဏ်တော်ကိုးပါး၏ အစွမ်းထက်မှုများကို ရေးသားထားသည်။

**စာအုပ်ကို ဘုန်းရောင်စာပေ၊ တိုက်-၂၇၊ အခန်း-၁၂၊ ၅၂ လမ်း (အောက်)၊ မဟာဗန္ဓုလလမ်းနှင့် ကုန်သည်လမ်းကြား ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့မှ ဖြန့်ချိသည်။**

# စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်း ဝင်ခွင့်အရည်အချင်းစစ် စာမေးပွဲစစ်ဆေးခြင်း

၁။ စစ်တက္ကသိုလ်ဗိုလ်လောင်း၊ တပ်မတော်နည်းပညာတက္ကသိုလ်ဗိုလ်လောင်းနှင့် တပ်မတော်ဆေးတက္ကသိုလ်ဗိုလ်လောင်း လျှောက်လွှာတင်သွင်းထားသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၇ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**
(၂) **ဇီဝဗေဒ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၈ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**
(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၁၈ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

(၁) **အင်္ဂလိပ်စာ ၀၉၀၀ နာရီမှ ၁၁၀၀ နာရီအထိ။**
(၂) **သင်္ချာ ၁၃၀၀ နာရီမှ ၁၅၀၀ နာရီအထိ။**

၂။ စာမေးပွဲများကို အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

(က) **နေပြည်တော်** အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်းခန်းမ။
(ခ) **မြစ်ကြီးနားမြို့** တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။
(ဂ) **လားရှိုးမြို့** တိုင်းစစ်ဌာနချုပ်ခန်းမ။
(ဃ) **တောင်ကြီးမြို့** တိုင်းစစ်ဌာနချုပ်၊ မိုးလုံလေလုံအားကစားခန်းမ။
(င) **နမ့်စန်မြို့** နမ့်စန်လေတပ်စခန်းဌာနချုပ်ခန်းမ။
(စ) **ကျိုင်းတုံမြို့** တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။
(ဆ) **မော်လမြိုင်မြို့** အထက၊ ရွှေနတ်တောင်။
(ဇ) **မြိတ်မြို့** တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။
(ဈ) **ရန်ကုန်မြို့** အထက(၂)၊ မင်္ဂလာဒုံ။
(ည) **ပုသိမ်မြို့** တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။
(ဋ) **အမ်းမြို့** တိုင်းစစ်ဌာနချုပ်၊ အမ်းတောင်ခန်းမ။
(ဌ) **မုံရွာမြို့** အထက(၂)၊ အလုံတပ်ကျောင်း။
(ဍ) **မန္တလေးမြို့** အထက(၁၈)၊ နန်းမြို့။
(ဎ) **တောင်ငူမြို့** တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။

၃။ မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများတွင် ဖြေဆိုကြရမည်။ လျှောက်လွှာတင်သွင်းသူအားလုံး ဝင်ခွင့်စာမေးပွဲဖြေဆိုရန် အတည်ပြုရွေးချယ်သည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့် ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့်ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**
**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**


ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်
MAB
MOBILE BANK
Available on the App Store
GET IT ON Google Play
MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ
Finger Print
Peek Balance
QR Pay
Instant Opening of wallet Account
Bill Payment
Prepaid Topup
P2P QR transfer
မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်
Call Centre
+95 (1) 861 0612

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာမြင့်ရွှေ (၇၄)နှစ်

**(B.D.S), (F.I.C.C.D.E), (Dip. D. Sc), (F.I.C.D)**

**သွားဖက်ဆိုင်ရာဆရာဝန်များအသင်းဥက္ကဋ္ဌ(ငြိမ်း) 1831/1848**

**မေခလာအထူးကုဆေးခန်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ပဒေသာတိုက်နေ (ဦးဘိုကြီး-ဒေါ်အုန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးစံတင်-ဒေါ်လှရီ)တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၁၉)နေ ဒေါက်တာဒေါ်ကြည်ကြည်ဝင်း(မေခလာအထူးကုဆေးခန်း)၏ ခင်ပွန်း၊ ဦးဇာနည်ထွန်း-ဒေါ်ကလျာမြင့်၊ ဦးထက်လှိုင်ဝင်း-ဒေါ်ဇာဖြူမြင့်၊ ဦးပြေဖြိုးမြင့်-ဒေါ်ကေခိုင်နှင်း၊ ဒေါက်တာဇေဖြိုးမြင့်-ဒေါ်အမရာမြတ်၊ ဦးကျော်သူ-ဒေါ်ဥမ္မာမြင့်တို့၏ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဒေါက်တာမြင့်ရွှေသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၇နာရီမှ ၁၀နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်သန်းကြည် (၈၉)နှစ်

Pacific AA Group-AA Medical Products Limited (OTC Department) မှ Brand Manager ဒေါက်တာနန်းရွှေအိမ်စည်၏ချစ်လှစွာသောမိခင်ကြီး ကျောက်မဲမြို့ အမှတ်(၈)ရပ်ကွက်၊ ကုန်းမုံရပ်နေ ဒေါ်သန်းကြည်သည် ၇-၈-၂၀၁၈(အင်္ဂါနေ့) ည ၇း၅၀ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါ၍ မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**OTC Marketing Department**

**AA Medical Products Ltd မိသားစု**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဒေါ်သန်းကြည်(ကျောက်မဲမြို့)

**အသက် (၈၉) နှစ်**

သူငယ်ချင်း ဒေါက်တာနန်းရွှေအိမ်စည်၏ ချစ်လှစွာသောမိခင်ကြီး ဒေါ်သန်းကြည် အသက် (၈၉)နှစ်သည် ၇-၈-၂၀၁၈ရက် (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါ၍ သူငယ်ချင်းမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။ သူငယ်ချင်း၏မေမေ ကောင်းရာသုဂတိလားပါစေ။

**၁၉၉၇ ခုနှစ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်**

**ကျောင်းဆင်းသူငယ်ချင်းများ**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဗိုလ်မှူးကြီးအောင်ကိုး (ငြိမ်း)

**အသက် (၈၄) နှစ်**

Myanmar Brewery Ltd မှ Marketing Director ဒေါ်မြစိမ်းရည်၏ဖခင် ဗိုလ်မှူးကြီးအောင်ကိုး (ငြိမ်း)သည် ၂-၈-၂၀၁၈ရက် နံနက်ပိုင်းတွင် ကွယ်လွန်သွားခြင်းအတွက် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးအောင်ဘ (မိုင်းကိုင်)**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးချိုအေး (ကျောက်ဆည်မြို့)

**အသက် (၇၁) နှစ်**

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

Shwe Taung Group ၏ Technical Advisor ဖြစ်သူ ဦးချိုအေးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာ၊ စက်ရုံမှူးနှင့် ဝန်ထမ်းများ**

**ဘီလူးချောင်းအမှတ်(၃) စက်ရုံ**

**Future Energy Co.,Ltd**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးချိုအေး (ကျောက်ဆည်မြို့)

**အသက် (၇၁) နှစ်**

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

Shwe Taung Group ၏ Technical Advisor ဖြစ်သူ ဦးချိုအေးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အရာရှိချုပ်နှင့်ဝန်ထမ်းများ**

**Shwe Taung Engineering & Construction**

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးချိုအေး

**အသက် (၇၁) နှစ်**

**အင်ဂျင်နီယာချုပ်(ငြိမ်း)**

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင်အမှတ်(၂၉၀) ဦးချိုအေးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

# အနိစ္စ

ရဟန်းဒါယကာကြီး

## ဦးအောင်ကြည်(လက်ပံတန်းမြို့)

**အသက် (၉၄) နှစ်**

လက်ပံတန်းမြို့၊ အမှတ်(၆)၊ ဘုရားငါးဆူလမ်းနေ (ဦးမောင်ညွန့်-ဒေါ်စိန်ဖော့)တို့၏ သား၊ (ဒေါ်ခင်မေ)၏ ခင်ပွန်း၊ ဒေါက်တာအောင်ကြည်ဝင်း (ကလေးအထူးကုဆရာဝန်ကြီး)-ဒေါ်ရွှေစင်(တရားရုံးချုပ်ရှေ့နေ)၊ ဗိုလ်ကြီးတင်မောင်သန်း(ငြိမ်း)-ဒေါ်သန်းသန်းရီ၊ ဦးသက်နောင်(ဒုညွှန်မှူး၊ သစ်တောဦးစီးဌာန-ငြိမ်း)-ဒေါ်စိုးစိုးဦး၊ ဦးငွေးလှိုင် (ဒုထွေမန်နေဂျာ၊ မြို့ပြမြန်မာ့ရထား)-ဒေါ်မူမူသောင်း (အလပြ-ငြိမ်း)၊ ဒေါ်မိမိခိုင်-ဦးသန်းစိန်တို့၏ဖခင်၊ မြေး ၁၃ ယောက်၊ မြစ်လေးယောက်တို့၏ ဘိုးဘိုးကြီးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) ည ၁၀း၄၅နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (စမ်းချောင်းမြို့နယ်၊ ဓမ္မိကဝတီလမ်း၊ အမှတ် ၁၂ နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

## ဦးခိုင်ဇေလတ်

**ဒုတိယနှစ်၊စိတ်ပညာ၊ဒဂုံတက္ကသိုလ်**

**အသက် (၃၉) နှစ်**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်း၊ အောင်မင်္ဂလာလမ်း၊ အမှတ်(၄၆)နှင့် ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြစပါယ်လမ်း၊ အမှတ်(၆၂)နေ (ဦးကျော်လှ-ဒေါ်ဝင်းကြည်)၊ (ဦးရဲဝင်း)-ဒေါ်ကြော့ကြော့ခင်တို့၏မြေး၊ ဦးကျော်လင်းလတ်-ဒေါ်ခိုင်ခိုင်ဝင်း(ခ)ဒေါ်နီလာခင်တို့၏ သား၊ (ဦးကျော်ရင်)-ဒေါ်အေးမြင့်(ခ)ဒေါ်ပုတို့၏သားသမက်၊ [ဦးဖွဲ့ညာဏ်ဟိန်း(ခ)လင်းခိုင်ဦး]၏ညီ၊ ဦးခိုင်သူကျော်-ဒေါ်ငွေးငွေးခိုင်တို့၏ အစ်ကို၊ မောင်နိုင်အောင်လင်း (X မျိုးဂုဏ်ရည် ကိုယ်ပိုင်အထက်တန်းကျောင်း၊ ဇလွန်မြို့)၏ဖခင်သည် ၇-၈-၂၀၁၈ ရက် နံနက် ၉ နာရီတွင် ရန်ကုန် ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ ရက် မွန်းလွဲ ၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ (တနင်္လာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ကိုသီလတင်ဆန်း(B.A-Eng)

**အသက်(၂၆) နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်နေ ဦးတင်ဆန်း-ဒေါ်မြင့်မြင့်သွယ်တို့၏ သား၊ ကိုကျော်ရှိန်း၏ညီ၊ မငြိမ်းသုရှိန်၏အစ်ကို မောင်သီလတင်ဆန်းသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) ၀၀း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၀း၃၀ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ [ကွယ်လွန်သူအားရည်စူး၍ ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၈ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဗိုလ်မှူးကျော်လွင်(ရေ-၁၁၃၄) (ငြိမ်း)

**ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)**

**မွေး/ညွှန်ဦးစီးဌာန၊ မွေး/ရေဝန်ကြီးဌာန**

**(DSA အမှတ်စဉ်-၈)**

**အသက် (၇၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ဓမ္မစေတီလမ်း၊ အမှတ်(၁၂၅/B)နေ (ဦးအောင်သန်း-ဒေါ်မြသိန်း)တို့၏သားကြီး၊ (ဦးစိုးလှိုင်-ဒေါ်ခင်ကြည်)တို့၏သားသမက်၊ ဦးကျော်ဆန်းလွင်-ဒေါ်ခင်သူသူဟန်၊ ဒေါက်တာကျော်ငွေးလွင် (ခွဲစိတ်အထူးကုဆရာဝန်ကြီး၊ ပန်းလှိုင်ဆေးရုံ)-ဒေါ်ဝင်းဝါတင်စိန်၊ ဦးရဲထွဋ်ဝင်း-ဒေါ်တင်မာလွင်၊ ဦးအောင်နိုင်ဦး-ဒေါ်ထက်ထက်အေးတို့၏မွေးသဖခင်၊ မြေးခုနစ်ယောက်တို့၏အဘိုး၊ ဒေါ်လှိုင်မေသန်း၏ချစ်လှစွာသောခင်ပွန်း ဦးကျော်လွင်သည် ၈-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) ညနေ ၆း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၀-၈-၂၀၁၈ (သောကြာနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

---

**ဝမ်းနည်းကြေကွဲခြင်း**

## ဦးကျော်မြသိန်း

**အသက် (၈၃)နှစ်**

**B.S(Engg: Physics),M.S (Maths), M.S (Physics)**

**University of Illinoi, U.S.A**

**ဒုပါမောက္ခချုပ် (ငြိမ်း)၊ ရန်ကုန်ကွန်ပျူတာတက္ကသိုလ်**

**အကြံပေးအရာရှိ(ငြိမ်း)၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**

ချစ်ခင်လေးစားရပါသော ဆရာကြီးဦးကျော်မြသိန်းသည် ၇-၈-၂၀၁၈ ရက် နံနက် ၈း၂၀ နာရီတွင် စင်ကာပူနိုင်ငံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**၁၉၇၃-၈၈ စက်တွေကောလိပ်၊**

**ကျောင်းသား/သူဟောင်းများ(ရန်ကုန်)**

**မှချစ်တပည့်များ**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးချိုအေး (ကျောက်ဆည်မြို့)

**အသက် (၇၁) နှစ်**

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

Shwe Taung Group ၏ Technical Advisor ဖြစ်သူ ဦးချိုအေးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**အုပ်ချုပ်မှုဒါရိုက်တာနှင့်ဝန်ထမ်းများ**

**High Tech Concrete Technology Co.,Ltd**

**member of Shwe Taung Engineering & Construction**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးချိုအေး (ကျောက်ဆည်မြို့)

**အသက် (၇၁) နှစ်**

**အင်ဂျင်နီယာချုပ်(ငြိမ်း)၊ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

Shwe Taung Group ၏ Technical Advisor ဖြစ်သူ ဦးချိုအေးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ဥက္ကဋ္ဌ၊ ဒါရိုက်တာအဖွဲ့နှင့်ဝန်ထမ်းများ**

**Shwe Taung Development Co.,Ltd**

---

**အထူးဝမ်းနည်းကြေကွဲခြင်း**

## ဦးခင်မောင်ဝင်း (B.E-Civil)

**M.O.T, 2nd Class Part-A**

**အသက် (၆၅)နှစ်**

သူငယ်ချင်း ဦးခင်မောင်ဝင်းသည် ၃-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ အထူးဝမ်းနည်းကြေကွဲမိပါသည်။

**R.I.T 1976 (Civil)**

**သူငယ်ချင်းများ**

---

## ဦးအောင်ကြည်(လက်ပံတန်း)

**အသက် (၉၄) နှစ်**

**လက်ပံတန်းမြို့နယ်အသင်း နာယက**

Dr.အောင်ကြည်ဝင်း-ဒေါ်ရွှေစင်နှင့် တွဲဖက်အတွင်းရေးမှူး ဦးတင်မောင်သန်း-ဒေါ်သန်းသန်းရီတို့၏ဖခင် ဦးအောင်ကြည်သည် ၇-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ရက် ညနေ ၃ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသင်းသူ/အသင်းသားများ လိုက်ပါပို့ဆောင်ကြပါရန် နှိုးဆော်အပ်ပါသည်။ (အမှတ်-၁၂၊ ဓမ္မိကဝတီလမ်း၊ စမ်းချောင်း နေအိမ်မှ ကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါမည်။)

အလုပ်အမှုဆောင်အဖွဲ့

လက်ပံတန်းမြို့နယ်အသင်း(ရန်ကုန်)

---

**ကျုံမငေးအသင်း**

**ဒေသခံနာယကကြီး**

## ဦးမြအောင်

**အသက် (၉၀)**

ကျုံမငေးမြို့၊ သီရိဟေမာလမ်း၊ အမှတ်(၃၀)နေ (ဒေါ်ခင်လှ)၏ခင်ပွန်း ဦးမြအောင်သည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂နာရီတွင် ကျုံမငေးသုသာန်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါ၍ ကျုံမငေး အသင်းသူ/သားများအား အသိပေး အကြောင်းကြားအပ်ပါသည်။

အလုပ်အမှုဆောင်အဖွဲ့

ကျုံမငေးအသင်း(ရန်ကုန်)

---

## ဦးခင်မောင်လတ်

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ စဥ့်ငူရပ်ကွက်၊ (၅)ခန်းတွဲ(၁)လမ်းနေ (ဦးကြီးမြင့်-ဒေါ်အုန်းစိန်)တို့၏သား၊ (ဦးတင်အောင်)-ဒေါ်ခင်တုတ်၊ ဦးအောင်သိန်းမြင့်-ဒေါ်တင်မြင့်တို့၏အစ်ကို၊ ဒေါ်ခင်တင့်(မြန်မာ့သြဘာလုပ်ငန်းစု)၊ ဦးသန်းနိုင်ဦး-ဒေါ်နန်းသန်းသန်းဝင်း၊ ဦးကျော်တင့်-ဒေါ်မြလေးနွယ်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုး၊ ဒေါ်ရွှေရင်၏ခင်ပွန်းသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးတင်ထွေး (သာယာဝတီ)

**စွမ်းအင်ဝန်ကြီးဌာန**

**အသက် (၈၁) နှစ်**

(ဦးသန်းမောင်-ဒေါ်မမလေး)တို့၏သား၊ (ဦးအောင်ကျော်)-ဒေါ်တင်အေးတို့၏သားသမက်၊ ရန်ကုန်မြို့၊ လမ်း(၅၀)ကွန်ဒို၊ တာဝါ(B)၊ အခန်း (၄၁၇)နေ ဒေါ်ဘေဘီအုန်း၏ခင်ပွန်း၊ ဦးစိုးလင်း-ဒေါ်ခင်နှင်းဖြူ၊ ဦးဇော်ဇော်ဝင်း-ဒေါ်သက်မာဦး၊ ဦးအောင်အောင်ဝင်း-ဒေါ်စန်းစန်းကြည်၊ ဦးဇော်ဇော်ထွေး-ဒေါ်ပပအောင်တို့၏မွေးသဖခင်၊ မြေးကိုးယောက်တို့၏အဘိုးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၁၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) ကျန်ရစ်သူမိသားစု

---

## ဦးကျော်သောင်း

**အသက် (၇၈)နှစ်**

ကျုံပျော်မြို့၊ မြဝတီရပ်ကွက်၊ ဗိုလ်ချုပ်လမ်း၊ နာရီစင်အနီးနေ ဒေါ်ညွန့်ညွန့်၏ခင်ပွန်း၊ (ကိုကျော်မိုးဦး)-မစမ်းစမ်းအေး၊ ကိုကျော်စိုးမိုး-မစိုးစိုးမော်၊ (ကိုစိုးအောင်ကျော်)-မသိန်းသိန်း၊ မမေဦးခိုင်၊ မနွဲ့ရီဝင်းတို့၏ဖခင်ကြီး၊ မြေးသုံးယောက်တို့၏အဘိုး ဦးကျော်သောင်းသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၀၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် အ. မ. တ ဥယျာဉ်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု

---

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

## ဒေါက်တာမြင့်ရွှေ (၇၄)နှစ်

**(B.D.S), (F.I.C.C.D.E), (Dip. D. Sc), (F.I.C.D)**

**မေခလာအထူးကုဆေးခန်း**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ အောင်မင်္ဂလာရပ်၊ ဗိုလ်ချုပ်လမ်း၊ ပဒေသာတိုက်နေ (ဦးဘိုကြီး-ဒေါ်အုန်းခင်)တို့၏သား၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ရွှေဘုံသာလမ်း၊ အမှတ်(၃၁၉)နေ ဒေါက်တာဒေါ်ကြည်ကြည်ဝင်း (မေခလာအထူးကုဆေးခန်း)၏ ခင်ပွန်း၊ဒေါ်ခင်မကြီး၊ ဦးလှမင်း-(ဒေါ်ခင်မလေး)၊ ဦးရွှေအောင်-ဒေါ်ဝါဝါဝင်းသူ၊ (ဦးရွှေဝင်း)-ဒေါ်အောင်အောင်သန်း၊ ဒေါ်ခင်မငွေး၊ ဒေါ်ခင်မအေးချိုတို့၏အစ်ကိုကြီး ဒေါက်တာမြင့်ရွှေသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၃း၄၀နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမောင်နှမတစ်စု

---

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

## ဦးကျော်စိုး(ခ)ဦးကျော်စိုးလွင်

**အသက် (၇၁) နှစ်**

**လ/ထညွှန်ကြားရေးမှူး-ငြိမ်း၊ ECC**

ရန်ကုန်မြောက်ပိုင်းခရိုင်၊ လှည်းကူးမြို့နယ်နေ (ဦးကံရင်-ဒေါ်အေးရီ)တို့၏သားလတ်၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ သီရိမင်္ဂလာလမ်းသွယ်(၁)လမ်း၊ အမှတ်(၁၃၀)နေ ဒေါ်ခင်စန်းမူ(ခ)ဒေါ်မူမူ၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဇော်နိုင်ထွန်း-မခင်သီတာလွင်၊ ကိုအောင်မျိုးလွင်-မအေးမြင့်ရီ၊ ကိုထင်လင်းစိုးလွင်-မသက်သက်ခိုင်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မရွှေရည်လင်းလက်ခင်၊ မပြည့်ဖူးသက်ခင်၊ မောင်အောင်ခန့်ကိုတို့၏အဘိုးသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) ည ၁၁း၂၀ နာရီတွင် အင်းစိန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ ကျန်ရစ်သူမိသားစု

---

## ဦးခင်မောင်ထွန်း(ဦးဆံနီ) (၆၄)နှစ်

**ဝိဇ္ဇာဘွဲ့(မြန်မာစာ)**

**အထက(၂)လှိုင် ကျောင်းသားဟောင်း၊ ယခင်မြန်မာ့စိုက်ပျိုးရေး**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၈)ရပ်ကွက်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(၃၉)နေ (ဦးထွန်းလှိုင်-ဒေါ်ခင်လှ)တို့၏သားငယ်၊ ဦးခင်မောင်အေး(အထက-၂ လှိုင်၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်-ငြိမ်း)၏ညီ၊ ဒေါက်တာခင်ဆွေအေး(ချောက်မြို့၊ ရေနံဆေးရုံအုပ်ကြီး-ငြိမ်း)၊ ဒေါ်ဖြူဖြူလှိုင် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း-ငြိမ်း)တို့၏မောင် ဦးခင်မောင်ထွန်းသည် ၅-၈-၂၀၁၈ (တနင်္ဂနွေနေ့) ညနေ ၆း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၆-၈-၂၀၁၈ (တနင်္လာနေ့)တွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၁-၈-၂၀၁၈(စနေနေ့) နံနက် ၇နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။] ကျန်ရစ်သူမိသားစု

---

## ဒေါ်ခင်အေး

**လ/ထမန်နေဂျာ(ငွေစာရင်း)၊ ငြိမ်း၊**

**မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း**

**အသက် (၇၀)**

ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဝေဘာဂီမြို့သစ် (၁)ရပ်ကွက်၊ ဘုရင့်နောင်လမ်း၊ အမှတ်(၁/၁၈၇)နေ ဦးအာမှန်း-ဒေါ်ကြင်ငွေတို့၏သမီး၊ (ဒေါ်ကြင်သန်း)၊ [ဦးအောင်ကြိုင်(ခ)ဦးစန်းဟုတ်]-ဒေါ်နွဲ့နွဲ့ရီ၊ ဦးအောင်မောင်း-(ဒေါ်တင်အေး)၊ ဦးကြင်စိန်(ခ)ဦးဟုတ်-(ဒေါ်သန်းမြင့်)တို့၏ ညီမ၊ ဦးတင်အောင်-ဒေါ်လှလှဟန်တို့၏အစ်မ၊ တူ/တူမ ၁၀ ယောက်တို့၏အဒေါ် ဒေါ်ခင်အေးသည် ၈-၈-၂၀၁၈ ရက် နံနက် ၃နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း မိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

---

## ဦးဟန်ကြည် (၇၈)နှစ်

**(ညောင်တုန်း၊ ရွှေဂူကျေးရွာ)**

**တပ်မတော်-ရေ၊ ငြိမ်း**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဝေဠုဝန်(မြောက်)ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၇)နေ (ဦးမောင်ကျော်-ဒေါ်အေးညွန့်)တို့၏သား၊ (ဦးစိုးနိုင်-ဒေါ်သန်းကြည်)တို့၏ သားသမက်၊ ဒေါ်ဖြူဖြူစိုး၊ ဒေါ်ဝါဝါစိုး၊ ကိုသောင်းထိုက်ထူး၊ ကိုအောင်ကိုဦး-မဝင်းဝင်းမာတို့၏ဖခင်၊ ကိုထူးပိုင်ဦး၊ ကိုကျော်ကျော်လင်း-မမြတ်သက်ခိုင်၊ မောင်အောင်ဘုန်းထွဋ်တို့၏အဘိုး၊ မြစ်နှစ်ယောက်တို့၏ဘိုးဘိုးကြီး၊ ဒေါ်ရင်မြင့်၏ခင်ပွန်းသည် ၇-၈-၂၀၁၈ (အင်္ဂါနေ့) ည ၇း၂၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၉-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ နံနက် ၁၁နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၇ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ညှိနှိုင်းအစည်းအဝေး တက်ရောက် အရေးပေါ်ရှာဖွေကယ်ဆယ်ရေး၊ ထောက်ပံ့ကူညီရေးလုပ်ငန်းများအပြီးတွင် ပြန်လည်ထူထောင်ရေး ဆောင်ရွက်ရမည်ဟု ပြောကြား

**နေပြည်တော် ဩဂုတ် ၈**

အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတအိမ်တော် ဒုတိယသမ္မတ ဦးစီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

ညှိနှိုင်းအစည်းအဝေးတွင် ဒုတိယသမ္မတက ၂၀၁၈ ခုနှစ် ဇွန်လနှင့် ဇူလိုင်လအတွင်း ဖြစ်ပွားခဲ့သည့် ရေကြီးရေလျှံမှုများကြောင့် မြန်မာနိုင်ငံအတွင်း တိုင်းဒေသကြီး/ပြည်နယ်အချို့တွင် ရေဘေးအန္တရာယ်ကြုံတွေ့ခဲ့ရပါကြောင်း၊ အထူးသဖြင့်

**စာမျက်နှာ ၆ ကော်လံ ၁ သို့** ❒



ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် အဖွင့်အမှာစကား ပြောကြားစဉ်။

# ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့်အခမ်းအနား ရန်ကုန်တက္ကသိုလ်၌ ကျင်းပ

ရန်ကုန် ဩဂုတ် ၈

**ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့်အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တက္ကသိုလ် အပန်းဖြေရိပ်သာ၌ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။ အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း၊ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) အလုပ်အမှုဆောင်များနှင့် နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံတကာသံရုံးများမှ သံအမတ်ကြီးများ၊ ရှစ်လေးလုံးအရေးတော်ပုံတွင် ပါဝင်ခဲ့ကြသူများ၊ ကျောင်းသားကျောင်းသူများနှင့် ရဟန်းရှင်လူပြည်သူများ တက်ရောက်ကြသည်။**





ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀)ပြည့်အခမ်းအနားတွင် ဦးမင်းကိုနိုင် နှုတ်ခွန်းဆက်စကား ပြောကြားစဉ်။

ရှေးဦးစွာ တိုက်ပွဲဝင် ခွပ်ဒေါင်းအလံအား အလေးပြုပြီးနောက် ခေတ်အဆက်ဆက် ဒီမိုကရေစီတိုက်ပွဲများတွင် ကျဆုံးခဲ့သော ရဟန်းရှင်လူကျောင်းသား ပြည်သူများကို ဦးညွှတ်ဂုဏ်ပြုသောအားဖြင့် ရှစ်စက္ကန့် ငြိမ်သက်ခဲ့ကြသည်။

**နှုတ်ခွန်းဆက်စကား ပြောကြား**

ယင်းနောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့်အခမ်းအနား ဖြစ်မြောက်ရေးကော်မတီကိုယ်စား ဦးမင်းကိုနိုင်က နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

**သဝဏ်လွှာဖတ်ကြား**

ထို့နောက် ရှစ်လေးလုံးဒီမိုကရေစီအရေးတော်ပုံ နှစ်(၃၀) ပြည့်အခမ်းအနားသို့ ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ် ပေးပို့သည့် သဝဏ်လွှာကို ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ် ကျောင်းသားသမဂ္ဂမှ ကိုစည်သူထွန်းက ဖတ်ကြားသည်။

**စာမျက်နှာ ၈ ကော်လံ ၁ သို့** ❖




# သာရဒ မဂ္ဂဇင်း

ထွက်ပြီ

၂၀၁၈ စက်တင်ဘာ
အတွဲ(၁၈)
အမှတ်(၉)

ကျေးဇူးတော်ရှင်မဟာဗောဓိမြိုင်ဆရာတော်ဘုရားကြီး ရေးသားတော်မူသော သံသရာထဲစီးလမ်းပျောက်ကထာစာပေါင်းသိုက် ...



ဖြန့်ချိရေး



## အမည်ပြောင်း

မြိတ်မြို့၊ ကန်စွန်းအင်းကိုယ်ပိုင် အထက်တန်းကျောင်း၊ ပထမတန်းမှ ဦးနေမင်းထွန်း၏သမီး မအမရာနေမင်းအား ယနေ့မှစ၍ မအိန္ဒြေရှင်းသန့်ဟု ပြောင်းလဲခေါ်ဆိုပါရန်။ **မအိန္ဒြေရှင်းသန့်**

## ဖခင်အမည်မှန်

အထက(၆)မြောက်ဥက္ကလာ၊ နဝမတန်း(H)မှ မယွန်းပပအောင်၏ဖခင်အမည်မှန်မှာ ဦးသန့်ဇင်မြင့် (၁၂/ဥကမ(နိုင်)၀၁၆၈၃၃)ဖြစ်ပါသည်။

ဖုန်း Sim Card ဝယ်မည်
**ရဲမင်းထွန်း**
**50/51 - 2 သိန်း**
**73/49 - 3သောင်း**
**Ph: 09-5050261**
**09-5404596**

## ဖခင်အမည်မှန်

မြိတ်မြို့၊ အထက(သဘွတ်)၊ ဒသမတန်း(က)မှ မသဇင်ဝေဝေနှင့် ဆဋ္ဌမတန်း(က)မှ မောင်ချစ်ရအောင်တို့၏ ဖခင်အမည်မှန်မှာ မှတ်ပုံတင်စာရင်းအရ ဦးခင်ဇော်မင်း[၆/မအရ(နိုင်)၁၀၉၃၉၁]ဖြစ်ပါကြောင်း။

**ဦးခင်ဇော်မင်း**

## တစ်ဦးတည်းဖြစ်ပါကြောင်း

ဘုတ်ပြင်းမြို့နယ်၊ အထက(တောင်ဒဂုံ)ကျောင်း၊ ဘုတ်ပြင်းစာစစ်ဌာနမှ ခုံအမှတ် တဘ-၂၈၇ဖြင့် ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းအောင်မြင်ခဲ့သော မဆုသရဖီဦး၏ဖခင် ဦးစောတင်အောင်သိန်းနှင့် ဦးတင်သိန်း [၃/ဘအန(နိုင်)၀၇၉၉၄၀]မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးစောတင်အောင်သိန်း(ခ)ဦးတင်သိန်း**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပုလောမြို့နယ်၊ ပလမြို့နေ (ဘ) ဦးမောင်ကြည်၏သမီးဖြစ်သူ မခင်ချို လက်၏အမည်မှန်မှာ အခြေခံပညာ အထက်တန်းစာမေးပွဲအောင်လက်မှတ်(က)အရ မခင်ချိုဖြစ်ကြောင်းနှင့် မခင်ချို၏ မွေးသက္ကရာဇ်အမှန်မှာ (၂၁-၅-၁၉၇၃) ဖြစ်ပါကြောင်း။

**မခင်ချို**



# "Psychology in Management-Marketing-Education ဘာသာရပ်များအကြောင်း"

National University of Singapore မှ PhD ရရှိထားသော Dr Lidia Suarez မှ ရှင်းလင်းပြောကြားပေးပါမည်

- **What is Psychology?**
  Psychology ဘာသာရပ်ဆိုတာဘာလဲ ..... ဘွဲ့ရပြီးရင် ဘယ်လိုနယ်ပယ်နေရာတွေမှာ အလုပ်လုပ်လို့ရနိုင်လဲ .....
- iGCSE ဖြေဆိုထားသူများ၊ မြန်မာနိုင်ငံမှာ (၁၀)တန်းအောင် ကျောင်းသူကျောင်းသားများအတွက်
  - မြန်မာနိုင်ငံတွင် (၁)နှစ် + စင်ကာပူနိုင်ငံတွင် (၂)နှစ်နေ့တက်ရောက်ပြီး ရယူနိုင်သည့် ထိပ်တန်းသြစတြေးလျဘွဲ့ဒီဂရီများ
  - စိတ်ပညာဘာသာရပ် Psychology နှင့်ဆက်စပ်သည့် Management-Marketing-Education နယ်ပယ်များနှင့် ဆက်စပ်အလုပ်အကိုင်အခွင့်အလမ်းများအကြောင်းကိုပါ ထည့်သွင်းဆွေးနွေးပေးသွားမည်ဖြစ်ပါသည်။



12th AUG 2018
10:00 am - 12:00 pm
NOVOTEL HOTEL

DR. LIDIA SUÁREZ (Senior Lecturer / Head of Academic)
PhD - National University of Singapore (Singapore)

ဖုန်းနံပါတ် - ၀၁ ၅၂၇ ၈၃၈၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၁ ၊ ၀၉ ၄၄ ၅၅ ၆၆ ၇၀၂ ၊ ၀၉ ၄၅၀ ၂၀၀ ၀၈၀

CROWN EDUCATION — YOUR DOOR TO THE FUTURE
ROYAL ACADEMIC INSTITUTE
JAMES COOK UNIVERSITY SINGAPORE — Celebrating 15 YEARS 2003-2018



NUS National University of Singapore | ISS INSTITUTE OF SYSTEMS SCIENCE



# EMBARK ON A 13-MONTH GLOBAL LEARNING JOURNEY

ACCESS GLOBAL INFOCOMM OPPORTUNITIES

## GRADUATE DIPLOMA IN SYSTEMS ANALYSIS (GDIPSA)



" ISS က IT career path အတွက် ကောင်းမွန်တဲ့ အခြေခံအုတ်မြစ်ကို ချပေးပါတယ်။ သင်ရိုးမှာ သီအိုရီနဲ့ လက်တွေ့ကို အချိုးကျကျ ပေါင်းစပ်ထားလို့ လုပ်ငန်းခွင်ဝင်ဖို့ အဆင်သင့်ဖြစ်အောင် ပြင်ဆင်ပေးပါတယ်။ "

Hnin Nu Aye
(GDipSA Intake 27)
Senior Systems Analyst,
Integrated Healthcare
Information System (IHiS)

**ONLINE APPLICATION**

2019 February Intake
Apply by 15 Oct 2018

2019 August Intake
Apply by 15 Apr 2019

## နိုင်ငံတကာ IT အင်ဂျင်နီယာ လိုအပ်ချက်ဖြည့်စည်းရန် သင်ကြားပေးသော ၁၃လကြာ IT သင်တန်း

စင်ကာပူအမျိုးသားတက္ကသိုလ်အတွင်းရှိ Institute of Systems Science (ISS) သည် ဘာသာရပ်တစ်ခုခုဖြင့် ဘွဲ့ရပြီး (IT နည်းပညာနှင့် ဘွဲ့မရရှိသော်လည်း) IT နည်းပညာဖြင့် အသက်မွေးဝမ်းကျောင်း ပြုလိုသူများအတွက်ပါ IT လုပ်ငန်းခွင်ဝင်ရန် ရည်ရွယ်၍ Systems Analysis ပညာရပ်များကို လေ့ကျင့်သင်ကြားပေးသော ကျောင်းတစ်ခု ဖြစ်ပါသည်။ ၁၉၈၁ခုနှစ်မှစတင်ကာ သင်ရိုးညွှန်းတမ်းထဲတွင် လုပ်ငန်းခွင်နှင့် တွဲဖက်လုပ်ဆောင်မှုများကိုပါ ထည့်သွင်းခဲ့ပါသည်။

### NUS-ISS GDIPSA Programme ကို ဘာကြောင့် ရွေးချယ်သင့်သလဲ။

- **လုပ်ငန်းခွင်နှင့် လိုက်လျောညီထွေသော သင်ရိုးညွှန်းတမ်း -**
  လက်တွေ့လုပ်ငန်းခွင်အခြေအနေနှင့် ကိုက်ညီမှုရှိသောသင်ခန်းစာများ၊ လက်တွေ့လုပ်ငန်းများ၊ လေ့ကျင့်ခန်းများနှင့် လက်တွေ့အသုံးချ Projects များပါ တွဲဖက်သင်ယူနိုင်ခြင်း။
- **လက်တွေ့လုပ်ဆောင်မှုများမှတဆင့် သင်ယူခြင်း -**
  အချိန်တိုအတွင်း ထိရောက်သော လေ့ကျင့်မှုများ၊ လက်တွေ့အသုံးချ Projects များ၊ လုပ်ငန်းခွင်သို့အလုပ်သင်အဖြစ် သွားရောက်လုပ်ကိုင်ရခြင်းများမှ အတွေ့အကြုံကောင်းများရရှိနိုင်ခြင်း။
- **အတွေ့အကြုံရင့်ကျက်သော သင်ကြားရေး ဆရာများ -**
  လုပ်ငန်းခွင်အတွေ့အကြုံများစွာရှိသော ဆရာများမှ သင်ကြားပေးခြင်းကြောင့် အဆင့်မြင့်ဆိုင်တီနည်းပညာ အသိပညာများရရှိနိုင်ခြင်း။

INSTITUTE OF SYSTEMS SCIENCE, NUS
+65 6516 7829 | isspostgrad@nus.edu.sg | www.iss.nus.edu.sg/gdipsa | facebook.com/iss.nus

